www.burmeseclassic.com

အောင်မြင်

# GHOST STORY

EXPLORING THE WORLD OF THE UNEXPLAINED



သရဲ တဝဥ်

ချစ်သူများနှင့် တစ္ဆေ

အကယ်ဒမီ ကျိန်စာ

ဘယ်သူသေရဲသလဲ

နံ့ကရိုင်းမယ်တော်

မယုံကြည်နိုင်စရာ တစ္ဆေဓါတ်ပုံများ

ရေအိုင်ထဲကတစ္ဆေ

တံတားပေါ်က စီညှာခွံဆိုးများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
GHOST STORY
သရဲစာစဉ်(၃)/GHOST STORY။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) GHOST STORY



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၃၂၀၉၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၉၀၁၂၁၁

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သိဒ္ဓာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

# GHOST STORY

## မာတိကာ



၁။ မယုံကြည်နိုင်ဖွယ် တစ္ဆေဓါတ်ပုံများ ၆
၂။ အကယ်ဒမီကျိန်စာ ၃၄
၃။ ချစ်သူများနေ့ တစ္ဆေ ၄၈
၄။ တံတားများပေါ်မှ ဝိညာဉ်ဆိုးများ ၇၀
၅။ ပွဲတိုင်းကျော်ပါတဲ့ နံ့ကရိုင်းမယ်တော် ၉၅
၆။ ဝိညာဉ်ပျော်သောအိမ် ၁၂၆
၇။ ရေအိုင်ထဲကတစ္ဆေ ၁၃၂
၈။ ဘယ်သူသေရဲ့သလဲ ၁၄၀


www.burmeseclassic.com

www.burmeseclassic.com

# Unbelievable Ghost Photos

# မယုံကြည်နိုင်ဖွယ် တစ္ဆေဓာတ်ပုံများ





**ကွန်ဘာမီယာမြို့စားကြီး ဝိညာဉ်**
**(Lord Combermere Ghost)**

ဖော်ပြပါဓာတ်ပုံသည်(၁၈၉၁)တွင် ကွန်ဘာမီယာမြို့စားကြီး၏ စာကြည့်တိုက်တွင်း မှတ်တမ်းတင်သူ ဆိုင်ဘဲကော်ဘက်(Sybell Corbet) ရိုက်ယူခဲ့သည့်ဓာတ်ပုံဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကွန်ဘာမီယာမြို့စားတစ္ဆေဝိညာဉ်ပုံ(ဝဲ) နဂ္ဂတာစ်ပုံ(ယာ)

BURMESE CLASSIC .com

ကုလားထိုင်ပေါ်တွင်ထိုင်နေသည့် လူတစ်ဦး၏ ပုံသဏ္ဍာန်ကို မှိန်ဖျော့ဖျော့တွေ့မြင်နိုင်ပါသည်။ ထိုသူ၏ ဦးခေါင်း၊ အကျီင်္ကော်လံနှင့် ကုလားထိုင်လက်တန်းပေါ်တွင် တင်ထားသည့် လက်မောင်းတို့ကို ရှင်းလင်းပီသစွာ မြင်ရပေသည်။

ထိုဝိညာဉ်ပုံရိပ်သည် ကွန်ဘာမီယာမြို့စား၏ တစ္ဆေဝိညာဉ်ဖြစ်သည်ဟု ယုံကြည်ကြသည်။

ကွန်ဘာမီယာမြို့စားသည် ဗြိတိသျှမြင်းတပ်ကို အုပ်ချုပ်ရသည့် အရာရှိတစ်ဦးဖြစ်ပေသည်။ သူသည် စစ်တပ်၏ စစ်ဆင်ရေးများစွာတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့သူလည်းဖြစ်သည်။





ကွန်ဘာမီယာမြို့စား နေထိုင်ခဲ့ရာ အဆောက်အဦးသည် အင်္ဂလန်နိုင်ငံ၊ ချက်ရှိုင်းယားတွင်တည်ရှိပြီး. . ယနေ့ခေတ်တွင် ပြည်ပခရီးသွားများကို ဆွဲဆောင်မှုရှိသည့်နေရာဖြစ်ကာ. . ယခုအခါ ဟိုတယ်အဖြစ်လည်း အသုံးပြုနေပေပြီ။



ကွန်ဘာမီယာမြို့စား

ကွန်ဘာမီယာမြို့စားသည် မြင်းလှည်းမောင်းသူတစ်ဦး၏ တိုက်ခိုက်သတ်ဖြတ်ခြင်းခံရသဖြင့် (၁၈၉၁)တွင် ကွယ်လွန်ခဲ့သည်။

ဖော်ပြပါဓါတ်ပုံ ရိုက်ကူးနေချိန်တွင် ကွန်ဘာမီယာမြို့စား၏ အသုဘကိစ္စကို ၄မိုင်ခန့် ကွာဝေးသည့်နေရာတွင် ဆောင်ရွက်နေချိန်ဖြစ်သည်။

ဓါတ်ပုံရိုက်ကူးသူ ဆိုင်ဘဲကော်ဘက်သည် မှတ်တမ်းအဖြစ်ရိုက်ယူရာတွင် စာကြည့်အခန်းထဲရှိပစ္စည်းများကို အုပ်စုလိုက် ညီညီညာညာ ဖြစ်အောင်ပြုလုပ်ပြီးမှ ဓါတ်ပုံများကို သေသေချာချာချိန်၍ အချိန်(၁)နာရီခန့်ကြာအောင်ရိုက်ကူးခဲ့သည်။

၄ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



# လက်ချောင်း ဆုပ်ကိုင်ထားသည့် တစ္ဆေ

**(Ghostly Grip)**

ဖော်ပြပါ စိတ်ဝင်စားဖွယ်ကောင်းသည့်ဓါတ်ပုံသည် (၂၀၀၀) ပြည့်နှစ်တစ်ဝိုက်က ဖိလစ်ပိုင်၊ မနီလာမြို့ရှိ အီ(စ)ဝုဒ်စီးတီး(EastWood City)တွင် ရိုက်ထားခြင်းဖြစ်သည်။



တစ္ဆေသုတေသနအဖွဲ့၏ ဖော်ပြချက်အရ အလည်အပတ် ခရီးထွက်လာခဲ့ကြသော မိန်းကလေး သူငယ်ချင်းနှစ်ယောက်သည် နွေးထွေးသည့် ညဦးပိုင်းတွင် လမ်းလျှောက်ထွက်ခဲ့ကြသည်။





မိန်းကလေးတစ်ဦးက သူမ၏ နိုကီယာ ၇၂၅၀ လက်ကိုင်ဖုန်း (Nokia 7250, cell phone)တွင်ပါသည့် ကင်မရာဖြင့် လမ်းသွားလမ်းလာတစ်ဦးကို အကူအညီတောင်းကာ သူတို့သူငယ်ချင်းနှစ်ဦး၏ မှတ်တမ်းဓါတ်ပုံကို ရိုက်ယူစေခဲ့ပါသည်။

ဓါတ်ပုံကို ပြန်ကြည့်ကြသည့်အခါ သူတို့ဘေးမှ အမျိုးသမီး တစ္ဆေသည် မိန်းကလေးတစ်ဦး၏ လက်မောင်းရင်းကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီး ယှဉ်လျှောက်ရပ်နေပုံကို တွေ့လိုက်မိ၍ ထိတ်လန့်အံ့ဩမိခဲ့ကြသည်။

ထိုပုံကိုကြည့်ခြင်းဖြင့် တစ္ဆေသည် လက်ကိုင်ဖုန်းကင်မရာ (Cell Phone Camera)ဖြင့် ဓါတ်ပုံရိုက်လျှင် ရနိုင်သည်ဟု သိရပေသည်။

# အက်(စ)အက်(စ)ဝါးတားတောင်းသင်္ဘောမှ တစ္ဆေများ

**(Ghosts of the SS Watertown)**

အက်(စ)အက်(စ)ဝါးတားတောင်း(SS Watertown) ရေနံတင်သင်္ဘောသည် (၁၉၂၄)ဒီဇင်ဘာလတွင် နယူးယောက်မြို့(New York City)မှ ပနားမား(Panama)သို့ ထွက်ခွါသွားချိန်တွင် ကုန်စည်သည့်သည့် သိုလှောင်ခန်းတစ်ခုကို သင်္ဘောသားများထဲမှ ဂျိမ်းကောင့်နေး(James Courtney)နှင့် မိုက်ကယ်မီဟန်(Michael Meehan)တို့သည်




www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးဆောင်ရွက်နေခဲ့ကြသည်။

ထိုစဉ် အခန်းထဲတွင် မတော်တဆထိခိုက်မှုဖြစ်ကာ ဂက်(စ)ငွေ့များ ပန်းထွက်လာသဖြင့် ထိုလူ၂ဦးသည် သေဆုံးခဲ့ရလေသည်။



SS Watertown သင်္ဘောမထွက်ခွာမီပုံ

ထိုခေတ်ထိုအခါက ကျင့်သုံးသည့် ဓလေ့ထုံးတမ်းအရ ဒီဇင်ဘာလ(၄)ရက်နေ့တွင် မက္ကဆီကန်ကမ်းခြေ(Mexican Coast)နှင့် ဝေးကွာသည့် ပင်လယ်ထဲတွင် ထိုသေဆုံးသွားသူနှစ်ဦး၏အလောင်းကို ရေထဲပစ်ချခဲ့ရသည်။

ထိုကဲ့သို့ ရေထဲပစ်ချလိုက်သည့်အတွက် အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်သင်္ဘောသား(၂)ဦးကို နောက်ဆုံးတွေ့မြင်ရခြင်း ဖြစ်သည်ဟု ထိုစဉ်က ကျန်သင်္ဘောသားများ တွေးထင်ခဲ့ကြသည်။

သို့သော် ဤသို့တွေးထင်မှုသည် တကယ်တကယ်စင်အောင်လွဲချော်ခဲ့လေသည်။

ထိုသို့အလောင်းများကို ရေထဲပစ်ချမြှုပ်နှံပြီးသည့် နောက်





တစ်နေ့ နေဝင်ရီတရောအချိန်မတိုင်မီလေးတွင် သင်္ဘောရှိ ပထမ တန်းသင်္ဘောအရာရှိက သင်္ဘော၏ ဘေးဘက် ရေလှိုင်းများထဲတွင် သေဆုံးသွားသည့် သင်္ဘောသား(၂)ဦး၏ မျက်နှာများကို မြင်တွေ့ခဲ့ရကြောင်း ပြောကြားခဲ့လေသည်။

အဆိုပါမျက်နှာ(၂)ခုသည် ရေလှိုင်းများပေါ်တွင် (၁၀)စက္ကန့်ခန့်ပေါ်နေပြီးမှ တဖြည်းဖြည်း မှေးမှိန်၍ ပျောက်ကွယ်သွားသည်ဟု ဆိုသည်။

ထိုအချိန်မှစ၍ ရက်များစွာကြာလာသောအခါ သေဆုံးသွား



ရေလှိုင်းထဲတွင်ပေါ်နေသည့် ဂျိမ်းကောင့်နေနှင့် မိုက်ကယ်မီဟန်၏ တစ္ဆေမျက်နှာများ



www.burmeseclassic.com

www.burmeseclassic.com



သည့် သင်္ဘောသား(၂)ဦး၏ တစ္ဆေမျက်နှာများကို ထိုသင်္ဘော၏ နောက်ပိုင်းရှိရေထဲတွင် တွေ့ခဲ့ကြရကြောင်း အခြားသင်္ဘောသားများ ကပါ ပြောကြသည်။

နယူးအော်လန်(New Orleans)တွင် သင်္ဘောဆိုက်နားသော အခါ သင်္ဘောကပ္ပတိန်ကေ့ထရေစီ(Keith Tracy)က သင်္ဘောခရီးလမ်း တလျှောက်၌ ကြုံတွေ့ခဲ့ရသည့် ထူးထွေဆန်းကြယ် ဖြစ်ရပ်များအ ကြောင်းကို စီတီးဆားဗစ်ကုမ္ပဏီ(Cities Service Company)မှ သူ၏ လုပ်ငန်းရှင်များကို သတင်းပို့ခဲ့သည်။

လုပ်ငန်းရှင်များသည် သင်္ဘောကပ္ပတိန်အား ထိုစိတ်ချောက် ချားဖွယ်ရာကောင်းလှသည့် တစ္ဆေမျက်နှာများကို ဓါတ်ပုံ ရိုက်ယူထား ရန် အကြံပေးခဲ့သည်။

သို့ဖြစ်၍ သင်္ဘောကပ္ပတိန် ကေ့ထရေစီသည် ရေလမ်းခရီး ကို ဆက်လက်မောင်းနှင်လာစဉ်တွင်ကင်မရာကောင်းကောင်း တစ် လုံးကိုဝယ်ယူပြီး အသင့်ဆောင်ထားလိုက်သည်။

ထိုသို့သင်္ဘောဆက်လက်ထွက်ခွာလာရာ သင်္ဘောဘေးဘက် ရှိရေလှိုင်းထဲမှ တစ္ဆေမျက်နှာကြီးနှစ်ခု ထပ်မံပေါ်လာပြန်သည်။

သင်္ဘောကပ္ပတိန် ကေ့ထရေစီသည် ဓါတ်ပုံ(၆)ပုံ ရိုက်ယူ လိုက်ပြီး ကင်မရာနှင့်ဖလင်များကို သင်္ဘောပေါ်ရှိ မီးခံသေတ္တာထဲတွင် ထည့်၍ သိမ်းဆည်းထားလိုက်သည်။

နယူးယောက်မြို့တွင် သင်္ဘောဆိုက်ကပ်သည့်အခါ ရိုက်ယူ လာခဲ့သည့်ဖလင်များကို ကူးဆေးသည်။ ကူးဆေးရာတွင် ကျွမ်းကျွမ်း ကျင်ကျင် ကူးဆေးနိုင်သည့်ဆိုင်တွင် အပ်နှံခဲ့သည်။

ကူးယူရရှိသည့် ဓါတ်ပုံ(၆)ပုံအနက်(၅)ပုံတွင် ထူးခြားမှု မရှိ





ပေ ပင်လယ်ပြင်ကိုသာတွေ့ရသည်။

ကျန်သည့် (၆)ပုံမြောက်ဓါတ်ပုံတွင်မူ ကြမ္မာဆိုးဝင်၍ သေဆုံး ခဲ့သည့် သင်္ဘောသား(၂)ဦး၏ တစ္ဆေမျက်နှာများကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ကြရသည်။

မူရင်းဖလင်များနှင့်ထွက်ပေါ်လာသည့်ဓါတ်ပုံကို အတု လိမ် ထည့်ပြုလုပ်ထားခြင်းရှိ/မရှိသိသာနိုင်ရန် ဘန်း(စ)စုံထောက်အေဂျင် စီ(Burns Detective Agency)သို့ ပေးပို့၍ စစ်ဆေးခဲ့လေသည်။

စစ်ဆေးချက်အရ ဖလင်သည် အစစ်အမှန်ဖြစ်ကြောင်း သိရှိ ခဲ့ရသည်။

ထိုသင်္ဘောတွင် သင်္ဘောသားများ ပြောင်းလဲတာဝန်ထမ်း ဆောင်ကြသောအခါ အဆိုပါတစ္ဆေမျက်နှာများကို မြင်တွေ့ရကြောင်း သတင်းထူးမရှိတော့ပေ။

## ဘုတ်ဟီးသချိုင်းမှတစ္ဆေ

**(The Ghost of Boot hill Cemetery)**

ကလင်တန်သည် အနုပညာဆိုင်ရာမှတ်တမ်းပြုစုသူ၊ ကျေး လက်တောသားဆရာနှင့် ဒဏ္ဍာရီဆန်သော ကလင်တန်ဂိုဏ်း (Clanton Gang)၏ ဦးဆောင်သူလည်းဖြစ်သည်။

ကလင်တန်သည် ဘုတ်ဟီးသချိုင်း (Boothill Graveyard)တွင်



www.burmeseclassic.com

www.burmeseclassic.com

သူ၏မိတ်ဆွေကို ဓါတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်သည်။

ရိုက်ယူထားသည့် ဓါတ်ပုံမှာ အဖြူအမဲပုံဖြစ်သည်။ (၁၈၈၀) ပြည့်နှစ် ဝတ်စားဆင်ယင်မှု၊ ရှေးဟောင်းအနောက်တိုင်းဝတ်စုံပြည့် ဝတ်ဆင်ထားသည့်ပုံကို ရယူမှတ်တမ်းပြုလိုသောကြောင့်ဖြစ်ပေသည်။

ထိုဓါတ်ပုံကို ဒေသရှိ အကုန်အကျသက်သာသည့် စတိုးဆိုင်တွင် ကူးဆေးခဲ့သည်။ ကူးဆေးပြီးဓါတ်ပုံကို မြင်သောအခါ သူအံ့အားသင့်ခဲ့ရသည်။ ဓါတ်ပုံထဲတွင် သချိုင်းထဲ၌ မတ်တတ်ရပ်နေသော သူ့မိတ်ဆွေ၏ လက်ယာဘက်တွင် ဦးထုပ်အနက်ဆောင်းထားသည့် ပိန်ပိန်ပါးပါး လူတစ်ယောက်ကို တွေ့ရှိရသည်မှာ ထူးဆန်းနေသည်။

အရပ်အမောင်းချင်းနှိုင်းယှဉ်၍ လေ့လာကြည့်မိသည့်အခါ ထိုလူသည် ခြေထောက်မရှိသူလည်းဖြစ်နိုင်ပေသည်။

ဒူးထောက်ထိုင်နေသည်လည်းဖြစ်နိုင်သလို မြေကြီးပေါ်မှာ ထိုင်ချနေသည်လည်းဖြစ်နိုင်ပေသည်။

"ကျွန်ုပ် အဲဒီဓါတ်ပုံရိုက်တုန်းက ရိုက်ကွင်းထဲမှာ တခြားဘယ်သူမှမရှိခဲ့ပါဘူး"

သူယုံကြည်ထားသည်မှာ နောက်ဖက်တွင်ပေါ်နေသည့် လူသည် ဓါးတစ်လက်ကို ကိုင်ထားသည်ဟူ၍ ဖြစ်ပေသည်။

"ပထမဆုံး ကျွန်ုပ်တို့ ဓါတ်ပုံကိုကြည့်ကြတုန်းက အဲဒီလူရဲ့ လက်ထဲကာပစ္စည်းကို လည်စီးလို့ ထင်မိတယ်၊ သေသေချာချာ ကြည့်လိုက်တော့မှ ဓါးတစ်လက်ဖြစ်နေပါတယ်

ဓါးက ထောင့်မှန်အနေအထားရှိတယ်၊ ဓါးသွားက ဓါတ်ပုံထဲကလူရဲ့ ညာဖက်အကျႌကော်လံအောက်မှာရှိနေတယ်၊ တကယ်လို့ ဒီဓါတ်ပုံထဲမှာ ထူးခြားချက်ရှိနေတာကို သင်မယုံလို့ရှိရင် ကျွန်ုပ်ရဲ့





မိတ်ဆွေအရိပ်ကို ကြည့်လိုက်ပါ၊ သူ့နောက်ဖက်မှာ အရိပ်ပေါ်နေပါတယ်၊ ဒါပေမယ့် တစ္ဆေပုံရိပ်မှာတော့ အရိပ်ပေါ်မနေပါဘူး"

卐 卐 卐 卐

## လေယာဉ်ပေါ်မှပိုင်းလော့တစ္ဆေ

(The Phantom Pilot)

မစ္စစ်ဆာရာ (Mrs.Sayar)နှင့် မိတ်ဆွေအချို့သည် ၁၉၈၇တွင် အင်္ဂလန်၊ ဆိုမားဆက်(Somerset)၊ ရဲဗာတန်(Yelveton)ရှိ ဖလိ(ထ) အဲယားအမ်း(မ) လေယာဉ်ကွင်း (Fleet Air Arm Station)သို့ သွား



www.burmeseclassic.com

www.burmeseclassic.com




ရောက်လည်ပတ်စဉ်တွင် ဖော်ပြပါ ဓါတ်ပုံကို ရိုက်ယူခဲ့ကြသည်။

ထိုကွင်းထဲတွင် ရပ်နားထားသည့် ရဟတ်ယာဉ်(Helicopter) ပေါ်သို့တက်ထိုင်ကာ တစ်ယောက်တစ်လှည့် ဓါတ်ပုံရိုက်ယူကြမည်ဟု မစ္စစ်ဆာရာတို့ စီစဉ်၍ ဓါတ်ပုံရိုက်ခဲ့ကြသည်။

မစ္စစ်ဆာရာ ရဟတ်ယာဉ်ပေါ်သို့ တက်၍ထိုင်ချိန်၌ သူမ၏ ဘေးရှိ ရဟတ်ယာဉ်မောင်းသူ(Pilot)၏ ထိုင်ခုံသည် လွတ်နေသည်မှာ သေချာသည်။

သူမ၏ဓါတ်ပုံရလာသောအခါ သူမ၏ ထိုင်ခုံနှင့်ကပ်ရက်ရှိ ရဟတ်ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်တွင် ရှပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသူ တစ္ဆေ ထိုင်နေသည်ကို ထင်ထင်ရှားရှားတွေ့မြင်ခဲ့ရ၍ အံ့သြ







ခဲ့ရသည်။

သူမသည် ထိုဓါတ်ပုံကို စိတ်ပိုင်းဆိုင်ရာ သုတေသနအသင်းသို့ပို့၍ စုံစမ်းမှုပြုခဲ့သည်။

မှတ်မှတ်ရရ ရှိခဲ့သည်မှာ ထိုနေ့က နေပူသည့်နေ့ဖြစ်သော်လည်း သူမသည် ရဟတ်ယာဉ်ပေါ်၌ ထိုင်နေစဉ် အေးစိမ့်နေမှုကို ခံစားခဲ့ရခြင်းဖြစ်သည်။

ထိုရဟတ်ယာဉ်သည် ဖော့ကလန်စစ်ပွဲ(Falklands War)၌ အသုံးပြုခဲ့သည်။ သို့သော် လေကြောင်းတိုက်ပွဲ၌ လေယာဉ်မှူးသေဆုံးခြင်း ရှိ/မရှိကိုမူ မသိရပါချေ။

## ဆဲဗင်းဂေဘယ်မှ တစ္ဆေ

(Ghost of the Seven Gables)

မက်ဆာချူးဆက်(Massachusetts)ပြည်နယ်၊ ဆလမ်(Salem)အရပ်သည် အမေရိကန်လူမျိုးစာရေးဆရာ နေသီယယ်ဟော့သွန်း(Nathaniel Hawthorne)၏ မွေးဖွားရာဇာတိမြေဖြစ်သည်။ [illegible]င်နေရာတစ်ခုဖြစ်သော သူ၏ ဆဲဗင်းဂေဘယ်အိမ်(House of the Seven Gables)ကို အမှတ်တရဓါတ်ပုံရိုက်ယူခဲ့ပါသည်။

ထို့ဓါတ်ပုံထဲတွင် သစ်သားခြံစည်းရိုးပေါ်မှ စူးစူးစိုက်စိုက် ကြည့်နေသည့် ယောက်ျားလေးတစ္ဆေပုံရိပ်ကို ထူးထူးဆန်းဆန်း တွေ့




www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဆိုပါကလေးငယ်သည် ခြံစည်းရိုးအောက်ရှိ ချုံပုတ်တွင်း၌ ပုန်းနေပုံရသည်။



ထိုဓါတ်ပုံထဲ၌ ပေါ်နေသည့် ယောက်ျားလေးတစ္ဆေပုံနှင့် ပတ်သက်၍ အံ့အားသင့်စရာအကောင်းဆုံးအကြောင်းအရာ တစ်ခုရှိခဲ့ပေသည်။

ဓါတ်ပုံရိုက်ယူခဲ့သည့် လီဆာဘီ(Lisa B)သည် ထိုဓါတ်ပုံ ရိုက်ယူပြီးသည့်နောက်ပိုင်းရက်များတွင် စာရေးဆရာနေသီယယ်ဟော်






သွန်းနှင့် သူ၏အိမ်အကြောင်းကို လေ့လာသုတေသနပြုဖြစ်ခဲ့သည်။

သူမသည် စာကြည့်တိုက်ထဲတွင် လိုချင်သည့်စာအုပ်ကို ရှာဖွေနေစဉ် သူမဖတ်ရှုလိုသော စာရေးဆရာနေသီယယ်ဟော်သွန်း ရေးသားသည့် စာအုပ်များစွာကို တွေ့ရှိရလေသည်။

သူမသည် တွေ့ရှိရသည့် စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဆွဲသော၍ ဖတ်ရှုခဲ့သည်။ ထိုစဉ်တွင် မမျှော်လင့်ပဲ စာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။

ဘအုပ်မှာ (၁၈၅၁)ခုနှစ်က စာရေးဆရာ နေသီယယ်ဟော်သွန်း ရေးသားခဲ့သည့် "ဂျူလီယန်နှင့် ရက်ပေါင်း ၂၀ နှင့် ယုန်ကလေး" (Twenty Days with Julian & Little Bunny by PaPa) ဖြစ်သည်။




စာအုပ်မျက်နှာဖုံးနှင့် ဆဲဗင်းဂေဘယ်အိမ်ဝန်းအတွင်းမှ ယောက်ျားလေးတစ္ဆေပုံ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ရှေ့ဖုံးနှင့်ကျောဖုံးကို အထပ်ထပ်ကြည့်မိသည်။

စာအုပ်၏အတွင်းစာမျက်နှာများကိုလည်း အသေအချာ လှန်လှောကြည့်သည်။ သူမမျက်စေ့အမြင်မှားသည်တော့မဖြစ်နိုင်ပါ။

သေချာအောင်ထိုစာအုပ်၏ မျက်နှာဖုံးကိုတစ်ခေါက်ပြန်ကြည့်မိပြန်သည်။ ထိုစာအုပ်၏ မျက်နှာဖုံးတွင် ရေးဆွဲထားသည်မှာ စာရေးဆရာ နေသီယယ်ဟော်သွန်း၏ (၅)နှစ်အရွယ် သားဖြစ်သော ဂျူလီယန် (Julian)၏ ပုံတူပန်းချီဖြစ်သည်။

ထိုပုံသည် လီဆာဘီ (Lisa B) ရိုက်ကူးခဲ့သည့် ဓါတ်ပုံထဲတွင် ပေါ်နေသည့် ယောကျာ်းလေးတစ္ဆေ၏ပုံနှင့် တထေရာတည်း တူနေလေသည်။ လီဆာဘီသည် အံ့ကြတုန်လှုပ်မှုများစွာဖြင့် စာအုပ်ကို ငှားခဲ့လေတော့သည်။

၅ ၅ ၅ ၅

## ဖရက်ဒီဂျက်ဆင်
### (Freddy Jackson)

ဖော်ပြပါစိတ်ဝင်စားဖွယ်ကောင်းသည့်ဓါတ်ပုံသည် (၁၉၁၅) တွင် ရိုက်ကူးထားခဲ့ခြင်းဖြစ်သည်။

အဆိုပါဓါတ်ပုံကို အငြိမ်းစားအရာရှိတစ်ဦးဖြစ်သူ ဆာဗစ်တာဂေါ့ဒတ်(Sir Victor Goddard)သည် (၁၉၇၅)တွင် ပထမဦးဆုံး အကြိမ် ထုတ်ဖော်ပြသခဲ့သည်။







ဓါတ်ပုံမှာ ဆာဗစ်တာဂေါ့ဒတ်၏ လေတပ်တပ်ခွဲကို အုပ်စု ထိုင်စေသည်း၍ ရိုက်ယူထားခြင်းဖြစ်သည်။

ထိုတပ်ခွဲသည် ပထမကမ္ဘာစစ်အတွင်းက လေ့ကျင့်ရေးဌာန (HMS Daedalus)တွင် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်သည်။

ဓါတ်ပုံ၏ ဘယ်ဘက်အစွန်ဆုံးလေးယောက်မြောက် အရာရှိ၏ နောက်တွင်ကယ်လျက်ရပ်နေသူမှာ လွန်ခဲ့သော (၂)ရက်က လေယာဉ်တောင်ပံနှင့် မတော်တဆ ထိခိုက်မှုဖြစ်ပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့သည့် လေယာဉ်စက်ပြင်တစ်ဦးဖြစ်သော ဖရက်ဒီဂျက်ဆင် (Freddy Jaackson)၏ မျက်နှာဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူ၏ အသုဘကိစ္စသည် အဆိုပါဓါတ်ပုံရိုက်ယူသည့်နေ့တွင်ပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လေတပ်တပ်ခွဲအဖွဲ့သားများသည် ဓါတ်ပုံထဲပေါ်နေသော ဂျက်ဆင်(Jackson)၏ မျက်နှာကို လွယ်လွယ်ကူကူဖြင့် မှတ်မိကြလေသည်။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ကောက်ချက်ချခဲ့ကြသည်မှာ ကွယ်လွန်သွားသည့် ဂျက်ဆင်သည် သူသေဆုံးသွားသည်ကို အာရုံမပြုမိဘဲ လေတပ်တပ်ခွဲအုပ်စုလိုက် ဓါတ်ပုံရိုက်ကြသောအခါ အုပ်စုထဲတွင် သူပါဝင်အရိုက်ခံခဲ့ခြင်းဖြစ်ပေသည်။

## အားလပ်ရက်ပါတီမှ တစ္ဆေ

**(Vacation Party Ghost)**

ဖော်ပြပါဓါတ်ပုံသည် ဩစတြီးယား(Austria)၊ မောရက် (Maurach)ရှိ ဗီယာဂျက်ရက်ဇီတင်ဟော်တယ် (Hotel Vierjahreszeiten)တွင် (၁၉၈၈)၌ ရိုက်ယူထားခဲ့သည့် ပုံဖြစ်သည်။

အားလပ်ရက်ရှည်တွင် အနားယူအပန်းဖြေခရီး ထွက်လာကြသူများစွာသည် ဟိုတယ်တွင် နှုတ်ဆက်ပွဲကျင်းပပြီး စုစုဝေးဝေးဖြင့် အုပ်စုဓာတ်ပုံရိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ပါတီတွင် မစ္စတာတော့(Mr. Todd)သည် ကန်နွန်(Canon) အမျိုးအစားကင်မရာကို စားပွဲနား၌ထောင်၍ လူအုပ်စုဖက်သို့ ချိန်ရွယ်ထားလိုက်သည်။

(ဖော်ပြထားသည့် ဓါတ်ပုံအောက်ဖက်၌ စားပွဲသည် အဖြူရောင်အခင်း ခင်းထားသောကြောင့် အဖြူစင်းပေါ်နေပေသည်။)

မစ္စတာတော့သည် ကင်မရာတွင် အလိုအလျောက်အချိန်ကိုက်ခိုက်သည့်ခလုတ်ကို နှိပ်လိုက်ပြီး သူ၏ စားပွဲရှိရာသို့ အမြန်ပြန်၍ ထိုင်နေလိုက်သည်။

ကင်မရာသည် အသံမြည်ပြီး ရိုက်ကူးမှုပြုသော်လည်း မီးမလင်းခဲ့။

သို့ဖြစ်၍ မစ္စတာတော့ ကင်မရာကို ဒုတိယအကြိမ် ခလုတ်နှိပ်ပြန်သည်။ ဤအကြိမ်တွင် ကင်မရာမှ မီးလင်းခဲ့သည်။

ဖလင်ကို ကူးဆေးပြီးနောက် အဖွဲ့သားများသည် ဓါတ်ပုံများကို ဝိုင်းဝန်းကြည့်ရှုခဲ့ကြသည်။

မီးမပွင့်သည့်ရိုက်ချက်မှ ထွက်လာသည့် ဓါတ်ပုံထဲတွင် အုပ်စုထဲ၌ မပါရှိသည့်သူ၏ မှုန်ဝါးဝါးမျက်နှာကို တွေ့ရှိခဲ့ကြသည်။

၎င်းဓါတ်ပုံနှင့် ဒုတိယအကြိမ်မီးပွင့်ပြီးထွက်ပေါ်လာသည့် ဓါတ်ပုံကို ယှဉ်ကြည့်က သိသာပါသည်။

အုပ်စုတွင်ပါဝင်ကြသူအားလုံးသည် ထိုဓါတ်ပုံထဲ၌ အပိုပါလာသည့် မျက်နှာပိုင်ရှင်အမျိုးသမီးတစ္ဆေကို မသိကြပေ။

သူမ၏ တစ္ဆေပုံရိပ်သည် ဓါတ်ပုံထဲတွင် မည်သို့ပါဝင်လာသည်ကိုလည်း မစဉ်းစားတတ်ကြပေ။

တစ္ဆေအမျိုးသမီး၏ မျက်နှာသည် အခြားသူများ၏ မျက်နှာနှင့်ယှဉ်ကြည့်ပါက အလွန်ကြီးမားနေသည်ကိုလည်း လေ့လာတွေ့ရှိ




www.burmeseclassic.com

www.burmeseclassic.com





ရသည်။ ထိုသို့ဖြစ်ခြင်းမှာ. . သူမသည် ကင်မရာနှင့်အနီးကပ်ထိုင်၍ မဟုတ်ပေ။





ဖော်ပြပါ ဓါတ်ပုံတွင် မြင်တွေ့ရသည်မှာမူ ကြီးမားလှသော အမျိုးသမီးမျက်နှာကြီးမှာ တစ္ဆေပုံရိပ်ပင် ဖြစ်ပေတော့သည်။

## နယူးဘိုင်ဘုရားရှိခိုးကျောင်းမှတစ္ဆေ
### Specter of Newby Church

ဖော်ပြပါဓါတ်ပုံသည် အင်္ဂလန်နိုင်ငံ ယော့(ခ)ရှိုင်းယားနယ် မြောက်ပိုင်း(North Yorkshire)ရှိ နယူးဘိုင်ဘုရားရှိခိုးကျောင်း (Newby Church)တွင် (၁၉၆၃)၌ ခရစ်ယာန်ဘုန်းကြီး(K.F. Lord)ရိုက်ယူခဲ့ခြင်း ဖြစ်သည်။

ထိုဓါတ်ပုံသည် ရိုက်ကူးမှုအလွန်ကောင်းမွန်သဖြင့် ဓာတ်ပုံကို ကြည့်ကြသူများကို အငြင်းပွားမှုဖြစ်စေလေသည်။


ဓါတ်ပုံထဲတွင် ပါရှိသူသည် ဖုံးအုပ်ထားသော မျက်နှာနှင့် ကင်မရာရှိရာသို့ တိုက်ရိုက်ကြည့်နေပုံမှာ ထိုအနေအထားနှင့် ပတ်သက်၍ မေးခွန်းထုတ်ဖွယ်ဖြစ်ခဲ့သည်။

ဓါတ်ပုံရိုက်ကူးရာတွင် အလင်းပေးမှုကောင်းခြင်းကြောင့် ဤသို့သော ရုပ်ပုံထင်ခြင်းပေလော။

ဓါတ်ပုံထဲတွင်ပါရှိသည့် တစ္ဆေပုံရိပ်သည် အင်္ကျီနှင့်တစ်ဆက်တည်းတွဲချုပ်ထားသည့် ခေါင်းစွပ်ကိုဝတ်ဆင်၍ ဝတ်ရုံဂါဝန်ရှည်ကို ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထိုတစ္ဆေသည် လှေကားထစ်ထက်တွင်ရပ်လျက် ဘုရားရှိခိုးကျောင်းရှိ မုန့်နှင့်စပျစ်ရည်တို့ကို ဆက်ကပ်သည့် စားပွဲရှိရာသို့ သွားနေပုံပေါ်သည်။

ဓါတ်ပုံကိုကြည့်စမှာမူ ထိုတစ္ဆေပုံရိပ်သည် အလင်းရောင်ပညာဖြင့် ဖန်တီးထားသည်ဟု ထင်မှတ်ရသည်။

သို့သော် အဆိုပါဓါတ်ပုံကို ဓါတ်ပုံပညာကျွမ်းကျင်သူများနှင့် စစ်ဆေးကြည့်စေသောအခါ ထိုတစ္ဆေပုံသည် အလင်းအမှောင်ဖြင့် ဖန်တီးပေးခြင်းမဟုတ်ဘဲ မူလဖလင်တွင်ပင် ထင်နေသည့် တစ္ဆေပုံအစစ်ဖြစ်ကြောင်းသိရှိခဲ့ရသည်။

ထိုဓါတ်ပုံကို ရိုက်ယူခဲ့သည့် ဘုန်းကြီး(K.F. Lord)က ပြောပြသည်မှာ သူသည် မုန့်နှင့်စပျစ်ရည် ဆက်ကပ်သည့်စားပွဲကို အမှတ်တရ ဓါတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က လှေကားထစ်တွင် မည်သည့်အရာမှမရှိခဲ့ပါဟူ၍ ဖြစ်သည်။

ဓါတ်ပုံရိုက်ယူပြီး ဖလင်ကိုကူးဆေးပြီးသည့်အခါမှ ထိုဓါတ်ပုံထဲတွင် ခေါင်းစွပ်စွပ်ထားပြီး ဝတ်ရုံရှည်ဝတ်ဆင်ထားသည့် တစ္ဆေပုံရိပ်ပါဝင်နေကြောင်း တွေ့မြင်ခဲ့ရခြင်းဖြစ်ပေသည်။

နယူးဘိုင် ဘုရားရှိခိုးကျောင်းသည် (၁၈၇၀)ပြည့်နှစ်တွင် ဆောက်လုပ်ခဲ့သည်။

ထို့အပြင် ဘုရားရှိခိုးကျောင်းတွင် တစ္ဆေရှိသည့် သမိုင်းအစဉ်အလာ မရှိခဲ့ပေ။

ထိုဘုရားရှိခိုးကျောင်းတွင် တစ္ဆေခြောက်ခြင်း၊ အခြား ထူးဆန်းသည့် ပရလောကသားကို တွေ့မြင်ရခြင်းမျိုးကိုမည်သူမျှ မကြုံကြိုက်ဘူးခဲ့ပါ။





ဖော်ပြထားသည့် ဓါတ်ပုံထဲတွင်ပါရှိသည့် တစ္ဆေ၏အရပ်မှာ …နှင့်ညီသည်ဟု အချိုးအစားအရ ခန့်မှန်းနိုင်သဖြင့် ထိုတစ္ဆေသည် …သူပြစ်သနည်း။ မည်သို့ရောက်ရှိလာသနည်း ဆိုသောမေးခွန်းများ … အတွေးဝက်ဘာတွင် ဝဲလှည့်နေပေသည်။

၄ ၄ ၄ ၄

# ဘွား…တစ္ဆေ
(…'s Ghost)

ဖော်ပြပါဓါတ်ပုံသည် ဒဲနစ်ရပ်ဆဲ(Denise Russell)ထံမှ ရရှိ…သည်။ သူမက ထိုဓါတ်ပုံကိုပြ၍ ပြောခဲ့သေးသည်။

"ဓါတ်ပုံထဲက အမျိုးသမီးကြီးက ကျွန်မရဲ့ဘွားဘွားပေါ့"

ဒဲနစ်ရပ်ဆဲက သူမ၏ဘွားဘွားအကြောင်းကို ပြည့်ပြည့်စုံစုံ …ပြောပြခဲ့ပေသည်။

"ဘွားဘွားကအသက် ၉၄နှစ်အထိ သူမတစ်ယောက်တည်း … ဘွားဘွားရဲ့စိတ်အားငယ်လာတဲ့အခါမှာ နွေးနွေးထွေးထွေး …နေထိုင်ရအောင် အကူအညီရနိုင်မဲ့အိမ်ကို ပြောင်းရွှေ့နေ…ပါတယ်"

"ဘွားဘွားက ကျန်းကျန်းမာမာရှိနေတာလား"

"ဟုတ်ပါတယ်၊ ဘွားဘွားက ကျန်းမာပါတယ်"

"အဲဒီတုန်းက သီတင်းပတ်အကုန်ပိုင်းမှာ အိမ်ရှင်နဲ့သူတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံး ပျော်ပွဲစားထွက်ခဲ့ကြပါတယ်။ ကျွန်မရဲ့မေမေနဲ့ ညီမလေးတို့လဲ အဲဒီပျော်ပွဲစားထွက်တဲ့အခါ လိုက်ပါခဲ့ကြပါတယ်။ အဲဒီ [illegible] ညီမ[illegible] အမှတ်တရဓါတ်ပုံ(၂)ပုံရိုက်ခဲ့ပါတယ်။ [illegible] ညီမလေးရိုက်ခဲ့တဲ့ဓါတ်ပုံတစ်ပုံပေါ့"

"ဓါတ်ပုံရိုက်ခဲ့တာ ကြာပြီလား"

"အဲဒီဓါတ်ပုံကို ရိုက်ခဲ့တာ (၁၉၉၇)၊ ဩဂုတ်လ (၁၇)ရက် တနင်္ဂနွေနေ့ပါ"

"အဲဒီဘွားဘွားရဲ့ နောက်မှာ တွေ့ရတဲ့တစ္ဆေပုံရိပ်က ဘယ်သူလဲ"

"(၁၉၈၄)ဩဂုတ်လ (၁၄)ရက် တနင်္ဂနွေနေ့က ကွယ်လွန်သွားခဲ့တဲ့ ဘွားဘွားရဲ့ယောကျ်ား ကျွန်မတို့ရဲ့ဘိုးဘိုးပါ"

"အဲဒီလို ဘွားဘွားနောက်ရပ်နေတဲ့ တစ္ဆေပုံရိပ်ကို သတိပြုမိတာဘယ်တုန်းကလဲ"

ဒဲနစ်ရပ်ဆဲက အကြောင်းအရာစုံစုံလင်လင်ပြောပြသည်။

"ကျွန်မရဲ့ ညီမလေးက သူရိုက်ခဲ့တဲ့ ဘွားဘွားရဲ့ ဓါတ်ပုံက ကောင်းတယ်ဆိုပြီး ဘွားဘွားရဲ့ဓါတ်ပုံတစ်ပုံကို ကူးပြီး မေမေတို့ကို ပေးထားပါတယ်။ ဒါပေမဲ့ အမှတ်တမဲ့ပဲကြည့်ပြီး ဓါတ်ပုံကို စာအုပ်ထဲမှာထားလိုက်ကြတာ ၃နှစ်လောက် ကြာသွားပါတယ်. . .

ကျွန်မတို့ အဲဒီဓါတ်ပုံထဲမှာပါတဲ့ တစ္ဆေပုံရိပ်ကို (၂၀၀၀)ပြည့်နှစ် ခရစ္စမတ်နေ့အထိ သတိမပြုမိခဲ့ကြပါဘူး။ အဲဒီနှစ်က ဘွားဘွား ကွယ်လွန်ခဲ့ပြီးပါပြီ။ ကျွန်မတို့ရဲ့မိဘတွေနေတဲ့အိမ်မှာ မိသားစုဓါတ်ပုံတွေစုကြပြီး လိုနေတဲ့ဓါတ်ပုံကို ဖြည့်ပြီးထည့်ဖို့ စီစဉ်ခဲ့ကြပါတယ်. .

(၂၀၀၀)ပြည့်နှစ် ခရစ္စမတ်နေ့မှာ ကျွန်မတို့ မိဘတွေရဲ့အိမ်







[illegible]ဒေးဝေးရောက်တော့မှ ဓါတ်ပုံတွေကိုပြန်ကြည့်ဖြစ်တာ၊ အဲဒီ [illegible] ဘွားဘွားရဲ့နောက်မှာရပ်နေတဲ့သူဟာ ဘိုးဘိုးရဲ့ တစ္ဆေဝိညာဉ် [illegible] အသေအချာသိလိုက်ရတာပါ"


ဘိုးဘိုး၏ သံယောဇဉ်ကား ကြီးမားလွန်းလှပေစွ။ ။

**Unbelievable Ghost Photos**



www.burmeseclassic.com

www.burmeseclassic.com






“အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး ဆောင်ဆု-အော်စကာဆု-အကယ်ဒမီဆု”ကို ရယူပိုင်ဆိုင်နိုင် ည် သရုပ်ဆောင်အမျိုးသားဇာတ်လိုက်နှင့် အမျိုးသမီးဇာတ် များအနေဖြင့်. . သူတို့၏ သက်မွေးဝမ်းကျောင်းပညာရပ်တွင် သည့် အဆင့်တစ်ခုတွင် ရပ်တည်ပြလိုက်ခြင်း ဖြစ်ပေသည်။

ထိုနည်းတူစွာ ရှုမြင်ကြရသည့် ပရိတ်သတ်များအနေဖြင့် သရုပ်ဆောင်သူများ၏ ထူးချွန်ပြောင်မြောက်မှုကို အသိအမှတ်

www.burmeseclassic.com

www.burmeseclassic.com





ပြုကြခြင်းဖြစ်ပေသည်။

သို့သော် . . . သရုပ်ဆောင်အမျိုးသမီး တစ်ဦးသည် အကယ်၍ "အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု-အော်စကာဆု" ကို လက်ခံရရှိပါက သူမ၏ အချစ်ရေး၊ အိမ်ထောင်ရေးတို့ ပြိုကွဲတတ်သည် ဟူသော အကယ်ဒမီကျိန်စာသည် ပရိတ်သတ်ကို စိတ်ဝင်စားစေခဲ့ပါသည်။

အိမ်ထောင်ဖက်ချင်း၊ ချစ်သူချင်း၊ ဘဝလက်တွဲဖော်ချင်း လမ်းခွဲကြသည့်ပြဿနာသည် ရှေးရိုးစဉ်လာအစဉ်အဆက်ကပင် ဖြစ်လေ့ဖြစ်ထရှိခဲ့သော ဟောလီဝုဒ်၏ ခါးသက်သော ဖြစ်ရပ်များပေတည်း။

ယေဘုယျလူမှုရေးစံတစ်ရပ်အနေဖြင့် အမျိုးသားတစ်ဦးသည် သူ၏ ဇနီးမယားထက် သာလွန်သည့် သက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ရှိရန်လိုအပ်သည်။

လက်တွဲဖော်အများစုသည် တန်ဖိုးစနစ်ကို သေချာစွာဆန်းစစ်မှု မရှိတတ်ကြပေ။

ထိုအခြေအနေတွင် တန်ဖိုးစနစ်ကို သေချာစွာဆန်းစစ်မှု မရှိသော အိမ်ထောင်ရှင်အမျိုးသား

တ် အိမ်ထောင်ရှင် အမျိုးသမီးသည် အိမ်ထောင်ဦးစီး(ဖခင်) သည့် လူမှုအဖွဲ့အစည်းကို ယုံကြည်လက်ခံထားသည့်အတွက် ရာရာတွင် အိမ်ထောင်ရှင်အမျိုးသားကသာ သာလွန်ရမည် လက်ခံထားခြင်းမျိုး ရှိနိုင်ပေသည်။

သို့ဖြစ်၍ ယေဘုယျ လူမှုရေးစံနှုန်းကို ဖောက်ဖျက်လာ ါတွင် ခင်ပွန်းဖြစ်သူရော ဇနီးဖြစ်သူပါ စိတ်ကသိကအောက် င်တ်မချမ်းမြေ့မှုကို ကြုံတွေ့ရတတ်သည်။

ဖော်ပြပါ ခံစားချက်မျိုးကို ဇနီးမောင်နှံနှစ်ဦးလုံး ခံစားရသည် နိုင်ဖြစ်နိုင်ပါသည်။

ည်သူကပို၍ တောက်ပလင်းလက်သည်။

ည်သူက ပရိတ်သတ်၏အကြိုက် ပို၍ ရေပန်းစားသည်။

ဤသို့သော မတူညီသည့်ဖြစ်ရပ်များစွာကို သရုပ်ဆောင် တွင် ကြုံတွေ့ရတတ်သည်မှာ ဓမ္မတာဖြစ်သည်။

သရုပ်ဆောင်လင်းလက်ကြယ်တိုင်းတွင် အတ္တမာန ကိုယ်စီ ည်မှာလည်း အမှန်မလွဲပေ။

ွန်ခဲ့သည့် (၁၂)နှစ်ခန့်ကတည်းက. . အကောင်းဆုံး အမျိုး ရုပ်ဆောင်ဆုကို လက်ခံရရှိခဲ့ကြသည့် သရုပ်ဆောင်များသည် ၏ ခင်ပွန်း၊ ၎င်းတို့၏ အမျိုးသားမိတ်ဆွေ၊ ၎င်းတို့၏ ချစ်သူတို့ ခဲ့ကြသည်မှာ ဆုယူပြီးသည့်အချိန်ကာလနှင့် လများစွာ ခဲ့ပေ။

ယခင်နှစ်က အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ရရှိ ဒရာဘူးလော့(ခ)(Sandra Bullock) နှင့် အော်စကာဆုရှင် င်းစလက်(Kate Winslet)တို့၏ မေတ္တာဇာတ်လမ်းများသည်



www.burmeseclassic.com


www.burmeseclassic.com




ဟောလီဝုဒ်(Hollywood)၏ (၂၀၁၁)ခုနှစ် အသဲကွဲဇာတ်လမ်းများ
တွင် ပါဝင်သွားခဲ့သည်။ (၁၉၉၈)မတ်လဆီသို့ နောက်ကြောင်းပြန်
ကြည့်ရပေတော့မည်။

♥ မင်းသမီး ဟဲလင်ဟန့် (Helen Hunt)သည် (As Good As
Gets)ရုပ်ရှင်ကားအတွက် အကယ်ဒမီဆုရရှိခဲ့ချိန်တွင် သူမ၏ ချစ်သူ
ဟန့်(ခ)အဇရီးယား (Hank Azaria)ကို ကျေးဇူးတင်ခဲ့သည်။

သူမ၏ချစ်သူ ဟန့်(ခ)အဇရီးယားကို 'ကျွန်မသိသမျှ လူ
ထဲမှ အကောင်းတကာ့အကောင်းဆုံးလူ' ဟု ထုတ်ဖော် အသိအမှတ်
ပြုခဲ့သည်။ သို့အတွက် မင်းသမီးသည် သူ့ချစ်သူကို နောက်တစ်နှစ်တွင်



လက်ထပ်ခဲ့သည်။ သူမတို့ လက်
ထပ်ပြီး (၆)လအကြာတွင် နှစ်ဦး
သဘောတူ ကွာရှင်းခဲ့လေသည်။







နောက်နှစ်များတွင် 'အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်'
(The Best Actress)ဆု လက်ခံရရှိခဲ့ကြသည့် မင်းသမီးများ၏ အချစ်
ရေး အိမ်ထောင်ရေးတို့သည်လည်း အစဉ်အတိုင်း ပျက်စီးခဲ့ကြပေ
သည်။

♥ ဂွိုင်နက်(သ)ပါထရိုး (Gwyneth Paltrow) သည် (၁၉၉၉)တွင်
(Shakespeare in Love) ရုပ်ရှင်ကားအတွက် အကောင်းဆုံးအမျိုး
သမီး သရုပ်ဆောင်ဆုကို လက်ခံရရှိခဲ့သည်။

ထိုကာလက သူမသည် အမျိုးသားသရုပ်ဆောင် ဘင်းအက်
ဖလက်(ခ) (Ben Affleck) နှင့် ချစ်ကြိုက်နေချိန်ဖြစ်သည်။

သူမ အကယ်ဒမီဆုကို လက်ခံရရှိပြီး (၂)လအကြာတွင် သူမ
တို့ ချစ်သူစုံတွဲသည် လမ်းခွဲခဲ့ရပေသည်။





www.burmeseclassic.com

www.burmeseclassic.com



♥ ဟစ်လာရီဆွမ်(ခ) (Hilary Swank) သည် (၂၀၀၀)ပြည့်နှစ်တွင် (Boys Don't Cry) ရုပ်ရှင်အတွက် အော်စကာဆုကို လက်ခံရရှိခဲ့သည်။

သူမသည် (၅)နှစ်အတွင်း အော်စကာဆု (၂)ကြိမ်ရခဲ့သည့်အနက် ၎င်းဆုမှာ ပထမဆုံးအကြိမ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ 'အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု' များသည် သူမ၏ ကိုယ်ရေးကိုယ်တာအိမ်ထောင်ရေးဘဝကို အထောက်အကူမပြုနိုင်ခဲ့ပေ။

ဟစ်လာရီဆွမ်(ခ) (Hilary Swank)သည် (၂၀၀၅)တွင် (Mil-






lion Dollar Baby) ရုပ်ရှင်ကားဖြင့် 'အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု' ကို ဒုတိယအကြိမ်လက်ခံရရှိခဲ့သည်။

သူမ ထိုဆုကို လက်ခံရယူစဉ်က ပြောကြားခဲ့သည့် 'ကျွန်မအတွက် အရာရာကို ပြီးပြည့်စုံစေသူ' ဟူ၍ တင်စားခေါ်ဝေါ်ခဲ့သည့် သူမ၏ခင်ပွန်းဖြစ်သူ ချက်(ဒ)လိုဝီ (Chad Lowe)နှင့် ကွာရှင်းခဲ့သည်မှာ. . သူမ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ဒုတိယအကြိမ် ရယူပြီး (၁)နှစ်အကြာတွင် ဖြစ်ပေသည်။

♥ (၂၀၀၁)တွင် (Erin Brockovich) ရုပ်ရှင်ကားဖြင့် အကယ်ဒမီကို ရခဲ့သည့် ဂျူလီယာရောဘတ်(စ)(Julia Roberts)သည် သူမဆု



www.burmeseclassic.com


www.burmeseclassic.com



ဆက်ခံခဲ့ပြီး (၃)လအကြာတွင် သူမနှင့်တွဲနေသည့် ချစ်သူ ဘင်ဂျာမင်ဘရက်(တ)(Benjamin Bratt)နှင့် လမ်းခွဲခဲ့ကြသည်။ သူတို့တွဲနေခဲ့ကြသည်မှာ (၄)နှစ်ပင်ရှိခဲ့ပေပြီ။

♥ (၂၀၀၂)ခုနှစ်တွင် (Monster's Ball) ရုပ်ရှင်ကားအတွက် 'အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု'ကို လက်ခံရရှိခဲ့သူမှာ ဟယ်လီဘာရီ (Halle Berry) ဖြစ်ပေသည်။

ထိုဆုပေးပွဲတွင် ဆုလက်ခံယူစဉ်က သူမ၏ပြောစကားတွင်







'သူဟာ ကျွန်မဘဝမှာ ပျော်ရွှင်မှုကို အပေးနိုင်စွမ်းဆုံး ပုဂ္ဂိုလ်ပါ'ဟုပြောခဲ့သေးသည်။

သို့သော် သူမ ဆုလက်ခံရရှိပြီးသည့်နောက်နှစ်တွင် ခင်ပွန်းဖြစ်သူ အီရစ်ဘဲနက် (Eric Benet)နှင့် လမ်းခွဲခဲ့ကြသည်။

♥ (၂၀၀၄) တွင် (Monster) ဟူသော ရုပ်ရှင်ကားဖြင့် အကယ်ဒမီ ရရှိခဲ့သည့် ချားလိုက်သီရွန် (Charlize Theron)သည် ထိုနှစ်ကုန်







www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီး [illegible]တွင် သူမ၏ချစ်သူ သရုပ်ဆောင် စတူးဝပ်တောင်ဆင့် (Stuart Townsend)နှင့် လက်တွဲဖြုတ်ခဲ့ကြသည်။

သူမသည် အော်စကာဆုလက်ခံယူခဲ့စဉ်က ကြာရှည်စွာ လက်တွဲခဲ့သည့် စတူးဝပ်တောင်ဆင်ကို နှစ်လိုဖွယ်ရာစကား ဆိုခဲ့ပါသေးသည်။

"ကျွန်မအနေနဲ့ အလွန်ချစ်စရာကောင်းတဲ့ လက်တွဲဖော်ကို ကျေးဇူးတင်ရမှာပါ။ ကျွန်မရဲ့ ခက်ခဲတဲ့ဘဝခရီးလမ်းမှာ လက်တွဲဖော်ဘဝ်ယောက်အနေနဲ့ ကျွန်မရဲ့ဘေးမှာ ရပ်တည်နေပေးတဲ့အတွက် အမြဲးသာကျေးဇူးတင်ပါတယ်"

♥ ရီဆီဝစ်သာစပွန်း (Reese Witherspoon)သည် (Walk the line) ရုပ်ရှင်ကားတွင် ဂျွန်နီကက်(ရှ)(Johnny Cash)၏ ဇနီးဖြစ်သူ ဂျွန်ကာတာ(June Carter)အဖြစ် သရုပ်ဆောင်ခြင်းဖြင့် (၂၀၀၆) တွင် 'အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု'ကို လက်ခံရရှိခဲ့သည်။



အကယ်ဒမီကျိန်စာ

ထိုနှစ်အကုန်တွင် သူမသည် ခင်ပွန်းဖြစ်သူ သရုပ်ဆောင် ရေယန်ဖိလစ်ပီ(Ryan Phillippe)နှင့် ဘဝဖော်လမ်း ပြီးဆုံးခဲ့ကြသည်။

ကွဲကွာခဲ့ရသည့်အကြောင်းအရင်းမှာ သရုပ်ဆောင် ရေယန် စတော့ပ်လော့စ်ပီသည် (Stop Loss) ရုပ်ရှင်ကားကို ရိုက်ကူးနေစဉ် အချစ်သစ်အဖြစ် သရုပ်ဆောင် အက်ဘီကောနစ် (Abbie Cornish)နှင့် တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့သောကြောင့်ဖြစ်ပေသည်။

♥ (၂၀၀၉) တွင် ကိတ်ဝင်းစလက် (Kate Winslet)သည် (The Reader) ရုပ်ရှင်ကားတွင် နာဇီ(Nazi)အဖြစ် သရုပ်ဆောင်ပီပြင်ခဲ့မှုကြောင့် အကယ်ဒမီဆုကို လက်ခံရရှိခဲ့သည်။





သူမသည် မနှစ်က ခင်ပွန်းဖြစ်သူ ဒါရိုက်တာ ဆမ်မင်းဒက်(Sam Mendes)နှင့် လမ်းခွဲခဲ့သည်။

အကြောင်းမှာ ဒါရိုက်တာ ဆမ်မင်းဒက်သည် သရုပ်ဆောင်မင်းသမီး ရီဘက်ကာဟော (Rebecca Hall)နှင့် ချစ်ကျွမ်းဝင်မှု ရှိသွားသောကြောင့်ဖြစ်ပေသည်။

အကယ်ဒမီကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

♥ ယမန်နှစ်ဆန်းစအစောပိုင်းတွင် (The Blind Side) ဟူသော ရုပ်ရှင်ကားအတွက် "အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု"ကို သက်ခံရရှိခဲ့သည့် စန်ဒရာဘူးလော့ (Sandra Bullock) သည် သူမ၏ ခင်ပွန်း နာမည်ကျော်မော်တော်ဆိုင်ကယ် တည်ဆောက်သူ ဂျက်ဆီ ဂျိမ်း(Jesse James)နှင့် လမ်းခွဲခဲ့ရသည်။

ဖြစ်ရပ်မှာ ဆေးမင်းကြောင်မော်ဒယ်(Tattoo Model)နှင့် ခင်ပွန်းသည် ဇာတ်လမ်းရှုပ်နေသဖြင့် သူမအနေဖြင့် ရင်နင့်အောင်ခံစားချက်ပြင်းထန်နေရကာ လမ်းခွဲခဲ့ရခြင်း ဖြစ်ပေသည်။





အထက်ပါ မင်းသမီးများသည် ချောမောခန့်ညားသည့် အမျိုးသားတစ်ဦးကို . . ရွှေစင်ရုပ်တုတစ်ခုနှင့် အစားထိုး လဲလှယ်ယူလိုက်ရ






ကဲ့သို့ ဖြစ်နေပေသည်။ အကယ်ဒမီကျိန်စာ(သို့မဟုတ်)အော်စကာ ကျိန်စာနှင့် ဆက်နွယ်နေသည့် နာမည်ကျော် အမျိုးသမီးသရုပ်ဆောင် များ၏ဘဝသည်ကား အံ့သြဖွယ်ကောင်းလှပေတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com




(ဤဇာတ်လမ်းသည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က လီဗာပူး(Liverpool)မြို့ရှိ ဂျိမ်းလမ်း မီးရထားဘူတာရုံ (James Street railway Station)တွင် လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းဖြစ်ပေသည်။)



ထိုနေ့သည် ချစ်သူများနေ့ဖြစ်သည်။

အချိန်မှာ ညအချိန်ဖြစ်လေ၏။

လူငယ်ချစ်သူစုံတွဲနှစ်ဦးသည် ချစ်သူများနေ့ကို ပျော်ရွှင်စွာဆင်နွှဲကြရန် စီစဉ်ကြသည်။

လူငယ်သည် သူ၏ချစ်သူကို ညစာအတူစားရန် လီဗာပူးမြို့သို့ ခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်သည်။

ချစ်သူများနေ့၏ သာယာလှပသောညနေခင်း ကုန်ဆုံးလွန်မြောက်ပြီးသည့် ညဦးပိုင်းတွင် ထိုစုံတွဲသည် လီဗာပူးရှိ ဂျိမ်းလမ်းဘူတာရုံသို့ နောက်ဆုံးထွက်မည့် ရထားစီးရန် သွားရောက်ခဲ့ကြသည်။

အဆိုပါသမီးရည်းစားစုံတွဲသည် ဘူတာရုံထဲတွင် ရထားအလာကို စောင့်လျက် စကားပြောနေခဲ့ကြသည်။

ခုံတန်းရှည်တွင်ထိုင်ကာ စကားပြောနေသည့် ယောကျ်ားလေးဖြစ်သူသည် သူတို့၏ ခုံတန်းရှည်အစွန်းတွင် ထိုင်နေသော (၁၉၄၀)ပြည့်နှစ်တုန်းက ဖက်ရှင်ဖြင့် စတိုင်ကျသည့် အနက်ရောင်ဝတ်စုံကို ကျကျနန ဝတ်ဆင်ထားသော အမျိုးသမီးငယ်တစ်ဦးကို [illegible]ထားလိုက်မိသည်။

ဝတ်ဆင်ထားသည့် သပ်ရပ်သောဝတ်စုံကို ကြည့်ခြင်းအားဖြင့် သူမသည် ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ရန်သွားမည့် အမျိုးသမီးတစ်ဦးဟု ခန့်မှန်းလိုက်မိသည်။

သို့သော် သူမကို မြင်တွေ့လိုက်မိသော လူငယ်သည် ဇဝေဇဝါဖြစ်သွားရသည်။

အကြောင်းမှာ သူမသည် ရှေ့တည့်တည့်ကိုသာ စူးစူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒိုက် ကြည့်နေပြီး လုံးဝလှုပ်ရှားမှု မရှိသောကြောင့် ဖြစ်ပေသည်။

ထို့နောက် သူတို့ချစ်သူစုံတွဲ စီးနင်းလိုက်ပါမည့်ရထား ဆိုက် ရောက်လာသည်။

ထိုအချိန်တွင် အနက်ရောင်ဝတ်စုံဖြင့် ထူးဆန်းသော အမျိုးသမီးငယ်သည် ဦးစွာ ထရပ်လိုက်ပြီး စုံတွဲ၏ ရှေ့မှ ဖြတ်လျှောက်တ ရထားတွဲတစ်တွဲထဲသို့ ဝင်သွားလေသည်။

လူငယ်စုံတွဲသည်လည်း အဆိုပါ အမျိုးသမီးငယ် တက်သည့် ရထားတွဲကိုပင် နောက်မှလိုက်တက်ကြသည်။

ရထားတွဲထဲသို့ ဝင်ရောက်ပြီးသည့်အခါ ထိုအမျိုးသမီးငယ် ကို မတွေ့ရတော့ပေ။

လူငယ်မှာ ရထားတွဲထဲတွင် သူတို့ရှေ့မှတက်သွားသည့် ထူးဆန်းသော အမျိုးသမီးငယ်ကို မတွေ့ရ၍ ရထားတွဲအတွင်း ဟိုဟို ဒီဒီ ရှာကြည့်မိသေးသည်။

ရထားတွဲထဲတွင် လူရှင်းနေပြီး. . . ထိုအမျိုးသမီးငယ် ရထား ပေါ်မှ အောက်သို့ ပြန်ဆင်းရန်မှာလည်း ၄င်းတို့ရှေ့မှပင် ဖြတ်သွား ရမည်မှာ မလွဲမသွေဖြစ်သည်။

လူငယ်သည် မျက်မှောင်ကြုံ့လျက်သူ၏ ချစ်သူဖြစ်သူ မေးလိုက်သည်။

"ဘူတာရုံထဲမှာ တို့နဲ့ခုံတန်းရှည်တစ်ခုံထဲမှာ ထိုင်ခဲ့တဲ့ အမျိုးသမီးတစ်ဦးကို မင်းတွေ့လိုက်လား"

သူ၏ချစ်သူက ခေါင်းခါ၍ပြန်ဖြေလိုက်သည်။

"ဘယ်အမျိုးသမီးကို ရှင်ကပြောနေတာလဲ၊ ကျွန်မတို့ထိုင်တဲ့ ခုံမှာ လူမရှိပါဘူး။





"ငါတို့ထိုင်တဲ့ခုံတန်းရှည်မှာ. . ငါတို့ဘေးဘက် အစွန်းမှာ ထိုင်နေတဲ့ အမျိုးသမီးလေ"

ယောကျ်ားလေးဖြစ်သူက မျက်မှောင်ကြုံ့မြုံကြုံ့လျက် ထပ် ပြန်သည်။

"ကျွန်မတို့နဲ့အတူထိုင်နေတဲ့ အမျိုးသမီး ဟုတ်လား၊ ကျွန်မနဲ့ ရှင်နဲ့ နှစ်ယောက်တည်းထိုင်နေကြတာပါ၊ တစ်ခြား ဘယ်သူမှ ထိုင်မ နေပါဘူး. . . ရှင်ကလဲ ကျွန်မကြက်သီးတောင်ထလာပြီ"

ကောင်မလေးမှာ ဇဝေဇဝါဖြစ်သွားပြီး အရမ်းကို ကြောက် လေသည်။




ထိုလူငယ်သည် ကြောင်းကျိုးဆက်စပ်၍ တွေးကြည့်မိပြန် ထိုညသည် ချစ်သူများနေ့၏ သာယာလှပသောညဖြစ်နေပေ

(၁၉၄၀)ပြည့်နှစ်ကစတိုင်မျိုးနှင့် ဝတ်စုံကို သေသပ်လှပစွာ

www.burmeseclassic.com



ဝတ်ဆင်ထားသော အမျိုးသမီးငယ်သည် ချစ်သူများနေ့တွင် သူ
ချစ်သူနှင့်တွေ့ဆုံရန်လာခဲ့သည့် ဝိညာဉ်တစ္ဆေဖြစ်နိုင်ပေသည်။

သူမသည် အသက်ရှင်စဉ်က ထိုသို့ပင် ချစ်သူများနေ့တွင် ချစ်သူနှင့် တွေ့ဆုံခဲ့ဖူးသူတစ်ဦးဖြစ်ပေလိမ့်မည်။

ဂျိမ်းလမ်းဘူတာရုံ (James Street Station)သည် အလွန် ဟောင်းအိုနေပြီး သမိုင်းကြောင်းဇာတ်လမ်းများစွာနှင့် ပြည့်လျက် ရှိလေသည်။

ပမာအားဖြင့်၊ စစ်အတွင်းက လူအများသည် နာဇီများ ဗုံးကြ ချခြင်းကို ခိုလှုံရန် ထိုဘူတာရုံအောက်တွင် ဗုံးခိုကျင်းဖြစ် အသုံး ခဲ့ကြသည်။



ကမ္ဘာစစ်အတွင်းက ဂျိမ်းလမ်း မီးရထားဘူတာရုံ

မည်သို့ပင်ဖြစ်စေ (Valentine's Day) ချစ်သူများနေ့တွင် တွေ့ မြင်လိုက်ရသော အနက်ရောင်ဝတ်စုံနှင့် မိန်းကလေးသည် ထူးဆန်း လို့နေပေတော့သည်။ ။



# ဆဲ့တန်ပန်းခြံမှ တစ္ဆေ

## (The Ghost of Sefton Park)



ဝိတိုရိယ ဘုရင်မခေတ်ကာလတွင် ဆဲ့တန်ပန်းခြံ (Sefton Park)သည် လှပသာယာပြီး နတ်သမီးဥယျာဉ်သဖွယ် တင့်တယ်မှုရှိ ခဲ့သည်။ အမျိုးသားအမျိုးသမီးစုံတွဲများသည် ထိုပန်းခြံထဲတွင် နေနေ အပန်းဖြေတတ်ကြသည်။

ပန်းခြံ၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို သံတံတား (Iron ကြီးဖြင့် ပေါင်းကူးပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုလီဗာ(Oliver) နှင့် ကက်သလင်း(Cathleen) တို့သည် ထိုနေရာ၌ ပုံမှန်ချိန်းတွေ့နေကြ ဖြစ်သည်။

အိုလီဗာသည် အထက်တန်းလွှာမှ မွေးဖွားလာသူဖြစ်သည်။ မိဘမျိုးရိုးမှာ အထက်တန်းလွှာမှဖြစ်သဖြင့် အဆင့်မြင့်မြင့် နေထိုင်တတ်သည်။ သူ၏ချစ်သူ အလှပဂေး ကက်သလင်းသည် အလယ်အလတ်တန်းလွှာမှ မွေးဖွားလာသူဖြစ်သည်။

ထိုသို့ မိဘမျိုးရိုးချင်း အဆင့်အတန်း မတူညီကြသော်လည်း ၎င်းတို့ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး သံယောဇဉ် လေးလေးနက်နက်ထားရှိကာ အရူးအမူးချစ်ခဲ့ကြသည်။

အေးမြလှသော ချစ်သူများနေ့ ညတစ်ညတွင် သူတို့နှစ်ဦးသည် တံတားပေါ်၌ ချိန်းတွေ့ခဲ့ကြသည်။

အိုလီဗာတွင် အကြီးအကျယ် စိတ်ပျက်စရာသတင်းကို ရရှိထားပြီးဖြစ်သည်။ အိုလီဗာသည် သူ၏ချစ်သူ ကက်သလင်းကို သတင်းထူး ပြောပြလိုက်သည်။

ထိုသတင်းထူးမှာ အိုလီဗာ၏မိဘများက သူတို့နှင့် အဆင့်အတန်းတူသည့် အထက်တန်းလွှာမိန်းကလေးတစ်ဦးနှင့် အတင်းအကြပ် လက်ထပ်ပေးရန် စီစဉ်နေခြင်းပင်ဖြစ်လေသည်။

အဆိုပါ ဗစ်တိုးရီးယားခေတ်အခါက ချမ်းသာကြွယ်ဝသည့် အထက်တန်းစား မိသားစုနှစ်စုသည် သူတို့၏ သားနှင့်သမီးတို့ကို လက်ထပ်ထိမ်းမြားပေးခြင်းအားဖြင့် မိဘမျိုးနွယ်နှစ်ဦး ပေါင်းစပ်လာကြကာ လီဗာပူး၏ စီးပွားရေးလောကတွင် အင်အားကြီး တစ်ရပ်အဖြစ် လွှမ်းမိုးလာနိုင်ရန် ရည်ရွယ်ကြသည်။

ထိုကဲ့သို့သောဖြစ်ရပ်မျိုးကို သနားစရာကောင်းလှသော





အိုလီဗာမှာ တွေ့ကြုံရခြင်းဖြစ်သည်။

သို့ဖြစ်စေကာမူ အိုလီဗာနောက်မဆုတ်ခဲ့ပါ။

အိုလီဗာက ကက်သလင်းကို ဒီဇင်ဘာလ၊ ချစ်သူများနေ့ည (၁၁း၁၀)နာရီတွင် ဆဲ့တန်ပန်းခြံရှိ ထိုတံတားပေါ်တွင် သူနှင့် တွေ့ဆုံပါရန် တောင်းပန်ခဲ့သည်။

ကက်သလင်းသည် မိဘများ သဘောတူသည့် အထက်တန်းလွှာမိန်းကလေးတစ်ဦးနှင့် လက်ထပ်ရတော့မည်ဆိုသော ချစ်သူအိုလီဗာနှင့် ထပ်မံမတွေ့ဆုံလိုတော့ပါ။

သို့သော်ချစ်သူကို နောက်ဆုံးလိုက်လျောလိုစိတ်ဖြင့် ကက်သလင်းသည် အင်တင်တင်ဖြင့် ခေါင်းညိတ်ကာ လာခဲ့ပါမည်ဟု ကတိပေးလိုက်သည်။

ဒီဇင်ဘာလ ချစ်သူများနေ့ကုန်ဆုံးလွန်မြောက်ကာနီးည (၁၁း၁၀)နာရီအချိန်တွင် အိုလီဗာသည် တံတားပေါ်တွင်ရပ်ကာ ချစ်သူ ကက်သလင်းအလာကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်နေခဲ့သည်။

နာရီလက်တံသည် တဖြည်းဖြည်း ရွေ့ပြောင်းနေချေပြီ။

၁၁း၀၀ နာရီ. . .

၁၁ နာရီ ၅ မိနစ်. . .

၁၁ နာရီ ၁၀ မိနစ် . . .

၁၁ နာရီ ၁၅ မိနစ် . . .

ထိုအချိန်ထိ ချစ်သူကက်သလင်း ရောက်မလာပါ။ စိတ်ပျက်လက်ပျက်နှင့် မျှော်လင့်ချက်ကင်းမဲ့သွားပြီဖြစ်သော အိုလီဗာသည် [illegible]ပြင်လိုက်ပြီးမှ တံတား၏ တစ်ဖက်စွန်းသို့ မျှော်ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်သည်။

ဘဲဘား၏ တစ်ဖက်စွန်းတွင် သူထံတရွေ့ရွေ့လှမ်းလာေ
သော သူ၏ချစ်သူ အလှပဂေး ကက်သလင်းကို ရုတ်တရက် မြင်တွေ့
လိုက်ရသည်။

ရင်ခုန်သံမြန်သွားသော အိုလီဗာသည် ချစ်သူထံ လက်ဆ
တန်းလျက် အမြန်ပြေးသွားတော့သည်။

သို့သော် အိုလီဗာသူမထံရောက်သည့်အခါတွင် သူမသည်
အိုလီဗာကိုကျော်ဖြတ်၍ ဆက်သွားလေသည်။

ပြီးမှ ကက်သလင်းကလှည့်ကြည့်သည်။

အိုလီဗာကို ဝမ်းမြောက်ဝမ်းသာ အပြုံးလေးဖြင့်ပြုံးပြ
ညင်ညင်သာသာ လက်ပြနှုတ်ဆက်ပြီး သူ၏ချစ်သူ ကက်သလ
သည် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အိုလီဗာသည် ခဏမျှ မှင်တက်ကာ ငြိမ်သက်သွားသည်။

စိတ်ပျက်လက်ပျက်လည်းဖြစ်သွားလေသည်။

ထို့နောက် ဖြစ်ပျက်မှုအကြောင်းရင်းကို သိလိုစိတ်ဖြင့် စုံစ
ခဲ့ရာ ကက်သလင်း၏ ဖြစ်ရပ်အစုံအလင်ကို သိခွင့်ရတော့သည်။

ကက်သလင်းသည် ကြောက်စရာကောင်းလှသည့် ကူးစ
မြန်သည့် ပမ်းရောဂါဖြင့် ထိုည(၁၁း၁၅)နာရီတွင် ကွယ်လွန်ခဲ့သည်

သူမကွယ်လွန်ခါနီးအချိန်ထိ ပြောသွားသည့်သည့် စကာ
တစ်ခွန်းကို အိုလီဗာက တစ်ဆင့်စကားဖြင့် ကြားသိခဲ့ရသည်။

"ဒီည ကျွန်မချစ်သူနဲ့ ဆဲ့တန်ပန်းခြံထဲက တံတားပေါ်
တွေ့ဖို့ ချိန်းထားတယ်"

ကက်သလင်းသည် ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သေ





ည်း သူမ၏ ဝိညာဉ်တစ္ဆေသည် အသက်ရှင်စဉ်က ချိန်းဆိုထား
ည့် ချစ်သူများနေ့ညတွင် ချစ်သူနှင့် ချိန်းဆိုထားရာနေရာသို့ မပျက်
ကွက်ရောက်ရှိလာခဲ့ပေသည်။

ယနေ့အချိန်အထိ ပြောစမှတ်ပြုကြသည့် အကြောင်းအရာရှိ
သည်။ ထိုအရာကား . . . ချစ်သူများနေ့ရောက်ပြီဆိုပါက ည
၅)နာရီတိတိတွင် အိုလီဗာနှင့် သူ၏ချစ်သူ ကက်သလင်းတို့
ပန်းခြံထဲမှ တံတားပေါ်သို့ လျှို့ဝှက်စွာ ရောက်ရှိလာကြပြီး . . .

ချစ်သူနှစ်ဦးသည် လက်ချင်းချိတ်တွဲလျက် တံတားပေါ်မှ
ပျောက်သွားကြခြင်း ဖြစ်လေသည်။

ထိုမြင်ကွင်းမှာ အချစ်စစ် အချစ်မှန်၏ သရုပ်သကန်ဖြစ်ပြီး
ဆက်လက်တည်ရှိနေပေဦးတော့မည်။ ။



ဆဲ့တန်ပန်းခြံမှ တစ္ဆေချစ်သူနှစ်ဦးကို မြင်တွေ့ရသည့် သံတံတားကြီး



www.burmeseclassic.com

www.burmeseclassic.com



# အယ်(လ)ကပုန်အတွက် ချစ်သူများနေ့ သွေးကြွေး
**(The St.Valentines Day Massacre)**

အယ်(လ)ကပုန် (AL Capone) သည် (၁၈၉၉) ဇန်နဝါရီလ ၁၇ရက်နေ့တွင် မွေးဖွားခဲ့ပြီး (၁၉၄၇) ဇန်နဝါရီ (၂၅) ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ကပုန်သည် ကျောင်းသင်ပညာရပ်၌ (၆)တန်းသာ ပြီးဆုံးခဲ့ပြီး အသက်(၁၄)နှစ်တွင် ကျောင်းထုတ်ခံခဲ့ရသည်။ နောက်တွင် အသက်ငယ်ငယ်ဖြင့် လူဆိုးဂိုဏ်းဝင်ဖြစ်လာကာ တရားဥပဒေက ခွင့်မပြုသောလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကပုန် အသက်(၂၀)နှစ်အရွယ်သို့ ရောက်သည့်အခါ ချီကာဂိုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

သူသည် တရားမဝင်ဘဲ အရက်နှင့်မူးယစ်ဆေးများကို မှောင်



ခိုတင်သွင်းခြင်း၊ အစိုးရက တားမြစ်မှုပြုထားသော အဖျော် ယမကာများကို တရားမဝင် တင်သွင်းခြင်းဖြင့် စီးပွားရှာခဲ့သည်။

သူသည် အီတလီအမေရိကန် ဖာဖီးယားလူဆိုးဂိုဏ်းဝင် တစ်ဦးဖြစ်ပြီး ရာဇဝတ်မှုများစွာကို ဆောင်ရွက်ကြသည့် ချီကာဂိုဒုစရိုက်အဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်လေသည်။

သူသည် ရာဇဝတ်မှုများစွာကို ကျူးလွန်ခဲ့သည့်ပြင် အစိုးရအမှုထမ်းအား လာဘ်ပေးလာဘ်ယူ လုပ်ဆောင်အောင် ဖြားယောင်း



လူဆိုးဂိုဏ်းစတား
အယ်(လ)ကပုန် (AL Capone)



မိုက်ကြေးခွဲနေသည့် အယ်(လ)ကပုန်၏ မှတ်တမ်းပန်းချီကား

၍ တံစိုးလက်ဆောင်ပေးခြင်း၊ တရားဥပဒေအရ ခွင့်မပြုသည့် ပြည့်တန်ဆာလုပ်ငန်းကို မြို့တော်အတွင်း ဆောင်ရွက်ခြင်း စသည့် ပြစ်မှုများကိုလည်း ကျူးလွန်ခဲ့သည်။

အယ်(လ)ကပုန်သည် ချီကာဂိုမြို့ကို ချုပ်ကိုင်လျက် နှစ်ပေါင်းများစွာ ဘုရင်တစ်ဆူသဖွယ် စိုးမိုးချယ်လှယ်ခဲ့သည်။

ထိုအချိန်ကာလများက အယ်(လ)ကပုန်သည် ချီကာဂိုမြို့တွင် အကြွင်းမဲ့ အချမ်းသာဆုံးပုဂ္ဂိုလ်(Boss)တစ်ဦး ဖြစ်ခဲ့ပေသည်။

သူသည် ရှာဖွေရရှိထားသည့် ငွေအမြောက်အမြားကို အမျိုးမျိုးသော အလှူဒါနပြုမှုများတွင် အကုန်အကျခံ၍ ရက်ရက်ရောရော



www.burmeseclassic.com



ခွဲလှူဒါန်းခဲ့သည်။ ထို့ကြောင့် သူသည် တရားဥပဒေနှင့်မကိုက်ညီသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရှိသော်လည်း လူသိများ၍ ထင်ရှားလာခဲ့ သည်။

သို့ဖြစ်၍ ပြည်သူများက သူ့ကို "ခေတ်သစ်ရော်ဘင်ဟု" (modern day Roabin Hood)ဟု ခေါ်ခဲ့ကြသည်။ ကပုန်သည် ဗာလင်တိုင်းနေ့တွင် ငွေများစွာ ပုံပိုးလှူဒါန်းပေးခြင်းဖြင့် လူသိများလာသည်။



အယ်(လ)ကပုန် (လယ်)



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ဥ်ဘ အခြားပြိုင်ဘက်ဂိုဏ်း(၇)ခုမှ ဂိုဏ်းအဖွဲ့ဝင်များ သည်အဖမ်းခံရပြီး တရားစီရင်၍ နှိပ်ကွပ်ခံနေရချိန်ဖြစ်သည်။

(၁၉၂၉) ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ချီကာဂိုမြို့၊ အမှတ် (၂၁၂၂)မြောက်ကလာ့လမ်း (North Clark Street)၌ ဖြစ်ပွားခဲ့သည့် စိန့်ဗာလင်တိုင်းနေ့ လူအစုလိုက် အသတ်ခံရသည့် ဖြစ်ရပ်မှာ အယ်(လ)ကပုန် (AL Capone) အမိန့်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် လူအများက ပြောဆို နေခဲ့ကြသည်မှာ အမှတ်(၂၁၂၂) မြောက်ကလာ့လမ်း၊ ချီကာဂိုမြို့ အနီးမှ တစ္ဆေခြောက်သည့် သေနတ်သံများနှင့် အော်ဟစ်သံများကို အမြဲကြားခဲ့ရသည်ဟူ၍ ဖြစ်ပေသည်။

စိန့်ဗာလင်တိုင်းနေ့တွင် အစုလိုက်အပြုံလိုက် အသတ်ခံကြ ရသူ စုစုပေါင်း လူ(၇)ဦးဖြစ်သည်။

သတ်ခဲ့သူများမှာ ချီကာဂို ရဲအရာရှိများဝတ်စုံကို ဟန်ဆောင်ခဲ့ကြသည့် ဒေသခံမဟုတ်သည့် လူများဖြစ်သည်ဟု ဆိုခဲ့ကြသည်။



စိန့်ဗာလင်တိုင်းနေ့တွင် အသတ်ခံရသူများပုံ(ဝဲ)နှင့်
အသတ်မခံရမီ အခြေအနေကို သရုပ်ဖော်ထားပုံ(ယာ)

ထိုသို့ နာမည်ကြီး၍ ထင်ပေါ်ကျော်ကြားလှသည့် လူသတ်မှု ကြီးဖြစ်ပွားချိန်တွင် အယ်(လ)ကပုန်သည် နွေရာသီ ရက်ရှည် အနား ယူသည့်အနေဖြင့် ဖလော်ရီဒါ(Florida)ပြည်နယ်တွင် ရောက်ရှိနေပေ သည်။

ဗာလင်တိုင်းနေ့ လူအစုလိုက် အသတ်ခံရသည့်အထဲတွင် ဂျိမ်းကလာ့(James Clark) ဆိုသည့် အပြစ်မဲ့ သေဆုံးခဲ့သူတစ်ဦး ပါ ဝင်ခဲ့လေသည်။



ဂျိမ်းကလာ့
(James Clark)

စိန့်ဗာလင်တိုင်းနေ့တွင် လူအစုလိုက်အပြုံလိုက် အသတ်ခံ ရခြင်းဖြစ်ပွားသောအခါတွင်လည်း အယ်(လ)ကပုန်သည် ထိုအမှုတွင်


ချစ်သူများနေ့ တစ္ဆေ

www.burmeseclassic.com



မပါဝင်အောင် ရှောင်နိုင်ခဲ့ပြန်သည်။

အယ်(လ)ကပုန်သည် သူကျူးလွန်ခဲ့သည့် မည်သည့်အမှုကိစ္စနှင့်မျှ တရားစွဲဆိုခြင်း မခံခဲ့ရပေ။

သို့သော် ပြည်ထောင်စုအစိုးရ (Federal Government) သည် အယ်(လ)ကပုန်ကို စောင့်ကြည့်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကို အခွန်ရှောင်တိမ်းမှုဖြင့် ဖက်ဒရယ်စွဲချက်များတင်ကာ ပြစ်ဒဏ်ချခဲ့ပြီး ပြည်ထောင်စုဖက်ဒရယ် အကျဉ်းထောင်တွင် ချထားခဲ့သည်။

အယ်(လ)ကပုန်ကို အကျဉ်းထောင်တွင်ထည့်ထားကာ ချီကာဂိုရှိ သူ၏ ရာဇဝတ်ပြစ်မှုပြုလုပ်သော ဂိုဏ်းအင်အားများကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။

အယ်(လ)ကပုန်သည် အယ်ကာထရက် အကျဉ်းထောင် (Alcatraz Prison)သို့ ရောက်လျှင်ရောက်ချင်း သူ၏ ထူးဆန်းသောအပြုအမူနှင့် ထူးဆန်းသောအပြောအဆိုများကို နားထောင်မိသူ၊ မြင်တွေ့မိသူများရှိလာသည်။


သူ့စကားထဲတွင် သူ၏နောက်၌ ဗလင်တိုင်းနေ့တွင် သူ့ကြောင့် သေသွားခဲ့သည့် ဂျိမ်းကလာ့ (James Clark)၏ တစ္ဆေဝိညာဉ်ကပ်လိုက်ပါရှိပြီး အယ်ကာထရက် အကျဉ်းထောင်ထဲတွင်နေစဉ် သူ့ကို တစ်နေကုန် ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုသည်။

အယ်ကာထရက်အကျဉ်းထောင် အစောင့်ဟောင်းများ၏ ပြောပြချက်အရ. . ထိုထောင်ထဲတွင် အယ်(လ)ကပုန် နေခဲ့စဉ်က အသတ်ခံရသူ ဂျိမ်းကလာ့၏ တစ္ဆေဝိညာဉ်သည် ညစဉ်ညတိုင်း သူ့ထံရောက်လာပြီး တစ်ညလုံး သူနှင့်မေးမြန်း စကားပြောနေသည်ဟု ဆို၏။





ထိုမျှမက ထိုတစ္ဆေဝိညာဉ်က အယ်(လ)ကပုန်ကို ထုလိုက် ထိုးလိုက်လည်း လုပ်သည်ဟု ပြောပြန်သည်။



ပင်လယ်ခေါင်ရှိ နာမည်ကြီး အယ်ကာထရက်အကျဉ်းထောင်(Alcatraz Prison)

အယ်(လ)ကပုန်၏ဇနီးသည်. . ထောင်ကျနေသော သူ့ကို ဘင်ဂျိုတစ်လက် ပို့ပေးထားသည်။

အယ်(လ)ကပုန်သည် ညဘက်သို့ရောက်လျှင် သူ၏ ဘင်ဂျိုကို တီးနေလေ့ရှိသည်။ ဘင်ဂျိုကို ညဘက်တွင်တီးနေခဲ့ခြင်းမှာ သူ့ကို တစ်ညလုံး စကားလာပြောနေသော ဂျိမ်ကလာ့ တစ္ဆေဝိညာဉ်၏ စကားသံကို ဖုံးလွှမ်းသွားနိုင်ရန်ပင်ဖြစ်သည်။

"အယ်(လ)ကပုန်. . မင်းဘာကြောင့် ငါ့ကိုသတ်တာလဲ"

ဂျိမ်းကလာ့ ထပ်တလဲလဲမေးသည့် မေးခွန်းဖြစ်လေသည်။

ထိုအချိန်မျိုးတွင် အယ်(လ)ကပုန်၏ ကြောက်လန့်တကြား

www.burmeseclassic.com

အော်ဟစ်သံများကို ကြားလာရသည်။

"ဂျိမ်း ကျေးဇူးပြုပြီး ငါတစ်ယောက်တည်း နေပါရစေကွာ"

ထိုသို့သောစကားကို အယ်(လ)ကပုန် အထပ်ထပ်ပြော တတ်သည်။

ကပုန်သည် သူ့ဘဝ၏ အဆုံးသတ်ပိုင်း အချိန်ကာလများ အယ်ကာထရက်အကျဉ်းထောင် အတွင်းတွင်ပင် ကုန်လွန်ခဲ့ရသည်။

အစောင့်များ၏ ပြောပြချက်အရ အယ်(လ)ကပုန်သည် နောက်ပိုင်းတွင် အစားအသောက် ထွက်၍စားသောက်ခြင်းကို မ လုပ်တော့ဘဲ သူ၏ အခန်းငယ်မှ ထွက်ခွာရန် ငြင်းဆန်စပြုခဲ့သည်။

အကျဉ်းထောင်အစောင့်များက မကြာမြင့်မီမှာပင် အယ်(လ) ကပုန်ကို ကျန်းမာရေးဆေးစစ်လိုက်သောအခါ ကာလသားရော (Syphilis) ဖြစ်ပွားနေကြောင်း ဆေးစစ်ချက်အရ သိရှိရ၍ ဆေးကုသ ရန် ထိုအကျဉ်းထောင်အတွင်းရှိ ဆေးကုသမှုခံယူရသည့် အဆော သို့ ပြောင်းရွှေ့ခဲ့ရသည်။

သို့သော်. . သူသည် ခွင့်ပြုချက်ရသည့်အခါတိုင်း ဘင်ဂျို တီးခတ်လေ့ရှိသည်။

ဂျိမ်းကလာ့(James Clark)၏ ဝိညာဉ်သည် သူ့နောက်သို့ အမြဲမပြတ်လိုက်ပါနေသည်ဟုလည်း ညည်းညည်းညူညူ ပြောဆို နေးသည်။

ကပုန်၏ ဘဝနောက်ဆုံးနှစ်ကာလတွင် စိတ်ဓာတ်ပိုင်းနှ ကာယကြံ့ခိုင်ကျန်းမာမှုပိုင်းပါ ချို့ယွင်းလာကာ နျူရိုဆစ်ဖလစ် (neurosyphilis) ရောဂါ၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိလာသည်။

၎င်းသည်မှာ ငယ်ရွယ်စဉ်က သူ၏ မကောင်းမှုလုပ်ရပ်များ





အယ်(လ)ကပုန်၏ နောက်ဆုံးအချိန်တွင် ထားရှိသည့်အကျဉ်းခန်း

ကြောင့်ဖြစ်ပေသည်။ သူသည် (၁၉၄၇) ဇန်နဝါရီလ (၂၅) ရက်နေ့ ပြင်းထန်သည့် ဝေဒနာခံစားရပြီး နှလုံးသွေးရပ်ကာ ကွယ်လွန်ခဲ့ သည်။

သို့တည်းမဟုတ် ချစ်သူများနေ့တွင် သူ့ကြောင့်သေခဲ့သည့် လာ့၏ ဝိညာဉ်တစ္ဆေသည် အယ်(လ)ကပုန်၏ ဘဝကို အဆုံး ပေးလိုက်လေသလော။

အယ်(လ)ကပုန် သေဆုံးခါနီးအချိန်တွင် အနီးကပ် တွေ့မြင် သည့် လူအချို့က ပြောပြခဲ့သည့်စကားမှာ ထူးဆန်းနေလေသည်။

"အယ်(လ)ကပုန် မသေဆုံးခင်လေးမှာ သူအိပ်ရာပေါ်မှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့တယ်၊ သူ့ကိုကြည့်ရတာ တစ်စုံတစ်ရာကို လိုက်နေတယ်၊ ဒါမှ မဟုတ် တစ်စုံတစ်ယောက်ကို သူ့အနားက ထွက်သွားအောင် ကြိုးစား နေပုံပေါ်တယ်၊ အဲဒီနောက်မှာတော့ သူ့အိပ်ရာပေါ်ကို ပြန်လှဲ လိုက်ပြီး မကြာခင်မှာ သေဆုံးသွားပါတယ်"

အယ်(လ)ကပုန်၏ ရုပ်အလောင်းကို အီလီနွိုက် တောင်ကုန်း ဘေး (Hillside Illinois)ရှိ ကာမဲတောင်သင်္ချိုင်း (Mt. Carmel Cemetery) တွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ယနေ့ခေတ်အခါကာလတွင် သူ၏အုတ်ဂူအမှတ်အသား အဖြစ် ရိုးစင်းလှသော အုတ်ပြားပြားလေးသာ ရှိနေပေသည်။

အယ်(လ)ကပုန်၏ ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် သက်တမ်း တစ်လျှောက်တွင် သူ့အမိန့်ပေးခဲ့ခြင်းနှင့် သူကိုယ်တိုင်ကိုယ်ကျ သတ် ခဲ့သည့် လူသတ်မှုပေါင်း ၅၀၀ကျော်ရှိခဲ့သည်။

သူသည် လွန်စွာရက်စက်ဆိုးဝါးသောသူဖြစ်လေသည်။

နောက်ပိုင်းတွင် အယ်ကာထရက်အကျဉ်းထောင်ကို ပိတ် လိုက်ပြီးသည့်နောက် စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ကို ကြားသိ ရပြန်သည်။

၎င်းသတင်းမှာ ပိတ်ထားသည့် အယ်ကာထရက် အကျဉ်း ထောင်ကို လေ့လာရေးခရီး သွားရောက်ကြသူများသည် ထိုထောင် အတွင်း၌ လှည့်လည်ကြည့်ရှုနေစဉ် ဘင်ဂျိုတီးသံကို ကြားခဲ့ကြရ ခြင်း ဖြစ်သည်။

သဘာဝလွန်ဖြစ်ရပ်ဆန်းများကို လေ့လာစူးစမ်းစစ်ကြသူများ သည် အဆိုပါ ဘင်ဂျိုတီးသံကို အသံသွင်းတိတ်ခွေဖြင့် အသံသွင်း ထားခဲ့ကြသည်။





သို့ဖြစ်၍ ပရလောကသားတစ်ဦးသည် အယ်ကာထရက် အကျဉ်းထောင်အတွင်းတွင် ဆက်လက်နေထိုင်လျက်ရှိသည်မှာ သေ ချာလှပေသည်။

နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီးသည့်နောက်မှာပင် လူအများ က အယ်(လ)ကပုန်၏ တစ္ဆေဝိညာဉ်ကို ကာမယ်တောင်သင်္ချိုင်းထဲရှိ သူ၏ အုတ်ဂူအနီးဝန်းကျင်တွင် လမ်းလျှောက်လျက်ရှိကြောင်း တွေ့ မြင်ခဲ့ကြရသည်ဟု ဆိုကြပြန်သည်။

လူအချို့ကမူ အယ်(လ)ကပုန်၏ တစ္ဆေဝိညာဉ်ကို ချီကာဂို မြို့ဝန်းကျင် နေရာအနှံ့တွင် တွေ့မြင်ခဲ့ကြရသည်ဟု ဆိုကြသည်။

ထို့ပြင် လူအများပြောဆိုကြသည့် သတင်းစကားများ ပေါ် ထွက်လာခဲ့ပါသေးသည်။


၎င်းမှာ အယ်(လ)ကပုန်သည် သူပိုင်သည့် ငွေဥစ္စာများကို ချီကာဂိုမြို့တွင်း နေရာအနှံ့၌ မြှုပ်နှံထားခဲ့သည်ဟူ၍ ဖြစ်သည်။

ထိုစကားအရ စိတ်ဝင်စား၍ ယုံကြည်သူများက ရှာဖွေခဲ့ကြ သော်လည်း သူမြှုပ်နှံထားခဲ့သည်ဆိုသော ငွေဥစ္စာ ဘာတစ်ခုမျှ မတွေ့ရတော့ပေ။



**Valentine's Day Ghost**

www.burmeseclassic.com




# Crossing Over

တစ္ဆေခြောက်သော တံတားများအကြောင်းကို သက်တမ်းကာလ ရာစုနှစ်ပေါင်းများစွာ ကြာရှည်သည်အထိပင် ပြောဆိုနေကြဖြစ်ပေသည်။ စာရေးသူသည် ထိုတစ္ဆေခြောက်ခြင်း အဖြစ်အပျက်များထဲမှ ထူးခြားသည့် အကြောင်းအရာများကို ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်ပေသည်။

လမ်းဖြတ်ကူးရာနေရာများ၊ မြစ်ကူးချောင်းကူးနေရာများနှင့် ရွှံ့တော၊ စိမ့်တောများကို ကျော်ဖြတ်ရန်နေရာများတွင် ဖြတ်ကူးရန် တံတားများ လိုအပ်သည်။

တစ်နေရာနှင့်တစ်နေရာ ဖြတ်ကျော်သွားလာနိုင်ရန် တံတားများကို ဆောက်လုပ်ထားကြပါသည်။ တံတားများသည် တစ်နေရာမှ တစ်ဘက်တစ်နေရာတွင် ရှိနေတတ်ကြပါသည်။ သဘာဝလွန်ဖြစ်ရပ်များကို လေ့လာသူ ဂျွိုင်းမေနာ(Joy Maner)သည် အမေရိကန်ပြည်ထောင်စု(USA)တွင် တစ္ဆေခြောက်သည်ဟု နာမည်ဆိုးဖြင့်ကျော်ကြားသည့်တံတားများကို အသေးစိတ်လေ့လာခဲ့သည်။

တံတားများနှင့်ပတ်သက်၍ သူမလေ့လာထားသမျှကို ပြောသည့်စကားတစ်ခွန်းရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တံတားဟူသည်မှာ လူ၏စိတ်တွင် သိသိမှတ်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နေရာတစ်ခုမှ အခြားတစ်ခုသို့ ရောက်ရှိရန် ဖြတ်ကျော်ကူးသန်း သွားလာရသည်သာဖြစ်တယ်၊ သို့ဖြစ်၍ တံတားဟူသည် ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံကြား ဆက်သွယ်ပေးသည့် သင်္ကေတ အမှတ်အသားတစ်ခုသာ ဖြစ်တော့သည်"


လူတို့တွင် ရေဓာတ်သည် အသက်ရှင်မှုအတွက် လိုအပ်သည့်အရာ ဖြစ်သည်။ ရှေးခေတ်အခါ လူနေအိမ်များတွင် ပိုက်များဖြင့် သွယ်ယူအသုံးပြုသော ပိုက်သွယ်ရေ မပေါ်ခင်က လူတို့အတွက် အသက်ရှင်ရန်နှင့် အိမ်ခြံမွေးတိရစ္ဆာန်များ အသက်ရှင်ရန် ရေရမည့်နေရာ ပတ်ဝန်းကျင်တွင် လူတို့ အခြေချနေထိုင်ခဲ့ကြသည်။ ဤသို့ဖြင့် ရေရှိသည့် နေရာများကို တစ်ဖက်မှတစ်ဖက်သို့ ကျော်ဖြတ်ကူးသန်းသွားလာရန် တံတားများပေါ်ပေါက်လာရသည်။

သို့ဖြစ်၍ လူတို့သည်တံတားကို ကျော်ဖြတ်သွားလာမှု အကြိမ်ကြိမ်ပြုလုပ်လာကြရသည်။ ဤသို့ တံတားဖြတ်ရာတွင် တစ်ခါတစ်ရံ ဘဲ့ချော်ခြောက်ခံရတတ်သည်။ တံတားများတွင် အမှတ်တရ အဖြစ်အပျက်များ၊ အရေးကြီးသည့် အဖြစ်အပျက်များနှင့် တစ်ခါတစ်ရံတွင် ခြောက်ခြားဆန်သော အဖြစ်အပျက်ဆန်းများကိုလည်း ကြုံတွေ့ရတတ်ပေသေးသည်။

နှစ်ပေါင်းများစွာကြာသောအခါ လူတို့သည် တစ်ချိန်က ၎င်းတို့ကြုံတွေ့ခဲ့ဖူးသည့် ဖြစ်ရပ်ဆန်းများအကြောင်းကို "ဟိုး. . . ရှေး. . ရှေးတုန်းက ညတစ်ညမှာ. . အဲဒီ တံတားကို ဖြတ်စဉ်တုန်းကပေါ့. . . "ဟု အစချီသည့် ဝမ်းနည်းကြေကွဲဖွယ် ကြောက်ရွံ့ထိတ်လန့်ဖွယ် ဖြစ်ရပ်များကို ပြန်လည်ပြောပြတတ်ကြပေသည်။








ရှေးရိုးစဉ်လာအတိုင်း ရိုးရိုးပုံစံဖြစ်သည့် ထိုတံတားကို ...၄)တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါတံတားကို ရွှေ...င်းငယ်တံတား(Gold Brook Bridge)ဟု အခေါ်နည်းပြီး အယ်မလီ...တား(Emily's Bridge)ဟုသာ လူသိများခဲ့သည်။

အယ်မလီဆိုသူမှာ မည်သူနည်း။

အယ်မလီဆိုသူမှာ ကြေကွဲဖွယ်ဇာတ်လမ်းပေါင်းများစွာ ထဲမှ ...တ်လမ်းတစ်ပုဒ်၏ ဇာတ်လိုက်မင်းသမီးလေး၏ အမည်ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒုတောင့်တစ်ခု၏အဆိုအရ အယ်မလီသည် သူမ၏ချစ်သူနှင့် နှဲဒုလိုက်ရန် စိတ်ဆုံးဖြတ်ချက်ချခဲ့သည်။ သူမသည် အဆိုပါတံတား တွင် ချစ်သူနှင့်တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည်။

သို့သော် သူမ၏ချစ်သူသည် ချိန်းဆိုထားရာ ထိုတံတားသို့ ရောက်မလာဘဲ ပျက်ကွက်ခဲ့သောအခါ စိတ်ပျက်အားငယ်သွားသော အယ်မလီသည် ထိုတံတားတွင် ကြိုးဆွဲချ၍ သေဆုံးခဲ့သည်ဟု ပြော ကြသည်။

အခြားရှုထောင့်တစ်ခု၏ အဆိုမှာ မူကွဲဖြစ်နေပြန်သည်။ အယ်မလီသည် သူ့ချစ်သူနှင့် ကိုယ်ဝန်ရှိနေခဲ့သည်။ သို့သော်. . သူ့ ချစ်သူက သူမကိုလက်ထပ်ယူရန် ငြင်းဆန်ခဲ့သည်။ အယ်မလီသည် ကိုယ်ဝန်ကိုစောင့်ရှောက်လာရာ အမြွှာကလေးများကို မွေးဖွားအပြီး သူမ၏ဆိုးဝါးလှသော ဘဝအခြေအနေကြောင့် ထိုတံတားတွင် ကြိုး ဆွဲချကာ သေဆုံးခဲ့သည်။


အခြားမူကွဲဇာတ်လမ်းများလည်းရှိပေသေးသည်။ အယ်မလီ နှင့် စေ့စပ်ထားသူ ချစ်သူသည် သူမကိုစွန့်ခွာမသွားခဲ့ပါ။ သို့သော် ပျော်ရွှင်ဖွယ်ဖြစ်ရပ်ဖြင့် အဆုံးမသတ်နိုင်ခဲ့ပေ။ ဖြစ်ပျက်ပုံမှာ အယ် မလီသည် လက်ထပ်ပွဲသို့လာစဉ် အဆိုပါတံတားပေါ်အရောက်၌ ခုန်ပြေးလာသည့် မြင်းများအနက် မြင်းတစ်ကောင်က နင်းသွားသဖြင့် တံတားပေါ်မှာပင် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဇာတ်လမ်းတွင် မူကွဲများရှိနေသော်လည်း အယ်မလီသည် ဇာတ်သိမ်းမလှမပဖြင့် အဆိုပါတံတားပေါ်တွင် သေဆုံးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

အဖြစ်ဆိုးနှင့်သေဆုံးခဲ့သည့် အစိမ်းသေ အယ်မလီသည်







ရွှေချောင်းငယ်တံတားတွင် ညအချိန် ဓါတ်ပုံရိုက်ကူးစဉ် တွေ့ရသည့် ထူးခြားသောအငွေ့များ

တံတားပေါ်တွင် တစ္ဆေခြောက်လှန့်တော့သည်။

ညသန်းခေါင်ယံအချိန်မှ နံနက်(၃း၃၀)နာရီအတွင်းတွင် အဆိုပါ ရွှေချောင်းငယ်တံတားသို့ ကားဖြင့်သွား၍ သင့်ကားထဲမှ နေ၍စောင့်ကြည့်ကာ နားစွင့်နေပါ။

အယ်မလီ၏ ထူးဆန်းသော အော်ဟစ်သံများနှင့် သင်၏ ကားကို လက်သည်းများဖြင့် ခြစ်နေသလို အချွန်တစ်ခုခုဖြင့် တဂျစ်ဂျစ် ခြစ်နေသောသံကို ကြားရမည်မှာ သေချာလှပေသည်။

www.burmeseclassic.com








ဒေသခံများက ပြောပြသည်မှာ (၁၉၃၀)ခုနှစ်တွင် ထိုတံတားပေါ်၌ ကြောက်စရာကောင်းသည့် မော်တော်ကားတိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုနေ့သည် တိတ်ဆိတ်ငြိမ်သက်ခြင်းများနှင့် ပြည့်နှက်နေသည့် နေ့တစ်နေ့ဖြစ်ပြီး. . . ထိုတံတားပေါ်သို့လယ်သမားတစ်ဦး ရောက်မလာမီအချိန်ထိ အချိန်နာရီများစွာကြာအောင် အသံတိတ်နေခဲ့သည်။ အဆိုပါ လယ်သမားသည် ထိုနေရာသို့ရောက်သွားသည့် အခါ လူသေအလောင်း ၁၂လောင်းကို တွေ့ခဲ့ရလေသည်။

ထိုညမှာပင် အဆိုပါလယ်သမားကြီးသည် ထိုတံတားပေါ်မှ ဖြတ်၍ ကားမောင်းလာရာ ကားသည် ရုတ်တရက် ရပ်သွားသည်။ ထိုသို့ရုတ်တရက်ရပ်သွားသည့် ကားပေါ်တွင် ထိုင်နေစဉ် ၁၂နာရီထိုးသဖြင့် နာရီတီးသံ ၁၂ချက် ကြားလိုက်ရပြီး. . နောက်ထပ် ၁ချက် ထပ်ပေါင်း ၁၃ချက်ကို ထူးဆန်းစွာကြားလိုက်ရသည်။ တစ်ဆက်တည်း ... ဥဩရှူးရှူးတွန်မြည်သံကိုပါ ကြားလိုက်ရသည်။

အကြောင်းမှာ မတော်တဆ ကားတိုက်မှုဖြစ်ပွားရာတွင် သေ





www.burmeseclassic.com

www.burmeseclassic.com



ဆုံးသည်မှာ ၁၃ဦး ဖြစ်လေသည်။

သေဆုံးသွားသူတစ်ဦး၏ ခန္ဓာကိုယ်မှာ ပျောက်ဆုံးနေသည်။ ထိုသူတို့၏ဝိညာဉ်သည် ညအခါ ထိုတံတားပေါ်တွင် ဖြတ်မောင်းသွားသည့် ကားမောင်းသူတို့ကို ခြောက်လှန့်မှုများ ပြုလုပ်လာကြသည်။ အချို့လူများက ပြောပြသည်မှာ အဆိုပါပျောက်ဆုံးနေသည့် သေသူ၏ ခန္ဓာကိုယ်သည် တိရိစ္ဆာန်ရိုင်းများ၏ စားသုံးခြင်းကိုခံရပြီး သူ၏ ခန္ဓာကိုယ်ထဲတွင် ဆွေးမြည့်ပုပ်သိုးခဲ့ခြင်းကြောင့် တရှုံးရှုံးမြည်တွန်နေခြင်း ဖြစ်သည်ဟူ၍ပင်။

ယခုကာလတွင် (၁၃)ဂဏန်းကို ကံမကောင်းသည့်နံပါတ် (unlucky number)အဖြစ် သတ်မှတ်တတ်ကြသူများအတွက်မူ ထိုဖြစ်ရပ်သည် သာဓကကောင်း ဖြစ်ပေမည်။ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြမှုတွင် (၁၃)ဂဏန်းနှင့် ပတ်သက်သော ဖြစ်ရပ်ဆိုး အကြောင်းကို ဖော်ပြခဲ့သည်။

သို့သော် (၁၉၃၀)ခုနှစ်အတွင်း ခရီးသည် (၁၃)ဦးတင်ဆောင်လာသော ကားအစီးရေမည်မျှသည် ထိုဒုက္ခဆိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်ကို မှတ်တမ်းမှတ်ရာ မရှိခဲ့၍သာ အတိအကျမဖော်ပြ နိုင်ခြင်းဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ကားတိုက်မှုတောက်တဆဖြစ်ပွားပြီး နောက်ဆက်တွဲအဖြစ် တစ္ဆေခြောက်သည့်ဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ခြင်းဖြစ်လေသည်။

တစ္ဆေများကို သုတေသနပြုလေ့လာကြသည့် အိုဟိုင်းအိုး(Ohio)မှ အဖွဲ့၏ လေ့လာတွေ့ရှိချက်မှာ (၁၉၃၀) ခုနှစ်အတွင်းက အမေရိကန်(Uinted States)တွင် ခရီးသည် (၁၃)ဦးတင်ဆောင်လာပြီး ကားတိုက်မှုဖြစ်ခဲ့သည်မှာ (၃)စီးရှိခဲ့သည်ဟု ဆိုပေသည်။





## အက်ဆလီတံတား

(Acle Bridge , Norfolk)



နော်ဖော့(လ)ရှိ အက်ဆလီတံတား(Acle Bridge , Norfolk) တွင် သိတ်လန့်စက်ဆုပ်ဖွယ်ကောင်းသော တစ္ဆေခြောက်လှန့်ခြင်းများ ဖြစ်ပွားခဲ့ပေသည်။ ဧပြီလ (၆) ရက်နေ့ရောက်တိုင်း ထိုတံတားပေါ်၌ တွေ့နိုင်သည့် သွေးအိုင်ကြီးနှစ်အိုင်သည် သေဆုံးသွားကြသည့် သွေးအလိမ်းလိမ်းပေလူးနေသော အလောင်းနှစ်လောင်း၏ နှစ်ပတ်လည် အမှတ်အသားပင် ဖြစ်ပေသည်။

ဂျွန်ဘာ့(ဂျ)(John Burgess) ဟုခေါ်သော လူဆိုးတစ်ဦးသည် သူ၏ဇနီးကို သတ်ပစ်လိုက်သည်။ သို့သော် တရားစီရင်မှုတွင် အပြစ်မှ လွတ်မြောက်စေရန် သူ့ဇနီးသည် ရိုးရိုးသာမာန်ဖြစ်ရပ်ဖြင့် သေသွားသည်ဟု ယုံကြည်သင့်ရအောင် ဖုံးကွယ်ခဲ့သည်။ ကွယ်လွန်သူ ဇနီး၏ အစ်ကိုသည်



www.burmeseclassic.com

www.burmeseclassic.com



ည်းသေရခြင်းအတွက် ဂျွန်ဘာ့(ဂျ)ကို လက်စားချေလိုခဲ့သည်။

ထိုနှစ် ဧပြီလ(၇)ရက်နေ့တွင် လူသတ်သမား ဂျွန်ဘာ့(ဂျ ဘ်တားပေါ်မှ ဖြတ်အလာကိုစောင့်ကာ . . ထိုသူအပေါ် ခုန်အုပ် လည်မျိုကို ဓားဖြင့်ထိုး၍ သတ်ပစ်လိုက်သည်။ ညီမအတွက် ကလဲ့စား ချေခဲ့သူမှာ အပြစ်ပေးခံရမည်ကို စိုးရိမ်သည့်အတွက် ထိုနိုင်ငံမှ ရှော တိမ်းပြေးခဲ့သည်။ သို့ဖြစ်၍ သူ့အစား အပြစ်မရှိသူ တစ်ဦးသည် လူသတ်မှုအတွက် တရားခံဖြစ်ကာ ကြိုးပေး၍ အပြစ်ပေးခံခဲ့ရသည်

လူသတ်တရားခံအစစ်သည် အင်္ဂလန်နိုင်ငံသို့ ပြန်ရောက် လာသောအခါ ဂျွန်ဘာ့(ဂျ)သေဆုံးမှုတွင် အပြစ်မရှိသကဲ့သို့ ဟန် ဆောင်၍ နေထိုင်ခဲ့သည်။ ထိုလူသတ်မှုနှစ်ပတ်လည်သည့် ညတွင် လူသတ်မှုအပြစ်ကျူးလွန်ခဲ့သူသည် အဆိုပါတံတားပေါ်သို့ သတိတ သွားရောက်ကြည့်ရှုလိုစိတ် ပေါ်လာခဲ့သည်။ သို့ဖြစ်၍ ထိုတံတားသို့ တစ်ဦးတည်းသွားရောက်ခဲ့သည်။ နောက်တစ်နေ့ မနက်တွင် တံတား ပေါ်၌ သေဆုံးနေသည့် ထိုသူ၏အလောင်းကို လမ်းသွားလမ်းလာ များက တွေ့ရှိခဲ့ကြသည်။

ထူးခြားချက်မှာ သူ၏ဒဏ်ရာသည် လည်ပင်းပေါ်၌ ဖြ ဘစ်ချောင်းဖြင့် ရစ်ပတ်ထားပြီး လည်မျိုတွင် ကွဲအက်ဒဏ်ရာ ရရှိ သေဆုံးခြင်းပင်ဖြစ်သည်။ သူကြောင့် သေဆုံးသွားသူ နှစ်ဦးလုံး ဒဏ်ရာဒဏ်ချက်များအတိုင်း ဖြစ်နေလေသည်။ ထိုကဲ့သို့ သေ သည့်ဖြစ်ရပ်တွင် အသတ်ခံရသည့် ဂျွန်ဘာ့(ဂျ)ကိုယ်တိုင် ဝိညာဉ်အ ဖြင့် သူ့ကို လက်စားချေကာ သတ်ခဲ့လေသလော။ သို့မဟုတ်ပါ သူ ရှောင်တိမ်းနေခဲ့သဖြင့် သူ့ကိုယ်စားအပြစ်ပေးခံခဲ့ရသည့် အပြ မဲ့သူဝိညာဉ်က သူ့ကိုလက်စားချေကာ သတ်ခဲ့လေသလော။ ထိုနှစ်





ဝိညာဉ်က ပူးပေါင်းသတ်ခဲ့လေသလော။

ထိုတံတားသည် ယခုအခါ ပြန်လည်၍ အသစ်ဆောက်လုပ် ပြီးဖြစ်ပေသည်။ သို့သော် အကယ်၍ ဧပြီ(၇)ရက်နေ့ဝန်းကျင် တံတားပေါ်မှ ဖြတ်လျှောက်သူများသည် သွေးအိုင်ကိုသော် ကောင်း၊ အရိပ်ပုံသဏ္ဌာန်မျိုးကိုလည်းကောင်း တွေ့မြင် ရမည် ပေ။ ဤသည်မှာ ထိုတံတားပေါ်တွင် ရက်စက်စွာ အသတ်ခံ နှစ်ဦး၏ ဝိညာဉ်ပုံရိပ်များပင် ဖြစ်ပေတော့မည်။


## တံတား (၁၂) စင်း

Bridges, Norfolk

တံတားနှင့်ပတ်သက်နေသော စိတ်ချောက်ချားဖွယ်ရာ င်းသည့် တစ္ဆေပုံရိပ်မှာ အယ်နီဘိုလေယန်(Anne Boleyn) ဟု သော မိန်းကလေး၏ဖခင်ဖြစ်သည်။ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဆိုခြင်းခံရပြီး ကွပ်မျက်ခြင်းခံရသည့် အယ်နီဘိုလေယန်၏ တွင် သူမ၏ဖခင်သည် အစိုးရသက်သေအဖြစ် ထွက်ဆိုခဲ့သည်။ ထိုဖခင်သည် သမီးဖြစ်သူကို သေတွင်းသို့ပို့ရန် ကူညီပေးခဲ့မှု တ် သူ့ကိုယ်သူအပြစ်ရှိသည်ဟု ခံစားနေရသည်။ သူ၏အမည် ဆာသောမတ်(စ)(Sir Thomas) ဖြစ်သည်။ ဆာသောမတ်(စ) ည်လွန်မီ ရေးခဲ့သည့်စာအရ သူသည်ကွယ်လွန်ပြီးနောက် နှစ် (၁၀၀၀)အထိ အပြစ်အတွက် အာပတ်ဖြေမည်ဟုဆိုသည်။ နှစ်စဉ် သူ့သမီးသေဆုံးသည့်နေ့ရောက်တိုင်း ဦးခေါင်းမပါ

www.burmeseclassic.com






သောဆာသော မတ်(စ)သည် နံနက်စောစော နေမထွက်မီ မြင်းလေး
ကောင်ဆွဲသည့် ရထားတွဲပေါ်တွင် သူ့ခေါင်းကို လက်မောင်းနှစ်ဖက်
ကြားတွင် နစ်မြုပ်ထားပြီး. . ထိုမြင်းရထားဖြင့် တံတာပေါင်း (၁၂)စင်
ကို ဖြတ်ကျော်လေ့ရှိသည်။

. အဆိုပါမြင်းရထားပေါ်တွင် ဆာသောမတ်(စ) စီးနင်းလိုက်
လာသည်ကို သင်တွေ့ရပါက သူ့ကိုမသိမမြင်ယောင် ဆောင်နေရ
လိုပေသည်။ သို့မဟုတ်က ဆာသောမတ်(စ)သရဲသည် သင့်ကို သူနှ
အတူ တမလွန်သို့ ခေါ်သွားလိမ့်မည်ဟု ထိုဒေသကလူများက ပြော
ကြပေသည်။

## တေးတံတား

(The Tay Bridge , Dundee)




(၁၈၇၉)တွင် ဒန်ဒီမြို့ရှိ တေးတံတား (The Tay Bridge, Dundee)သည် ကျိုးကျခဲ့သည်။ တံတားပြိုကျမှုကြောင့် ထိုတံတားပေါ် ဖြတ်သန်းခုတ်မောင်းလာနေသည့် ရထားကြီးပေါ်တွင် စီးနင်းလာ သည့် ခရီးသည် (၇၅)ဦးနှင့် ရထားမောင်းသူ၊ အမှုထမ်းအားလုံး ဆုံးကြလေသည်။

ဤဖြစ်ရပ်သည် ဗြိတိန်တွင် တံတားပြိုကျသဖြင့် ဘေးဒုက္ခ ရောက်မှုများတွင် အဆိုးဆုံးဖြစ်ရပ်ပေတည်း။ ယနေ့ခေတ်တွင် သည် တံတားမကျိုးခင်၊ ရေထဲသို့ရထားတွဲကြီး ပြုတ်မကျခင်က ငြင်းအတိုင်းပင် သွားမြဲအတိုင်းသွားနေသည့် တစ္ဆေရထားကြီးကို ခါတစ်ရံတွင် တွေ့မြင်ရတတ်သည်။

ရေထဲသို့ပြုတ်ကျကာ သေတော့မည့် ဘေးအန္တရာယ်ကို ကြောက်လန့်၍ အော်ဟစ်လိုက်ကြသည့် ကယ်သူဝေးခဲ့သော ခရီး


www.burmeseclassic.com





ဆားဆာတံတားပြိုကျနေပုံနှင့် ကယ်ဆယ်ရေးလုပ်ဆောင်နေကြပုံ

သည့်များ၏ ယေ်သံပါအောင် စူးစူးဝါးဝါးအော်သံများကိုပင် ...
ကြားနိုင်ပေသည်။



တေးတံတားပေါ်မှ ရထားကြီး ပြုတ်ကျသွားပုံနှင့် ထိုရထားခေါင်းတွဲကို ပြန်လည်ဆယ်ယူ...
အမှတ်တရ ပြသထားပုံ





# ...ကောင်းဆိုးဝါးများ ကပ်မှီနေသည့်တံတားများ

**(...Bridges)**

မကောင်းဆိုးဝါးများ ကပ်မှီခြင်းဆိုသည်မှာ မနှစ်မြို့ဖွယ် ...င်းသည့် ဝိညာဉ်များပူးကပ်နေခြင်းကို ဆိုလိုသည်။ သမိုင်းတွင် ...ည့် တံတားများသည် မနှစ်မြို့ဖွယ်ရာ ဝိညာဉ်များကပ်မှီနေသည့် ...များနှင့် ဆက်စပ်နေပေသည်။ သို့ဖြစ်ရာ တံတားများစွာသည် ...ောင်းဆိုးဝါးဝိညာဉ်များနှင့် ပတ်သက်ဆက်စပ်သည့် ဒဏ္ဍာရီ ဆိုရိုး ...ကိုယ်စီ ရှိတတ်ပေသည်။

မကောင်းဆိုးဝါးမှီကပ်နေသည့် တံတားများသည် ကမ္ဘာ ...ကောင် ရှိတတ်ကြသည်။ ဥပမာအားဖြင့်. . ဂျာမနီနိုင်ငံတွင် ဆက် ...ဟာဆာတံတား (Sachsenhauser Bridge)နှင့် ဘင်း(မ)ဘာ့ ...း (Bamberg Bridge)တို့သည် မကောင်းဆိုးဝါးကြောင့် တံတား ...က်လုပ်မှု နှောင့်နှေးကြန့်ကြာခြင်းများဖြင့် ရင်ဆိုင်ခဲ့ရသည်။

တံတားဆောက်လုပ်သူသည် မှော်ဆရာအဘိုးကြီး နှစ်(ခ) ...)ထံမှာ အကူအညီတောင်းခံရသည်။

မှော်ဆရာက တံတားပေါ်သို့ ပထမဦးစွာ ဖြတ်လျှောက်သူ၏ ...ဉ်ကို မကောင်းဆိုးဝါးတစ္ဆေသည် ပိုင်ဆိုင်ခွင့်ရသည်ဟု ဆိုသော ...ာတူညီချက်ဖြင့် တံတားကိုအပြီးသတ်စေခဲ့သည်။

တံတားဆောက်လုပ်သူများသည် ကြက်ဖတစ်ကောင်ကို. . ...ရှုး' ဟုဆိုကာ တံတားပေါ်သို့ အတင်းမောင်းလွှတ်၍ ဖြတ်... ...သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မကောင်းဆိုးဝါးအမှောင်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



(prince of darkness) ကို အလွန်ဒေါသထွက်စေခဲ့လေသည်။



မကောင်းဆိုးဝါးအကူအညီဖြင့် ဆောက်လုပ်ခဲ့သည် လူပြောသည့် ဘင်း(မ)ဘာ့တံတား

ဆိုမာဆက်(Somerset)ဒေသရှိ တားစတက်(Tarr Ste
ကျောက်တုံးတံတားတွင် မကောင်းဆိုးဝါးမိစ္ဆာများသည် ဘာလီ
(River Barle)ကို ဖြတ်၍နင်းလျှောက်သွားနိုင်မည့် တံတားကို အပိုင်
ရန် ဆုံးဖြတ်ခဲ့သည်။ ဒေသခံလူများက တံတားပေါ်တွင် ခြောက်
ခြင်းများကို မနှစ်သက်သဖြင့် မိစ္ဆာကောင်နှင့် ယှဉ်ပြိုင်ခဲ့ကြသ
ပထမဦးစွာ ကြောင်တစ်ကောင်ကို တံတားပေါ်သို့ဖြတ်ပြေးရန် လွှ
ပေးလိုက်သည်။

ထိုကြောင်ကို တံတားပေါ်ရှိ မကောင်းဆိုးဝါးမိစ္ဆာကောင်
ကိုက်သတ် စားလိုက်လေသည်။ ထိုအခါ ဒေသခံ ပရလောကဆ
တစ်ဦးသည် ယခုအခါ မကောင်းသည့် အရာမှန်သမျှကို ကြောင်





ား၌ ချိုးဖျက်လိုက်ပြီဟု ပြောဆိုကာ တံတားပေါ်မှ ဖြတ်
က်ပြလေသည်။ ထိုသို့နှစ်ဖက်ပြင်းထန်စွာ ပြိုင်ဆိုင်ကြပြီး
် ညှိုးနွမ်းသွားသည့်သစ်ပင်များ ရှိသော်လည်း ပရလောက
က အနိုင်ရကာ တံတားကို အန္တရာယ်ကင်းကင်းဖြင့် လူတို့အသုံး
သာခဲ့သည်။



ောင်းဆိုးဝါးမိစ္ဆာများ အပိုင်စီးလိုခဲ့သည့် (Tarr Steps)ကျောက်တုံးတံတား



www.burmeseclassic.com

www.burmeseclassic.com

ဝက်(စ)မော်လင်း(Westmorland) အရပ်ရှိ ကားဘီလော်(စ) ဒေး (Kirkby Lonsdale) ဒေသတွင် အဘွားအိုတစ်ဦးသည် သရဲမိစ္ဆာ ကောင်၏ အကူအညီဖြင့် တံတားဆောက်လုပ်ခဲ့သည်။

ဂျာမန်နိုင်ငံမှ တံတားဆောက်သူများကဲ့သို့ပင် တံတား ပထမဆုံးဖြတ်သွားသည့် သက်ရှိသတ္တဝါကို သရဲမိစ္ဆာက ပိုင်ဆိုင် နိုင်သည်ဟူသော ညှိနှိုင်းချက်ပြုလုပ်ကြသည်။ အဘွားအိုသည် သူမ သနားစရာကောင်းသော ခွေးကလေး "ကျူ"(Cue)ကို ပထမဆုံး တံတားဖြတ်ခန် စေလွှတ်ပေးခဲ့ရသည်။

ကက်သလစ်ဘုန်းတော်ကြီး(၃)ပါးသည် ထိုတံတားကို ဖြတ် သန်းကြရာ သရဲမိစ္ဆာများနှင့် တွေ့ကြုံကြရပြီး သေလုနီးပါး ဖြစ်ကြ သည်ဟု ပြောသူများလည်းရှိသည်။ ၎င်းမှာ တစ္ဆေတို့၏ ကြောက်မက် ဖွယ်ခြောက်လှန့်မှုဖြစ်သည်။




ကက်သလစ်ဘုန်းတော်ကြီး(၃)ပါး အခက်တွေ့ခဲ့သည့်တံတား





## အိုဗာတန်တံတား

(Overtoun Bridge, Dunbartonshire)



စကော့တလန်နိုင်ငံ(Scotland)၊ ဒန်ဘာတန် (Dumbarton) ...အနီးရှိ အိုဗာတန်တံတားသည် မကောင်းသတင်းဖြင့် ထင်ရှားကျော် ကြား လူသိများခဲ့သည်။ (၁၈၉၅) ခုနှစ်က နှမ်းဖတ်ကျောက်များဖြင့် ဆောက်လုပ်ခဲ့သည့် အဆိုပါတံတားသည် မကြာမီနှစ်များကမှ "ခွေးများ ကိုယ့်ကိုယ်ကိုသတ်သေသည့်တံတား"(Dog Suicide Bridge) ...ဟု ထင်ရှားကျော်ကြားလာခဲ့သည်။

လွန်ခဲ့သည့် နှစ်(၅၀)ခန့်က ခွေးများသည် အဆိုပါတံတားမှ ...အလိုလိုစိတ်လိုလက်ရ ခုန်ချပြီးအောက်ဖက်ရှိ ကျောက်ဆောင် များနှင့်တိုက်မိကာ ဒဏ်ရာပြင်းထန်စွာရပြီး သေဆုံးကြကြောင်း သတင်းများကြားသိခဲ့ရပေသည်။ (၂၀၀၅)ခုနှစ်တွင် (၆)လတာအတွင်း ...ခွေးငါးကောင်ထိုနည်းဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပြန်သည်။




www.burmeseclassic.com

www.burmeseclassic.com









ဒိုဗာတန်တံတားပုံနှင့် ကျယ်ဝန်းမှုမရှိသည့်လူသွားလမ်းပုံ (အပေါ်)


တံတားပေါ်မှ ခွေးတစ်ကောင်ခုန်ချသွားသည်ကို ဓါတ်ပုံရိုက်ယူနိုင်ခဲ့ပုံ (အောက်)

ထူးခြားသည်မှာ ထိုခွေးများသည်ခုန်ချသည့် တံတားဘက်ခြမ်းမှာ တူညီကြပြီး ကျသည့်နေရာမှာလည်း နီးနီးစပ်စပ် ရှိလေသည်။

အချို့လူများက ထိုတံတားတွင် တစ္ဆေခြောက်သည် (သို့) တစ္ဆေဝိညာဉ်များ၏ အင်အားဖြင့် သေလောက်အောင် ဖန်တီးခဲ့ကြသည်ဟု ယုံကြည်ကြသည်။







တက်ဆက်(Texas)ရှိ အော်(လ)တန်တံတားဟောင်းကြီး (Old Alton Bridge)သည် အမေရိကန်ရှိ တစ္ဆေခြောက်သည်ဟု အကျော်ကြားဆုံးသော တံတားများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုတံတားကို(၁၈၈၄)ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ မွမ်းမံပြင်ဆင်မှု အနည်းငယ်ပြုလုပ်ကာ ယခုအချိန်ထိ အသုံးပြုနေကြသည်။

ဒေသခံများပြောကြားချက်အရ ဖြစ်စဉ်ပေါင်းများစွာ ပါဝင်ပတ်သက်လျက်ရှိပြီး ထိုအရပ်ဒေသက ဆိတ်ကျောင်းသမားဟုခေါ်ဆိုသည့် လယ်သမားကြီး ကူကလပ်(ဇ)ကလန်(Ku Klux Klan)အကြောင်းနှင့် အခြားကြောက်မက်ဖွယ်ရာများစွာကို ကြားသိရမည်။

လူအချို့က ပြောကြသည်မှာ အကယ်၍သင်သည် ဟောလိဝင်းည(Helloween night)တွင် ထိုတံတားပေါ်သို့သွား၍ သင့်ကားဟွန်းကို ၂ချက်တီးလိုက်ပါက ဆိတ်ကျောင်းသမား၏ ခြေရိုနီနေ



www.burmeseclassic.com

www.burmeseclassic.com



အော်(လ)တန်တံတားဟောင်းကြီး

သော မျက်လုံးတစ်စုံကို တွေ့မြင်ရမည်ဖြစ်ပေသည်။ အချို့သေ
လူများ၏ စကားအရမူ လိမ္မော်ရောင်ထွက်နေပါ လာသည့် ထူးခြ
သည့် မြူများဆိုင်းနေသည်ကို တွေ့ရလျှင် ဓာတ်ပုံရိုက်ကြည့်ပါက
ထူးခြားသောဓာတ်ပုံများစွာကို ရရှိသည်ဟုသိရှိရသည်။

ထိုတံတားကြီးသည် "ရှင်းမပြနိုင်သည့် သဘာဝလွန်ဖြစ်ရ
များကို လေ့လာသည့်အဖွဲ့ (THE ASSOCIATION FOR THE STUD
OF UNEXPLAINED PHENOMENA)(ASUP)အဖို့ အာရုံစူးစိုက်မိရ
နေရာတစ်ခု ဖြစ်လာခဲ့သည်။ (ASUP)၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျိုး
မေနာ(Joy Maner)သည် အော်(လ)တန် တံတားဟောင်းကြီးနှင့် ပတ်
သက်သည့် ဖြစ်ရပ်များစွာတို့ကို ညဘက်တွင် စုံစမ်းမှုများအပါအဝ
အသေးစိတ်လေ့လာမှုပြုခဲ့သည်။



မိန်းကလေး ဂျိုးမေနာက ပြောပြသည့် အချက်ရှိပေသည်။

"ညဘက် (၁၁)နာရီကျော်အချိန်တွင် တစ်စုံတစ်ယောက်
ထိုတံတားသို့လာရောက်ပြီး အမျိုးမျိုးသော သဘာဝလွန်ဖြစ်ရပ်
များကို ပြသသည်ကို ထိုနေရာတွင် လေ့လာရန် ရောက်ရှိနေသူ
တွေ့မြင်ရသည်"

ပထမအကြိမ် ထိုနေရာသို့ရောက်ရှိခဲ့စဉ်က ဂျိုးသည် အဖွဲ့
ဝင်ဆွေတစ်ဦးနှင့် တံတား၏ဘယ်ဘက်ခြမ်း ချောင်းကမ်းဘေး
လမ်းလျှောက်ခဲ့ကြသည်။ တစ်နေရာအရောက်တွင် ဂျိုးတို့
နှစ်ယောက်လုံး၏မျက်နှာကို အေးစက်နေသော ရေအေးနှင့် လှမ်းပတ်ခြင်း
ခံရသည်။ ထိုသို့သော အေးစက်မှုမျိုးကို အလွန်သိသာစွာ ခံစား
ရခြင်းဖြစ်သည်။

ထိုအကြောင်းအရာကို သိသိမှတ်မှတ်ခံစားရပြီးနောက်
ခံစားခဲ့ရာနေရာမှ ဆက်လက်လျှောက်လာရာ ဘယ်ဘက်ခြမ်းမှ
တစ်ယောက်ယောက် လိုက်လာသည်ဟု ခံစားရပြီး ဂျိုးတို့ကို နောက်
မှ ကြိမ်ထပ်၍ ကျောကုန်းများကို ထိုးနှက်ခြင်းကို ခံရပြန်သည်။
မည်သူကိုမျှ မတွေ့ရပေ။ ဂျိုးသိရှိခံစားခဲ့ရသည်မှာမူ သူမ၏
နောက်လက်မောင်းကို တစ်စုံတစ်ယောက်က ဆွဲထားသည့်အ
နေအထားမျိုး ခပ်တင်းတင်း ဖြစ်နေသည်ဟူသော အသိဖြစ်သည်။

အဆိုပါ စုံစမ်းမှုများပြီး ဆုံးသွားသောအခါ မေနာသည်
ထိုနေရာတွင်ဖြစ်ပွားခဲ့သော ပြင်းပြင်းထန်ထန် အဖြစ်အပျက်များ၏
ဖြစ်ပွားသည့်အထောက်အထားတစ်စုံတစ်ရာမျှ မတွေ့ရပေ။ သို့ဖြစ်
၍ ထိုတံတားတွင် တစ္ဆေခြောက်သည်ဆိုသည့် တစ်ချက်သာ ဖြစ်နိုင်
ကြောင်း ရှင်းပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





...ဘာ၏ ချောင်းကမ်းဘေးတွင် ဓါတ်ပုံရိုက်ကူးစဉ် အငွေ့တန်းကြီး ပါဝင်နေပုံ

ထိုဒေသတွင် နေထိုင်သူအချို့သည် သေဆုံးကြပြီးနော... သို့နေရာကို စွဲလမ်းစိတ်ဖြင့် မကျွတ်မလွတ်ဖြစ်နေကြခြင်း ဖြစ်နိုင်... သည်။

လတ်တလောစူးစမ်းလေ့လာချက်များအရ အီး၊ ဗွီ၊ ပီ (EV... အသံဖမ်းစက်ဖြင့် ဖမ်းယူရရှိခဲ့သည့်စကားသံမှာ စူးစမ်းလေ့လာသူမျာ... ကို အံ့သြမှု ဖြစ်စေသည်။

"ဒို့တွေအားလုံး ဒီမှာနေကြတယ်"

ဟူသော စကားသံဖြစ်ပေသည်။

စူးစမ်းလေ့လာသူများအနေဖြင့်မူ လိမ္မော်ရောင်မြူများ ဆို... နေခြင်းကို နားမလည်နိုင်စွာ ဖြစ်မိသည်။

ခန့်မှန်းချက်အရ လူတစ်ဦးတစ်ယောက်၏ ဝိညာဉ်သည် ဤပုံစံဖြင့် ဖော်ပြနေခြင်းပေလောဟု မှတ်ချက်ပြုမိသည်။ (ASUP)







...(လ)တန်တံတားတံတားပေါ်တွင် ဓါတ်ပုံရိုက်ကူးစဉ် တွေ့ရသည့် ထူးခြားသည့်ပုံ

...သည် ဤနယ်မြေတွင် စူးစမ်းစစ်ဆေးမှုများကို မှန်မှန်ကန်ကန်ပြု... ...က်ရှိပြီး လေ့ကျင့်ပေးထားသည့် စူးစမ်းလေ့လာသူများကို ... သို့နေရာသို့ဆက်လက်စေလွှတ်ထားသည်။

(ASUP)အဖွဲ့အတွက် စူးစမ်းလေ့လာသူ အသစ်များသည် ...(လ)တန်တံတားအိုကြီး (Old Alton Bridge)နှင့် ပတ်သက်၍ ...နှိုချက်အသစ်များကို အစီရင်ခံစာပို့လေ့ရှိသည်။

ထိုအစီရင်ခံစာထဲတွင် ထူးခြား၍စိတ်ဝင်စားဖွယ် အကြောင်း ...အဖြစ်အပျက်များစွာ ပါဝင်နေသမျှသည် တံတားပေါ်မှ ဝိညာဉ် ...များနှင့် ဆက်စပ်မှုရှိနေပေတော့သည်။

# ပညာဒါန

Crossing Over by EMMA MCNEIL

www.burmeseclassic.com

www.burmeseclassic.com






# (၁)

‘ပဲခူးမယ်တော်’၊ ‘နံ့ကရိုင်းမယ်တော်’ ဟူ၍. . နာမည် ျိုးဖြင့် ခေါ်တွင်လျက်ရှိသော မွန်လူမျိုးတို့၏ ရိုးရာနတ်ကို င်းမကိုင်မှုဆောင်းပြီး လက်နှစ်ဖက်တွင် ငါးရံ့တစ်ကောင်စီ ကိုင် တွေ့ရပေသည်။

နံ့ကရိုင်းမယ်တော်၏ အမည်နာမကို မှန်နန်းရာဇဝင်၊ တွင်း ရာဇဝင်နှင့် တွင်းသင်းရာဇဝင်သစ်တို့၌ အထင်အရှား မတွေ့ရ လည်း မွန်ရာဇဝင်သမိုင်း၊ နတ်သမိုင်းနှင့် စေတီပုထိုး သမိုင်းများ တွေ့နိုင်ကြပေ၏။

မွန်ရိုးရာနတ်ဟူ၍ ဆိုသော်ငြားလည်း ယခုအခါ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံအဝှမ်းရှိ အိမ်များတွင် နံကရိုင်းမယ်တော်ကို သီးသန့် နတ်နန်း ဆောင်များပေး၍ ကိုးကွယ်သူ အများအပြားရှိလာကြသည်ကို တွေ့ရ ပေ၏။

နတ်ကိုးကွယ်ခြင်းနှင့် ပတ်သက်၍ လက်ခံသူ၊ လက်မခံသူ အငြင်းပွားသူ၊ မပွားသူများရှိသော်လည်း ကိုးကွယ်ခြင်းဖြင့် အကျိုးရှိ မရှိမူသည် ကိုးကွယ်သူများသာ သိနိုင်ကြပေလိမ့်မည်။

နတ်ကိုးကွယ်တင်မြှောက်မှုနှင့် ပတ်သက်၍ သရဏဂုံ မပျက် ကြောင်းကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ သုတ် မဟာဝါ ပါဠိတော်ကို အကိုးအထောက်ပြုကာ (သာသနာ့ဝိသော ဓနီကျမ်း)၌ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူပါသည်။

သုတ်မဟာဝါ ပါဠိတော်ကို ထောက်၍ လူဖြစ်သောသူတို့အား ပဋိပူဇာ အကျိုးအတွက် လောကပါလနတ်များကို ရှိခိုးကောင်း၏။ ပူဇော်ကောင်း၏။

နတ်ကွန်း၊ နတ်ကနားများကို ဆောက်လုပ်ကောင်း၏။ စီမံ ကောင်း၏။ မိမိကိုယ်တိုင် နတ်ရုပ်များကို ကံကျွေးလက်ခပေး၍ ထုလုပ်ကောင်း၏။ ပွဲတင်မြှောက်ပူဇော်ခြင်းကို ပြုလုပ်ကောင်း၏။

ဤအလုံးစုံကိုလည်း ယခုဘဝ၌ အန္တရာယ်ကင်း၍ ချမ်းသာ သုခကို ရခြင်းငှာ ပြုအပ်၏။

ရတနာသုံးပါးကိုလည်း အမြတ်တနိုးကိုးကွယ်လျက်ရှိသော ကြောင့် နတ်များကို ထိုသို့ပြုသော်လည်း သရဏဂုံမပျက်။

လယ်တီဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားသကဲ့သို့ပင် နတ်ကိုးကွယ်တင်မြှောက်မှု၏ ဦးတည်ချက်မှာ ယခုဘဝ၌ အန္တရာယ် ကင်း၍ ချမ်းသာသုခရလိုခြင်းဟူသောအကျိုးကို လိုလားသောကြောင့်





ဖြစ်ကြပေ၏။

(၃၇)မင်း နတ်စာရင်းတွင် မပါဝင်သော် အခြားထင်ရှားသော နတ်ကြီးများစာရင်းတွင်ပါဝင်သည့် (အမေ)နံကရိုင်းမယ်တော် နန်း ရင်းနေရာနှင့် အတ္ထုပ္ပတ္တိအကြောင်းကို ရေးသားတင်ဆက်ပါမည်။

နံကရိုင်းမယ်တော်၏ ယခုပြုလုပ်ထားသော နန်းရင်းနေရာ မှာ အမေ၏ ဇာတိချက်ကြွေမွေးရပ်မြေနေရာဖြစ်သည်ဟု ဆိုပါသည်။

ပဲခူးတိုင်း အညာစုကျေးရွာ၊ ရှေးဟောင်းသမိုင်းဝင် လောက ရန်အောင် ဘုရားကြီးဝင်းအနီးတွင် တည်ရှိပါသည်။

ခရီးလမ်းညွှန်အနေနှင့်ကား ရန်ကုန်-မန္တလေးလမ်းမကြီး အတိုင်းသွားပါက ပဲခူးကျော်လျှင် ဘုရားကြီးလမ်းဆုံ၊ ဘုရားကြီး လမ်းဆုံ လွန်ပါက ဒိုက်ဦးသို့ ရောက်ပါသည်။ ဒိုက်ဦးမြို့အစွန်တွင် အညာမြီး လမ်းဆုံရှိပါသည်။ ထိုနေရာတွင် ဆင်းရပါသည်။

ထိုလမ်းခွဲမှ မြောက်ဘက်သို့ တစ်မိုင်ကျော်ကျော်ခန့် ခရီး ဆက်ရပါသည်။ ကား၊ စက်ဘီး၊ ဆိုက်ကားဖြင့် သွားနိုင်ပြီး ခြေကျင် သွားသို့သူများအတွက်လည်း ရပါသည်။

အညာစုရွာသို့ရောက်လျှင် အနောက်ဘက်သို့ ခွဲထွက် သွား သော လမ်းခွဲတစ်ခုကို တွေ့ရမည်။

ထိုနေရာတွင် လမ်းညွှန်ဆိုင်းဘုတ်တစ်ခုရှိပါသည်။ ထိုလမ်း သည် နွေအခါတွင် ကားဖြင့် မောင်းဝင်၍ ရဟန်တူသော်လည်း မိုးအခါ တွင် ခြေကျင်သွားမှ ရနိုင်သော မြေသားလမ်းဖြစ်ပါ၏။

အဝေးမှ လှမ်းမျှော်ကြည့်လျှင် 'လောကရန်အောင် ဘုရား ကြီး'ကို ဖူးတွေ့ရပါသည်။ ၅-ဖာလုံခန့်သွားလျှင် ဘုရားဆီသို့ ရောက် ပါပြီ။ ဘုရားမုခ် ပရိဝုဏ်အရှေ့ဘက်တွင် နံကရိုင်းမယ်တော်၏



www.burmeseclassic.com

www.burmeseclassic.com

နန်းရင်းနတ်ကွန်းရှိပါသည်။

နန်းရင်းမှာ သိပ်မကျယ်ဝန်းသော်လည်း ခန့်ညားစွာ ဆောက်လုပ်ထားပြီး အတွင်း၌ နံကရိုင်းမယ်တော်ရုပ်တု ရှိပါသည် ထူးခြားမှုက နံကရိုင်းမယ်တော်နန်းရင်းတစ်ဝိုက်တွင် ကညွတ်တော များစွာ ပေါက်နေသည်ကို တွေ့ခဲ့ရပါသည်။

လယ်ကွင်းမို့ ကညွတ်ပေါက်တာမဆန်းဟု ဆိုစရာ ရှိသေ လည်း နတ်ကွန်းအနီးတွင် ထူးထူးခြားခြား များပြားစွာ ပေါက်လျ ရှိခြင်းကို ဆိုပါသည်။


နံကရိုင်းမယ်တော် နန်းရင်း နန်းထိန်းဖြစ်သူ ဦးဘို နှ တွေ့တော့ မယ်တော်နတ်ပွဲ၊ ပူဇော်ပွဲ(ကနားပွဲ)ကို နှစ်စဉ် တပို့တွဲ ဆန်း(၁၀)ရက်နေ့မှာ စတင်ကျင်းပသည်ဟုသိရပါသည်။

ထိုကနားပွဲနှင့် မရှေးမနှောင်းပင် လောကရန်အောင် ဘုရာ ကိုလည်း တစ်ဆက်တည်း ကျင်းပသည်ဟု ဆိုပါသည်။

နံကရိုင်းမယ်တော်ဇာတ်ကြောင်း အတ္ထုပ္ပတ္တိနှင့်ပတ်သက် [illegible] ငါးမျိုးခန့် တွေ့ရသော်လည်း တစ်မျိုးနှင့်တစ်မျိုး သိ [illegible] မတိမ်းမယိမ်းဖြစ်ပါသောကြောင့် အများလက်ခံ သုံး [illegible]သော နံကရိုင်းမယ်တော်၏ ဇာတ်ကြောင်းကို ရေးသား [illegible]သည်။










www.burmeseclassic.com

www. burmeseclassic.com





# (၂)

သက္ကရာဇ် (၁၈၇)ခုနှစ်တွင် **'သမလ'**မည်သော မင်းကြီး ... ဟံသာဝတီ(ပဲခူး)ရွှေနန်းကို စိုးစံသိမ်းပိုက်စဉ်အချိန်ကာလ ဖြစ် ... သည်။

ထိုမင်းကြီးတွင် **'ဝိမလ'** ဟူသော ညီတော်တစ်ပါးရှိပေ၏။ ... နေ့တွင် သမလမင်းကြီးသည် ညီတော် ဝိမလမင်းသားကို ခေါ်ယူ ... င်းညီမင်းသားတို့ တတ်ကောင်းတတ်ရာသော အဌာရသ တစ် ... ခုစ်ရပ်သော ပညာများကို တက္ကသိုလ်၌ သွားရောက်သင်ယူစေ ... ညာစုံ၍ ရွှေဘုံပြန်ရောက်ပါက အိမ်ရှေ့အရာ ချီးမြှင့်မြှောက်စား ... ဟု ကတိကဝတ်ပြုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီတော် ဝိမလမင်းသားသည်လည်း နောင်တော်မင်းတရားကြီး အမိန့်တော်ရှိလိုက်သည့်အတိုင်း နောက်ပါတပည့်များနှင့် တက္ကသိုလ်သို့ သွားရောက်ကာ မင်းသားတို့ တတ်အပ်သော အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော ပညာများကို သွားရောက်သင်ယူခဲ့လေသည်။

ဝိမလမင်းသားသည် ပညာသင်ရန်ထွက်ခွာသွားပြီး မရှေး မနှောင်းအချိန်မှာပင် နေပြည်တော်နှင့် မနီးမဝေးနေရာတွင် ဘူး ဖရုံ၊ ငရုတ်၊ သခွား စသော သီးနှံများကို စိုက်ပျိုးစားသောက်လျက်ရှိသော 'မဲအိုလောင်း'ဆိုသူက မိမိ၏ ရွှေဖရုံပွင့်တွင် သန္ဓေတည်ကာ ရွှေဖရုံပွင့်မှ ရရှိထားသော လူမက နတ်တမျှလှပသည့် သမီးကညာ တစ်ဦး ရှိပါကြောင်း သတင်းပို့လျှောက်ထားလေသော် မင်းတရားကြီးက မှူးကြီးမတ်ရာ သေနာပတိတို့ကို သွားရောက်စုံစမ်းစေ၏။

မှူးကြီးမတ်ရာ စစ်သည်ဗိုလ်ပါတို့ ရောက်လာသည်ကို မြင်လျှင် ရွှေဖရုံမယ်ကလေးသည် အလွန်ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကာ ရွှေဖရုံခြမ်းထဲ ဝင်ပုန်းနေလေသည်။

နောက်ဆုံး မင်းချင်းများက ရှာတွေ့လေသောကြောင့် မဲအိုလောင်း လျှောက်ထားသည်မှာ မှန်ကန်ပါကြောင်း မင်းကြီးအား ပြန်လည် လျှောက်ထားလျှင် မင်းခမ်းမင်းနားဖြင့် ကောက်ယူတော် မူလေ၏။

မင်းကြီးသည် မိန်းကလေး၏ ရုပ်ဆင်းအင်္ဂါ ပြည့်စုံခြင်းကို နှစ်သက်သဘောကျလေသောကြောင့် 'ကပိထော်' ဟူသောအမည်ဖြင့် အဂ္ဂမဟေသီ တောင်ညာစံဒေဝီမိဖုရား မြှောက်တင်တော်မူလေ၏။ 'ကပိထော်' ဟူသည်မှာ မွန်ဘာသာစကားဖြစ်ပြီး 'ရွှေဖရုံမယ်' ဟူ၍ မြန်မာလို အဓိပ္ပါယ်ရပေ၏။





သုံးနှစ်ကျော်လေသော် သမလမင်းကြီးနှင့် ရွှေဖရုံမယ်တို့မှ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော သားတော်တစ်ယောက် ဖွားမြင်ချိန်တွင် တက္ကသိုလ်မှာ ပညာသင်နေသော ညီတော် ဝိမလမင်းသားလည်း ပညာစုံလင်၍ ပြည်တော်သို့ ပြန်ရောက်ချိန် ဖြစ်တော့သည်။

နောင်တော်မင်းတရားကြီးမှာ သားတော်လေးရလာသောအခါ ညီတော်အပေါ် ထားခဲ့သော ကတိကဝတ်ပျက်ကာ မေ့လျော့နေ၏။ လျစ်လျူပြုထားသည်ကို မကျေနပ်ကာ နောင်တော် သမလမင်းကို လုပ်ကြံ၍ ညီတော် ဝိမလမင်း ထီးနန်းသိမ်းပိုက်လိုက်လေ၏။

မိဖုရားကြီးကိုမူ အသက်ဘေးမှ ချမ်းသာပေး၍ နောင်တော်သွေးနှင့်ရထားသော သားငယ်ကို နယ်စွန်နယ်ဖျားတွင် သွားရောက်စွန့်ပစ်ရမည်ဟု အမိန့်တော်ချမှတ်လေ၏။ ရွှေဖရုံမယ်လည်း ဝိမလမင်း၏ အမိန့်စကားကို မလွန်ဆန်ဝံ့ရကား သားတော်လေး အသက်ဘေးမှ လွတ်ပါစေတော့ဟု စေတနာဖြင့် ဟံသာဝတီနှင့် သဂ္ဂဏ္ဏာဘုမ္မိ နှစ်ပြည် ထောင်အကြား 'ကွမ်အပ်သား' ဟူသော တောစပ်တစ်နေရာ၌ သွားရောက်စွန့်ပစ်ရလေတော့သည်။

ကွမ်အပ်သားဟူသော ဝေါဟာရမှာ မွန်ဘာသာစကားဖြစ်ပြီး မြန်မာလို 'နယ်ခြား' ဟူ၍ အဓိပ္ပါယ်ရပေသည်။ ထိုနယ်တွင် ကျွဲပေါင်းများစွာတို့ သဘာဝအလျောက် နေထိုင်ကြရာ ထိုကျွဲအပေါင်းကို 'နံ့ကရိုင်း' အမည်ရှိ ကျွဲမကြီးက ဦးဆောင်နေပေ၏။

နံနက်လင်း၍ ကျွဲများ အစာရှာရန် ထွက်လာကြသောအခါ လမ်းခုလတ်တွင် ကလေးငယ်တစ်ဦးအား မြင်လေလျှင် နံ့ကရိုင်း ကျွဲမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ကလေးကို ခွဲ၍ရပ်ကာ အခြားကျွဲများရန်မှ အကာအကွယ် ပေး၍ စောင့်ရှောက်ထားလေ၏။

နတ်ရွာစံ၍ ကံတော်ကုန်သွားသော သမလမင်းကြီးမှာ ဘဝပြောင်း၍ ရက္ခစိုးနတ်ဖြစ်နေသောကြောင့် ယခင်ဘဝဟောင်း သားတော်လေးကို နံကရိုင်းကျွဲမကြီးနှင့်အတူ စောင့်ရှောက်ပေး ရာ ကလေးငယ်မှာ ကျွဲနို့သောက်ကာဖြင့် ဘေးမသီရန်မခဘဲ တစ် ကြီးပြင်းလာခဲ့ပေ၏။

ထိုကလေးကို အမည်ပေးသောအခါတွင်လည်း နယ်ခြား ဘစ်နေရာမှ ရရှိသောကြောင့် 'ကွမ်အပ်သား'၊ 'နယ်ခြားမင်းသား ကလေး'ဟု အမည်ပေးကြလေ၏။

ကွမ်အပ်သား မင်းသားလေးမှာ အရွယ်ရောက်လာသော အခါ ခွန်အားဗလနှင့်အထူးပြည့်စုံရကား ကျွဲပေါင်းတစ်ထောင် ယှဉ်၍ မနားတမ်းပြေးလွှားနိုင်ပြီး ကျွဲချိုများကြားတွင် ဆော့က နိုင်သောအား ရှိပေ၏။ ကာလကြာသော် 'ကွမ်အပ်သား' မှ 'အ မင်းသား'ဟု အမည်တွင်ခဲ့လေသည်။

သို့ဖြင့် မင်းသားလေးမှာ အချိန်တန် အရွယ်ရောက် လူ မြောက်သော် ဆင်ပြောင်ငါးစီးအား ဆောင်နိုင်စွမ်းသော ဟူ၏။

ထိုအချိန်တွင် မွန်လူမျိုးတို့က နှစ်သက်လိုလားခြင်းမရှိ တိုင်းပြည်မှနှင်ထုတ်ထားသော ကုလားလူမျိုးအချို့တို့သည် အ ခုနစ်တောင်ခန့်ရှိ ကုလားကြီးတစ်ဦးကို စစ်သည်တို့၏အကြီးအ ပြုစေကာ စစ်သင်္ဘောခုနစ်စင်းဖြင့် ဟံသာဝတီသို့ ချီတက်လာ လေသည်။

"စစ်ခင်းမည်လား၊ လက်နက်ချ အညံ့ခံ၍ တိုင်းပြည်အ





ညေလော" ဟု ရာဇသံပေးကြလေသည်။

ဝိမလမင်းလည်း မြို့တံခါးကို အလုံပိတ်ကာ ကြံ့ကြံ့ခံလေ သည်။ ထိုအခါ ကုလားစစ်သည်တို့က ရာဇသံပေးကြပြန်၏။

"မိမိတို့ဘက်မှ သူရဲကောင်းလန်ဘားနှင့် မွန်တို့ဘက်မှ သူရဲ ကောင်း တစ်ဦးချင်း ထိုးကြမည်။ မိမိရှုံးပါက ပါလာသော ရတနာ ပစ္စည်းများကို ထားခဲ့ပြီး စစ်ပြန်ရုပ်ကြမည်။

မွန်တို့ဘက်မှ သူရဲကောင်း ရှုံးပါက တိုင်းပြည်အပ်ရမည်"

ထိုသို့ ရာဇသံပေးကာ ခုနစ်ရက် အချိန်ပေးသော် ဟံသာ ဝတီပြည့်ရှင် ဝိမလမင်းလည်း တိုင်းပြည်တွင်း၌ သူရဲကောင်းကို ရှာ လေ၏။

သို့သော်. . အရပ်ခုနစ်တောင်ခန့်ရှိသော လူစွမ်းကောင်း လန်ဘားနှင့် စစ်ထိုးဝံ့သူ လူစွမ်းကောင်းကို ရှာမရပေ။

ထိုအခါမှ မုဆိုးတစ်ဦးက တောလည်သွားရင်း နယ်ခြား ဘစ်ခု၌ လူစွမ်းကောင်းတစ်ဦးကို ကျွဲများကြားတွင် တွေ့ခဲ့ရ ကြောင်း မိမိဇနီးအားပြောပြလေရာ ဇနီးသည်က ဘုရင်ထံသံတော်ဦး တင်ရန် အကြံပေးရာ ဘုရင့်ထံဝင်ရောက်၍ အကြောင်းစုံကို လျှောက် ထားလေ၏။

ဘုရင်က ဆုတော်လာဘ်တော် ချီးမြှင့်ပေးလေ၏။ ထို့နောက် အမတ်များကို လွှတ်ကာ လူစွမ်းကောင်းအား ရှာဖွေခေါ်ယူစေ၏။

မင်းချင်းတို့လည်း အသားမင်းသားကို ခေါ်၍ ဘုရင်ထံသို့ ပို့ကြလေသည်။ ထိုအခါ ဝိမလမင်းကြီးက ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ကာ ခွန်အားဗလနှင့် အထူးပြည့်စုံသော အသားမင်းသားကို မြင်၍ သဘောကျသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ကုလားလန်ဘားကို ခုခံတွန်းလှန်နိုင်ပါက သမီးတော်နှ ထိမ်မြားပေးကာ အိမ်ရှေ့အရာ ပေးသနားမည်"

ဟု အမိန့်ရှိသော် အသားမင်းသားက ကျေးဇူးရှင် မိခင် သို့ပြန်၍ ခွင့်ပန်ပါရစေဟု ဆိုကာ နေရပ်သို့ ပြန်လေ၏။ ထို့နော အသားမင်းသားသည် မိခင်နံ့ကရိုင်းကျွဲမကြီးထံသို့ ရောက်လျှင်.. အကျိုးအကြောင်း ပြောပြကာ ခွင့်ပန်လေလျှင် မိခင်ကျွဲမကြီး ကြည်ဖြူစွာ ခွင့်ပေးခဲ့ရုံသာမက ရန်သူကို မည်သို့မည်ပုံ တိုက်ခိုက် ည်ကိုပါ သင်ကြားပေးခဲ့သည်။

"ဟော့ . . . လန်ဘား၊ မင်းနောက်မှာ အမိုးရောက်နေပြီ"

လို့အော်လိုက်၊ လန်ဘား နောက်ပြန်လှည့်ကြည့်ရင် လုံ့နဲ့ လိုက် ဟူ၍ မှာကြားလေ၏။

အသားမင်းသားသည် မိခင်နံ့ကရိုင်း မှာကြားလိုက်သည် အတိုင်း သေချာစွာမှတ်သားကာ နယ်ခြားဒေသမှ ခရီးထွက်လေသော လမ်းခုလတ်တစ်နေရာတွင် ဒီရေတက်နေသည်နှင့် ကြုံကြိုက် သောကြောင့် ဒီရေမတက်အောင်တားဆီးလေရာ မြစ်စောင့်နတ်သမီး ရောက်လာလေ၏။

"ဒီရေတက်လာသည်ကို တားမြစ်ရပါမည်လော"

ဟု ဒေါသဖြင့် အပြစ်တင်ကာ. . .

"ဒီရေကို တားမြစ်ခဲ့သည့်အတွက် သင့်မှာအပြစ်ရှိတယ် အချိန်တစ်မောင်းအတွင်းမှာ ဒရယ်ကျောပြောင် အမြီးတစ်ထောင် ရှာဖွေပေးရမည်။

ကျွန်ုပ်က ချည်ခင်တစ်ထောင်ကို ရှာဖွေပေးမည်။ ရှုံးသူ နိုင်သူကို လုပ်ပေးစတမ်း" ဟု ကတိထားပြီး အစွမ်းပြိုင်ကြလေ၏





အချိန်တစ်မောင်း ကြာညောင်းလေသော် အသားမင်းသား ည် ဒရယ်ကျောပြောင် အမြီးတစ်ထောင်ကို ရှာဖွေ ဖြတ်ယူနိုင်သလို သမီးကလည်း ချည်ခင်တစ်ထောင်ကို ကြိုတင် ဖန်ဆင်းထားနိုင် ၏။

(အသားမင်းသား ဒရယ်အမြီးတစ်ထောင် ရှာဖြတ်ခဲ့သော မှာ ယခုအခါ 'ဒရယ်မြီးလမ်းဆုံ' ဟူ၍ အမည်တွင်လျက် ရှိခဲ့ ၏၊ စာရေးသူ)

သို့ရာတွင် ဒရယ်ကျောပြောင် အမြီးတစ်ထောင်မှ တစ် င်းသော အမြီးကို နတ်သမီးက ခါးကြားထဲ ဝှက်ထားခဲ့လေ၏။

(အချို့က ရေနတ်သမီးစီးသော ကမ္ဘာလိပ်က စားပစ်ခဲ့သည် ကွဲရေးသားကြ၏။)

"အသင်တောတွင်းသား၊ ကျွန်ုပ်က ကတိအတိုင်း ချည်ခင် ထောင်ကို ရှာဖွေထားနိုင်ခဲ့သည်။ သင်ကား ဒရယ်ကျောပြောင် ဘစ်ထောင်ကို ရှာခဲ့သည် ဆိုသော်ငြား အခုအခါ တစ်ထောင် တစ်ချောင်းလျော့နေသောကြောင့် ကတိအတိုင်း သင်ရှုံးခဲ့ ပြီ၊

သို့ကြောင့် ကတိစကားအတိုင်း သင်ပြုရမည်ကာ သင် ဘွင်းသား ထိမ်းမြားမင်္ဂလာပြုသောနေ့တွင် ဇမ္ဗူရစ်ရွှေ ကိန်း င်းလျက်ရှိသော ကျွဲခေါင်းကိုဖြတ်၍ ကျွန်ုပ်ကို ပူဇော်ပသပေး ည်"

ဟုမှာကြားစေခိုင်းလေလျှင် မင်းသားလည်း "ကတိစကား င်း သင်နတ်သမီး လိုအင်ဆန္ဒအတိုင်း ဖြစ်စေရမည်" ဟုကတိ ခရီးဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အသားမင်းသားသည် ဟံသာဝတီနေပြည်တော်သို့ ပြန်ရောက်လျှင် ဝိမလမင်းကြီးထံ အခစားဝင်ကာ. . .

"မိခင်နံကရိုင်းမှ အခွင့်ပေးသောကြောင့် ရန်သူကုလားလန်ဘားအား အနိုင်တိုက်ပေးပါမည်"

ဟု လျှောက်ထားလေလျှင် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် လိုအပ်သည်များကို ချီးမြှင့်ပေးစေ၏။

ကုလားစစ်သည် လန်ဘားနှင့် သူရဲကောင်းချင်း တိုက်သောခနေ့တွင် နှစ်ဘက်ပရိသတ်တို့ များပြားလှစွာဖြင့် ဝိမလမင်းကြီးကိုယ်တိုင် ကြွရောက်ကြည့်ရှုတော်မူ၏။

ကုလားလန်ဘားက ခုနစ်တောင်မျှ အရပ်မြင့်သူဖြစ်ရာ အရပ်နှင့်ညီမျှ၍ ငှက်ပျောရွက်တမျှ ကြီးမားသော ဓားကြီးကို တိုင်ထားပြီး အသားမင်းသားက လှံရှည်တစ်ချောင်းကို ကိုင်ထားလေ၏။

တိုက်ပွဲစသည်နှင့်. . အသားမင်းသားသည် မိခင်နံကရိုင်းမှာကြားလိုက်သည့်အတိုင်း "ဟေ့. . . လန်ဘား၊ မင်းနောက်မှာ အမိရောက်နေပြီ" ဟု အော်လေရာ လန်ဘားက အဟုတ်မှတ်၍ နောက်သို့ လှည့်ကြည့်ခိုက်တွင် လှံနှင့်ထိုးရာ ခွန်အားကြီးသူဖြစ်ရကား လှံမှာ ကုလားလန်ဘား ဝတ်ဆင်ထားသော ကိုယ်သံချပ်အင်္ကျီကို ထုတ်ချင်းခတ်ကာ မြေသို့ စိုက်လေ၏။

ကုလားလန်ဘား လဲကျသေလျှင်. . အသားမင်းသားက ဦးခေါင်းကို ဖြတ်ကာ ဝိမလမင်းကြီးကို ဆက်သလေသည်။

လန်ဘား ကျလေလျှင် ကုလားသည်တို့လည်း ကတိအတိုင်း လက်နက်ရိက္ခာ၊ ရွှေငွေရတနာများကို ထားရစ်ကာ ပြန်ပြေးကြလေတော့သည်။





ဝိမလမင်းကြီးလည်း အားရတော်မူသဖြင့် အကြောင်းစုံမေးမြန်းလေသော် အသကုမ္မမင်းသားမှာ မိမိနောင်တော်၏ သားတော်၊ မိမိ၏တူတော်မောင်ဖြစ်ကြောင်း သိရလေလျှင် ကတိစကားအတိုင်း အိမ်ရှေ့အရာ ပေးသနား၍ သမီးတော်နှင့် ထိမ်းမြား မင်္ဂလာဆွဲအား ခြိမ့်ခြိမ့်သဲဆင်နွှဲရန် စီစဉ်စေတော့သည်။

♣ ♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

အသားမင်းသားသည် ထိမ်းမြားမင်္ဂလာ ပြုခါနီးသောအခါ ရေနတ်သမီးအား ကတိပေးထားခဲ့သည့် "ဇမ္ဗူရစ်ရွှေစင် ကိန်းအောင်း သော ကျွဲခေါင်းဖြင့် ဆက်သပူဇော်ပါမည်" ဟူသော ကတိစကားအ တိုင်းပြည်ရွာအနှံ့ လိုက်ရှာပါသော်လည်း ဘယ်မှာမှ ရှာမတွေ့နိုင် အောင်ရှိတော့သည်။

ထိုအခါ စိတ်မချမ်းမသာဖြစ်နေလေရာ ထိုအကြောင်းကို မိခင်နံကရိုင်းက သိလေသော်. . ၊

"သားမောင်. . ၊ ဒီအတွက် စိတ်ဆင်းရဲ မနေပါလင့်၊ သား မောင်အလိုရှိသော ဇမ္ဗူရစ်ရွှေစင် ကိန်းအောင်းနေသော ကျွဲဦးခေါင်း ကာ အခြားနေရာတွင် မရှိပေ။

မိခင်၏ ဦးချိုဖျား၌သာ ဇမ္ဗူရစ်ရွှေစင် ကိန်းဝပ်လျက် ရှိ သည်။ အလျင်အမြန် ဖြတ်၍ ရေနတ်သမီးအား ကတိအတိုင်း ပူဇော် ပသပေတော့"

ပွဲတိုင်းကျော်ပါတဲ့ နံကရိုင်းမယ်တော်



ဟု ပြောကြားသော်လည်း မိခင်အား မိခင်ရင်းနှင့်မခြား ငယ် ငယ်ကတည်းက ပြုစုစောင့်ရှောက်ပေးခဲ့သော ကျေးမိခင်ပေမို့ မဖြတ် ရက်ဘဲ ရှိနေစဉ် မိခင်နံကရိုင်းက. . .

"သားမောင် မဖြတ်ရက်ပါလျှင် မိမိလည်ပင်းပေါ်သို့ ဓားကို တင်ပေးရုံ တင်ပေးပါ"

ဟု ဆိုသဖြင့် ဓားကို တင်ပေးမှုဖြင့် မိခင်နံကရိုင်းမှာ အဝိဇ္ဇာန် ဖြစ်လေရာ ဦးခေါင်းမှာ ဖြတ်ချသကဲ့သို့ ပြတ်ထွား မြေသို့ ကျလေတော့ သည်။

အသာကုမ္ဘာမင်းသားနှင့် ဝိမလမင်းကြီး၏သမီးတော် နန္ဒာတို့ ထိမ်းမြားမင်္ဂလာ ပြုသောနေ့တွင် ကတိအတိုင်း ရေနတ်

www.burmeseclassic.com

www.burmeseclassic.com



သမီးအား ဇမ္ဗူရစ်ရွှေ ကိန်းအောင်းလျက်ရှိသော နံကရိုင်း ကျွဲခေါင်း…ဖြင့် ပူဇော်ပသခြင်းပြုလေ၏။

အသားမင်းသားသည် ကျေးမိခင်ဖြစ်သော နံကရိုင်းအား…ဦးခေါင်းဖြတ်မိသည့်အတွက် ကံကြီးထိုက်မည်စိုးသောကြောင့် …အပြစ်မှ ကင်းစင်ပပျောက်စေရန် ကျွဲဦးခေါင်းကို ဇမ္ဗူရစ်ရွှေ…ကိုးကွယ်ပြီး နံကရိုင်းမယ်တော်အားလည်း ပသပူဇော်ခဲ့ပေ၏။

အဿကုမ္မာမင်းသား ဟံသာဝတီပြည်တွင် အထွတ်အထိ…သို့ ရောက်လေလျှင် မင်းကိုးကွယ်သော နတ်ပေမို့ တိုင်းသူပြည်သား…များက လိုက်လံကိုးကွယ်ကြရာ ဟံသာဝတီတစ်ပြည်လုံး ကိုးကွယ်…သော နတ်အဖြစ်သို့ ရောက်ခဲ့ပေတော့သည်။

အသားမင်းသားသည် ဘုရင်အဖြစ်သို့ ရောက်သောအခါ…မိမိငယ်စဉ်က ကျက်စားနေထိုင်ခဲ့သည့် နယ်ခြားနယ်စပ်ဒေသ…အမြဲ ထာဝရ အမှတ်တရဖြစ်စေခြင်းငှာ ကွမ်းအပ်သာ တောတန်း…'ကျိုက်ကသာ' ဟူသော ဘွဲ့တော်နှင့် ဘုရားတစ်ဆူတည်ထား …ဒွယ်ခဲ့ရာ ကာလကြာသော် သထုံမြို့နယ်တွင် ပါဝင်သည့် 'ကျိုက္ကသာ'…ဟူသော ဘွဲ့ဖြင့် ထင်ရှားခဲ့လေ၏။

အသားမင်းသားမှ အစပြု၍ နံကရိုင်းနတ်ကို ကျွဲခေါင်း…တင်မြှောက်ပသခဲ့ရာမှ ကာလကြာသောအခါ ကျွဲခေါင်းအစား …ကို နဖားထိုး၍ အစားထိုးတင်မြှောက်ကြလေ၏။ ဤကား နံကရိုင်း…မယ်တော်၏ ဘဝကူးပြောင်းပုံ အဖြစ်အပျက်ပင် ဖြစ်ပေတော့သည်။





## (၃)

ကျွ…နေရာတွင် လိပ်နှင့်ပတ်သက်၍ မူကွဲရှိနေပါသည်။ …တို့၏တာဝန်ကား တင်ပြရုံသာဖြစ်ပြီး မှတ်ချက်ပေးရန် မဖြစ် …ကြောင့် စာဖတ်သူတို့ နှစ်သက်တာကို လက်ခံယူနိုင်ကြရန် …ပေးပါသည်။

ဒိုက်ဦးမြို့မှ နံကရိုင်းမယ်တော် နန်းထိန်း'ဦးဘို'က အောက်ပါ …ပြောပြပါသည်။

"နံကရိုင်း မယ်တော်ကြီးကို ကိုးကွယ်ကြသူတွေက လိပ်မြင် …င်ကြတာက လိပ်ဆိုတာ ကမ္ဘာတည်ကတည်းကရှိခဲ့တဲ့ ကမ္ဘာ့ …သော့ ကျေးဖူးရှင်အဖြစ် သတ်မှတ်ကြပါတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် ရွှေရည်၊ ငွေရည် လောင်းပြီး မသတ်ဘဲ ပြန်လွှတ် ပေးကြ ပါ။ ကျွဲနွားကို ကျေးဇူးရှင်ဆိုပြီး မသတ်ဘဲ ရှောင်ကြဉ်ကြသ ရှောင်ကြတာ ဖြစ်ပါတယ်"

ဒါက ဦးဘိုရဲ့စကား။

အခြားမှတ်တမ်းတစ်ခုကို အောက်ပါအတိုင်း ဖော်ပြပါမည် အသားမင်းသားနှင့် တန်ခိုးချင်း၊ အစွမ်းချင်း ပြိုင်ခဲ့သော ဒီရေစော နတ်သမီး၏ စီးတော်ယာဉ်မှာ လိပ်သတ္တဝါဖြစ်လေ၏။

အသားမင်းသားနှင့် ဒီရေစောင့်နတ်သမီးတို့ အစွမ်းပြ ကြရာတွင် အသားမင်းသားယူဆောင်လာခဲ့သော ဒရယ်ကျော အမြီးတစ်ထောင်ထဲမှ အမြီးတစ်ချောင်းကို နတ်သမီးက ဝှက်ထား ရာ အသားမင်းသားက ရှာဖွေရာတွင် ထိုအမြီးကို စီးတော်လိပ် စားပစ်လိုက်သောကြောင့် အသားမင်းသားက ရှုံးခဲ့ရလေသည်။

ယင်းသို့ရှုံးသောကြောင့် ကတိစကားအတိုင်း ကျွဲဦးခေါင်း ဖြတ်၍ နတ်သမီးအား တင်မြှောက်ခဲ့ရသည်။

အသားမင်းသား မင်းဖြစ်လာသောအခါ ပေးခဲ့ရသော က စကားအတိုင်း သူကဲ့သို့ပင် သူ၏လူမျိုး တိုင်းသူပြည်သားများ အားလည်း မင်္ဂလာဆောင်တိုင်း ကျွဲခေါင်းဖြတ်၍ နတ်တင်ရန် အ အာဏာ ထုတ်ပြန်ခဲ့ရာမှ နံကရိုင်းနတ်မှာ တစ်စတစ်စ ရိုးရာန ဖြစ်ခဲ့ပေတော့သည်။

သို့ကြောင့် ရိုးရာနတ်ကို ကိုးကွယ်ကြသူများသည် ထို သတ္တဝါကို နိမိတ်မကောင်းသော သတ္တဝါအဖြစ် ရှု့ကြောက်မုန်း ကြလေ၏။

အိမ်ပေါ်သို့လည်းကောင်း၊ အိမ်ဝန်းကျင်သို့သော်လည်း





ောင်း၊ အခြားသူတစ်ဦးဦးက ယူဆောင်သွား၍သော်လည်းကောင်း ပ်ကိုတွေ့မြင်ရပါက 'လိပ်ပုပ်၊ လိပ်ပုပ်' ဟု ကြောက်လန့်တကြား ော်ပြောကြလေ၏။

အချို့ဆိုလျှင် မျက်စိမှိတ်၍ 'ဟဲ့. . . လိပ်ပုပ်ကို တခြား သွားကြစမ်းဟဲ့' ဟု အော်ဟစ်ကြပေ၏။ အချို့က မရှောင်သာ မ်း သာ ဖြစ်လာလျှင် ထိုလိပ်ကို သတ်၍ နတ်ကျွေးသည်လည်း ေ၏။



www.burmeseclassic.com

www.burmeseclassic.com


(၄)

## ကွမ်း

➢ ကွမ်းဆောင်ထားနည်း

ကွမ်းဆောင်ကို လည်ပေါ်နှင့် အကြီးအသေးအရွယ်အစား အမျိုးမျိုး ထားရှိနိုင်၏။ အချို့က နတ်ကွန်းအထက်တွင် ကျွဲဦးခေါင်း သဏ္ဍာန်ပြုလုပ်ထားရှိကြ၏။

နံ့ကရိုင်းမယ်တော် နတ်ကွန်းအား အိမ်တွင်း၌ မထားရသော အိမ်ရှေ့၊ အိမ်ပြင် ခေါင်းရင်းဘက်တွင် ထားနိုင်ပါသည်။

(၁) နတ်ကွန်းတွင် နံ့ကရိုင်းမယ်တော်၏ ပုံတော်
(၂) အနာအဆာလွတ်သော ဖရုံသီးငယ်တစ်လုံး
(၃) ရေခံထားသော ရေကညွတ်(သို့)ရေကန်စွန်း ထည့်ထားသော စဉ့်အင်တုံတစ်လုံး
(၄) သစ်သီးတစ်မျိုး (ငှက်ပျောသီး၊ သခွားသီး)
(၅) သောက်တော်ရေခွက်၊ ပန်းအိုးတစ်လုံး

စသည်တို့ မပြတ်တင်ထားရပါသည်။

➢ ပွဲတင်နည်းမှာ . . .

ဝါဝင်ဝါထွက်တွင် ပွဲတင်လေ့ရှိသော ရိုးရာသမားများနှင့် ရိုးရာမဟုတ်သော်လည်း အခြားအကြောင်းအမျိုးမျိုးကြောင့် နံ့ကရိုင်း မယ်တော်အား ပွဲတင်ပသလိုသူများအဖို့ အောက်ပါအတိုင်း ကန် တော့ပွဲ ပြင်နိုင်ပါသည်။

(၁) ကြွက်မြီးကောင်းကောင်း၊ အလုံးလှလှ အနာအဆာ လွတ်သော အုန်းသီး(၁)လုံး၊
(၂) ဖီးကြမ်း(သို့မဟုတ်) ရခိုင်ငှက်ပျောသီး (၂)ဖီး
(၃) သပြေခက်၊ စံပယ်ပန်း၊ ကွမ်းယာ၊ အမွှေးတိုင်၊ သန့်ရှင်းသောဇလုံတွင်းသို့ ငှက်ပျောဖီးဆိုင်တည်ကာ အလယ်တွင် အုန်းသီးကို တည့်မတ်စွာတည်ပါ။

သပြေခက်၊ အမွှေးတိုင်နှင့် ကွမ်းယာများကို ငှက်ပျောသီး ကြား၌ ညှပ်ပါ။ အုန်းသီးအညှာတွင် စံပယ်ပန်းများကို လှပအောင် ချိတ်ဆွဲပါ။

ထို့နောက် အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပါ။ ဤသို့ ပြင်ပြီးပါက မယ်တော်ကြီးအတွက် စားပွဲပြင်ပါ။ စားပွဲပြင်ရန်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

(၁) မုန့်ဖြူ မုန့်နီ (၇)ချပ်စီ၊
(၂) မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့၊ ရွှေထမင်း၊ ကောက်ညှင်း ပေါင်း၊

www.burmeseclassic.com



(၃) ငါးအရှင်နှစ်ကောင်(ရေထည့်ထားသော ဇလုံအတွင်းမှာ တည်ထားပါ)

(၄) အမြီးစုံ ခေါင်းစုံကြော်ထားသည့် ငါးကြော်နှစ်ကောင်

(၅) ကညွတ်ရွက်သုပ်(သို့)လက်ဖက်သုပ်(သို့)အသုပ်မျိုးစုံ

(၆) ယိုသုံးမျိုး(ဒူးရင်းယို၊ နာနတ်ယို၊ ကတွတ်ယို)

*မှတ်ချက်။* ။ ငါးကြော်ရာတွင် ဓားမမွှန်း၊ ဆားမထည့်ရ၊ အကြေ မသင်၊ အမြီး ဦးခေါင်းမဖြတ်ပစ်ရ။

အထက်ပါအတိုင်းပွဲပြင်၍ ဆီမီးနံ့သာထွန်းညှိ ဆက်သပေး နိုင်ပါသည်။

➤ ကွန်းနန်းပြင်ဆင်ခြယ်သနည်းမှာ. . .

ကျွဲခေါင်းမကိုင်ရှကိုဆောင်း၍ ငါးရံ့တစ်ကောင်(သို့မဟုတ်) နှစ်ကောင်ကို အမြီးနှင့်ခေါင်း မျှညီနေစေရန်အလယ်မှ လက်နှစ်ဖ ဖြင့် မ,ကိုင်ထားသော မယ်တော်အား တရော်ကင်ပွန်းနှင့် ဆေးကြေ ၍ ရေသန့်စင်ပြီး အမွှေးနံ့သာရည်ဖြင့် ဖျန်းပက်ပေးပါ။ ကွန်းနန်းတ ဆေးနိုသုတ်ခြယ်၍ ပန်းဆွဲပန်းဆိုင်များကိုတော့ လှပအောင် ခြယ်သ ပေးနိုင်ပါသည်။

➤ ဆောင်ရန်အချက်များမှာ. . .

(၁) မယ်တော်နတ်ကွန်းအနီးတွင် အမြဲတန်း သန့်ရှင်းသပ်ရ နေစေရန် အမှိုက်လှဲကျင်း၍ ရေဖျန်းပေးပါ။

(၂) ရေအင်တုံတွင် အမှိုက်များမဝင်စေရန် ဂရုစိုက်၍ ရေမပြတ်စေရန် ဂရုစိုက်ပြီး ရေကြည်ရေသန့်များ မပြတ် လဲထည့်ပေးပါ။

(၃) ရာသီအလိုက် ပေါ်သော သီးနှံများကို တတ်အားသမျှ





ဆက်သပေးပါ။

(၄) ကညွတ်၊ ကန်စွန်း မညှိုးစေရန် ဂရုစိုက်ပြီး လိုအပ်ပါက အသစ်လဲလှယ်ပေးရပါမည်။

➤ ရှောင်ရန်များမှာ. . .

(၁) နွားနို့၊ ကျွဲနို့နှင့် ၎င်းတို့နှင့်ပြုလုပ်ထားသော အစား အသောက်များ မဆက်သရပါ။

(၂) ကျွဲနွား အသားဟင်းလျာများ၊ ၎င်းအဆီအသားတို့ ပါဝင်သော အစားအသောက်များ မဆက်သရပါ။

ယင်းတို့မှာ ဆောင်ရန် ရှောင်ရန်များ ဖြစ်ကြပါသည်။

မယ်တော်ကြီး၏ သိဒ္ဓိအမျိုးမျိုးတို့မှာ. . .

(၁) အိုးမဲ့အိမ်မဲ့၊ မြေယာမဲ့များကို အိုးပိုင်၊ အိမ်ပိုင်၊ မြေယာပိုင် ဖြစ်အောင် ကူညီပေးနိုင်ခြင်း၊

(၂) အိမ်ပိုင်၊ မြေပိုင်ရှိသော်လည်း ပို၍ ကောင်းမွန်သော အိမ်၊ စီးပွားရေးဖြစ်ထွန်းသောအိမ်၊ မြေခံကောင်းသော အိမ်တို့ တွင် ရာသက်ပန် အခြေချနေနိုင်စေရန် ကူညီမ,စပေး နိုင်ခြင်း၊

(၃) ရွှေ၊ ငွေ၊ လက်ဝတ်ရတနာ၊ အိမ်ထောင်ပရိဘောဂ၊ လူသုံး ကုန် အခြားပစ္စည်းများ လိုသလို ရနိုင်ရန် ကူညီမ,စပေး နိုင်ခြင်း၊

ထိုသို့ ပြင်ဆင်ပြီးပါက အောက်ပါအတိုင်း ပွဲအပ်၊ ကွန်းနန်း အပ်နိုင်ပါသည်။

➤ "နံ့ကာရိုင်းမယ်တော်ကြီး ခင်ဗျား/ရှင့် -

မယ်တော်ကြီး၏ သိဒ္ဓိတန်ခိုး အမျိုးမျိုးတို့ကို ယုံကြည်အား



www.burmeseclassic.com

www.burmeseclassic.com



ပါသောကြောင့် ယခုကဲ့သို့ ကွန်းနန်းအပ်ပွဲပြင် ပသ ဒါန ပြုခြင်းဖြစ်ပါသည်။

သားတော်၊ သမီးတော်(မိမိတို့ အမည်များကို ထည့်သွင်း ပြောကြားနိုင်ပါသည်) တို့မှာ ယခုအချိန်အထိ အိုးပိုင်၊ အိမ်ပိုင်၊ မရှိပါ လယ်ပိုင် ယာမြေပိုင် မရှိပါ။

လက်ဝယ်ရရှိအောင် စောင်မ ကြည့်ရှုပေးတော်မူပါ။ (အိုးပိုင် အိမ်ပိုင် ရှိသော်လည်း အမှုအခင်းဖြစ်၊ စီးပွားပျက်၊ မြေဆိုး မြေကြမ်းတွင် နေရပါကလည်း)

ထိုနေရာဆိုးမှ အမြန်ဆုံးကင်းလွတ်အောင် ဖယ်ရှားပေးတော်မူ၍ နေရာကောင်းများကို ပေးသနားတော်မူပါ၊ စီးပွား ဥစ္စာ ရွှေငွေရတနာများကိုလည်း တိုးတက်အောင် စောင့်ရှောက် ပေးတော်မူပါ။

ကိုယ်မကျန်းမာခြင်း၊ စိတ်မချမ်းသာခြင်းများ စိုးရိမ်ထိတ်လန့်မှုများကို ဖယ်ရှားပေးတော်မူပါ။

ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာစွာဖြင့် စီးပွားဥစ္စာများ ဒီရေအလားသို့ တိုးတက်ထွန်းကားပြီး အိုးပိုင်အိမ်ပိုင်၊ အိမ်ကောင်း မြေကောင်းများဖြင့် နေထိုင်နိုင်အောင် ချီးမြှင့်မြှောက်စားပေးတော်မူပါ။

ရာမညတိုင်း၊ မွန်တိုင်းသုံးရပ်တွင် တကယ်ကျော် အမှန်တော်ပါတဲ့ အမေနံကရိုင်း မယ်တော်ခင်ဗျား”

ထိုသို့ တင်မြှောက်ပသနိုင်ကြပါသည်။

၅ ၅ ၅ ၅





# နိဂုံး

နံကရိုင်းမယ်တော်နှင့် ပတ်သက်၍ (မူကွဲ) မှတ်တမ်းများ ရှိကြပါသည်။ မှန်နန်းရာဇဝင်၊ တွင်းသင်းရာဇဝင်သစ် စသော ကျမ်းကြီးများတွင် အခိုင်အမာ မပါရှိသော်လည်း ၃၇-မင်း နတ်စာရင်းတွင် မပါဝင်သော်လည်း ပူဇော်ပသမှုအပိုင်းတွင် ချန်လှပ်ထား၍ မရ သော မယ်တော်တစ်ပါး ဖြစ်ပေ၏။

မိမိတို့ ရိုးရာသမားတို့ တင်မြှောက်ပသမှု ပေးရသော မယ်တော်ကြီးလည်း မှန်ပေ၏။ ပုံတော် ထုလုပ်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ နံကရိုင်းမယ်တော်မှာ ကွဲဖြစ်သော်လည်း သာမာန်ကွဲ မဟုတ်ပေ။

ဦးချိုတွင် ဖမ္မျုရစ်ရွှေစင် ကိန်းဝပ်လျက်ရှိသော တန်ခိုးရှိသည် ဖြစ်ရကား ပုံတော်ထုလုပ်ရာတွင် လူသဏ္ဌာန်ထုလုပ်၍ ဦးခေါင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျွဲချီဦးခေါင်းမကိုင်နှင့်ကို ဆင်မြန်းထားပေ၏။

ဒါ့အပြင်အကျီ ချိတ်ထဘီတို့ဖြင့် ပဝါစသည်တို့ ဆက်ကပ်ကာ တင့်တယ်စွာ ဆင်ယင်ထားကြသည်။

ငါးရံ့တစ်ကောင်(သို့)နှစ်ကောင်ကို ဟန်ချက်ညီအောင် ကိုင်၍ လှုပစွာရပ်တန့်လျက်ရှိပေ၏။

ဤသို့ တင့်တယ်စွာဖန်ဆင်း ထားသောကြောင့် ကိုးကွယ်သူတို့အဖို့လည်း ဝန်လေးဖွယ်ရာ မရှိတော့ပြီ။

ငါးရံ့နဖားထိုးခြင်းနှင့် စပ်လျဉ်း၍ ယခင်အချိန်ကာလများက ရိုးရာတင်မြှောက်လျှင် ကျွဲခေါင်းကိုဖြတ်၍ တင်မြှောက် ပသကြသော်လည်း ခေတ်ကာလ ကြာမြင့်လာသောအခါ ကျွဲကို သတ်ဖြတ်ရခြင်းကို ဝန်လေးလာကြသည်က တစ်ကြောင်း. .

ကျွဲများ ရှားပါး၍ တန်ဘိုးကြီးမြင့်လာကြသည်က တစ်ကြောင်း၊ ထို့ပြင် နတ်ကနားခွင် လူထုပရိတ်သတ်တွင်းသို့ ကျွဲကို ဆွဲသွင်းရသည်မှာ အခက်အခဲရှိခြင်းကြောင့်လည်းကောင်း . .၊

ကျွဲအစား ငါးရဲ့တစ်ကောင်ကို သပ်လျှိုပြီး နဖားကြိုးတန်းကာ ကျွဲအစားထို၍ တင်မြှောက် ဆက်သကြခြင်းမှ အစပြုကာ "ငါးရံ့နဖားထိုး" ဟူသော ဝေါဟာရ ဖြစ်ပေါ်ခြင်းဖြစ်၏။

ထိုသို့ ပသသောအခါ နတ်ကတော်၊ နတ်ကနားစီးများက. .

"ဟေး. . . ဟေး. . . ငါးရံ့၊ ငါးရံ့လည်းမဟုတ်၊ ရွှေစင် ဦးချိုရှိတဲ့ နံကချိုင်းမိခင်၊ အနန္တဂိုဏ်းဝင် နို့ရည်သခင်၊ မိခင် နံကရိုင်းကို အစဉ် အောက်မေ့သတိရလျက်ပါရှင်"

ဟူ၍ ပြောဆိုဆက်သ ကြရပေသည်။

နံကရိုင်း မယ်တော်အား "ပဲခူးမယ်တော်" ဟူ၍ တစ်နည်းခေါ်ကြသော်လည်း. . စင်စစ်ကား ပဲခူးတိုင်း၊ ဒိုက်ဦးမြို့ အညာစုကျေးရွာဇာတိ ဖြစ်ပေ၏။





သို့ကြောင့် မယ်တော်ကြီးအား ကိုးကွယ်ပူဇော်ချင်သူများမှာ ဒိုက်ဦးမြို့မှတစ်ဆင့် အရောက်သွားနိုင်ကြပြီး နံကရိုင်းမယ်တော်၏ ပွဲတော်မှာ နှစ်စဉ် တပို့တွဲလဆန်း(၁၀)ရက်နေ့မှ အစပြု၍ ကျင်းပပါကြောင်း လမ်းညွှန်ရေးသားရ၏။

## ကျမ်းကိုးစာရင်း

၁။ ပဲခူး ရွှေမော်ဓော ဘုရားသမိုင်း

၂။ ၃၇-မင်း နတ်မျိုးစုံ (ဆရာဦးကံမင်း) ၁၉၄၉-ခုနှစ်။

၃။ မြန်မာနိုင်ငံ နတ်ကိုးကွယ်မှုသမိုင်း (ခေတ်နှောင်းကာလ) မင်းစည်သူ၊ ၁၉၉၄-ခု၊ ဇွန်လ။

၄။ နံကရိုင်းမယ်တော် နန်းထိန်း (ဦးဘို)၏ ပြောပြချက်များ။


၅။ ကိုယ်တိုင်သွားရောက် လေ့လာမှုများ

ဌ. ဌ. ဌ. ဌ.



www.burmeseclassic.com

www.burmeseclassic.com






င်းသည့် ဖော်ပြချက်များလည်းပါရှိသည်။

ပို့(စ)မောက်(Ports mouth)မြို့အနီးရှိ ဝီမာရင်းမေနာ (Wy- g Manor)အိမ်ကြီးသည် သမိုင်းကြောင်းအရ ရောင်းဈေး မတန် များနေခဲ့သည်။

၎င်းအိမ်ကြီးတွင် မှီခိုနေထိုင်ကြသည့် တစ္ဆေများစွာသည် ခါကတည်းကရှိနေခဲ့ကြပြီး ထိုနေရာမှ ထွက်ခွာသွားချင်ပုံ ပေ။

အဆိုပါကပ်မှီနေကြသည့် တစ္ဆေများတွင် ခမ္မတေးအဖွဲ့ဝင် ဆိုင်တစ္ဆေများလည်း ပါဝင်သည်။

ထိုတစ္ဆေများသည် ခန်းမအတွင်းတွင် ဖြည်းဖြည်းသာသာ ွားသွားလာကြပြီး ၎င်းတို့၏မမြင်ရသောလက်များဖြင့် ထိုင်နေ ကို လာရောက်ဆုပ်ကိုင်တတ်ကြသည်။

(၁၀၈၆)ခုနှစ်ထုတ် ဒွန်(စ)ဒေးစာအုပ်(Domesday Book)တွင် ခြားခြားဖော်ပြချက်မှာ ဝီမာရင်း(Wymering)အိမ်ကြီးသည် နှစ်က ဘုန်းတော်ကြီး အက်(ဒ)ဝပ်(Edward the Confessor)၏ ိုင်ရာ အိမ်ဖြစ်ခဲ့ဘူးသည်။

လက်ရှိအဆောက်အဦးသည် (၁၆)ရာစုနှစ်တွင် ဆောက်လုပ် အင်္ဂလန် ဘုန်းတော်ကြီးနေအိမ်နှင့် ဘုန်းကြီးကျောင်းဖြစ်ခဲ့သည်။

ဤကျောင်းကို ဆောက်လုပ်စဉ်ကပင် ထွက်ပေါက်နှစ်ပေါက် ထားသည်။ ဤသည်မှာ ဖိနှိပ်တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရပါက ပြောက်မှုရရေးအတွက် အသုံးပြုရန်ဖြစ်သည်။

သဘာဝလွန်ဖြစ်ရပ်များကို အထူးပြုလေ့လာသူများသည် သို့လာရောက်လေ့လာကြပြီးနောက် ဝိညာဉ်အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com





ရေးကွက်တင်ရိုက်သည့် တစ္ဆေတွေနေတဲ့အိမ် မျက်နှာစာ(ဝဲ) အိမ်နောက်ဖက်(ယာ)

ခန်းသည် ရှေးခေတ်ဝတ်စားဆင်ယင်မှုပုံပန်းသဏ္ဍာန်များဖြင့် လှုပ်ရှား
သွားလာနေသည်ကို တွေ့မြင်ရသည် ဟုဆိုသည်။

ဤသို့ဖြင့် ထိုအဆောက်အဦးသည် တစ္ဆေခြောက်သောအိမ်




ဆန်းပြားသည့် အိမ်အတွင်းခန်း





အဖြစ် နာမည်ကြီးလာလေသည်။

တစ္ဆေဝိညာဉ်လောကကို စူးစမ်းလေ့လာသူများသည် ဤအိမ်
ဖြစ်ပွားတတ်သည့် အဆင့်မြင့်သဘာဝလွန်ဖြစ်ရပ်များကို လေ့လာ
စိတ်အားထက်သန်ကြသည်။



အဆောက်အဦးအတွင်း ဓါတ်ပုံရိုက်ယူရာတွင် တွေ့ရသည့် တစ္ဆေပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com



ဤအဆောက်အဦးထဲတွင် မကြာခဏကြုံတွေ့တတ်သည့် အဖြစ်အပျက်များမှာ ရုတ်တရက်အေးစက်စက်ဖြစ်လာခြင်း၊ ထူးဆန်းသည့် မြင်ကွင်းများကိုတွေ့မြင်ရခြင်း၊ ကလေးငယ်တို့၏ ရယ်မောသံများကိုကြားရခြင်းနှင့် တီးတိုးစကားသံများကို ကြားရခြင်းတို့ ဖြစ်သည်။

မြေတိုင်းသူ ဂျရီမီလင့်(မ)(Jeremy Lamb)က The Mail သတင်းစာသို့ပြောပြသည့် စကားတစ်ရပ်ရှိပေသည်။

"ဤအိမ်သည် တစ္ဆေခြောက်မှုများကိုလေ့လာရန် လူသိများသည့်နေရာတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ဤအိမ်ကိုဝယ်ယူသူသည် တည်းခိုရိပ်သာအဖြစ် ပြောင်းလဲဖွင့်လှစ်ပါက စိတ်ဝင်စားဖွယ် များပြားသဖြင့် လာရောက်တည်းခိုသူများပြားနိုင်ပေမည်. . .

ဤတစ်ကြိမ်သည် ပြိုင်ဘက်ကင်းသည့်အိမ်ကို ရောင်းခြင်းဖြစ်ပေရာ ဤသို့သောတစ္ဆေခြောက်သည့်အိမ်ကို ရောင်းခြင်းမျိုး နောက်ထပ်ကြုံတွေ့ရန် မလွယ်ကူပေ"


ဤအဆောက်အဦးကိုလေ့လာရန်သွားခဲ့စဉ် လုံခြုံရေး အစောင့်များက ပြောပြသည်မှာ သူတို့သည်ထိုအိမ်ထဲတွင် စိတ်ချောက်ချားဖွယ်ကောင်းသည့် အဖြစ်အပျက်များကို အသေအချာသိမြင်ခံစားခဲ့ရသည်ဟူ၍ဖြစ်သည်။

လုံခြုံရေးအစောင့်တို့သည် ဤအဆောက်အဦး ပတ်လည်တွင် (၂၄)နာရီအပြည့် တာဝန်ယူထားကြရသည်။

အကြောင်းမှာ သဘာဝလွန်ဖြစ်ရပ်ထူးများကို စိတ်ဝင်စားကြသူ များပြားသည့်အလျောက် ဤအိမ်နှင့်ပတ်သက်၍ လျှို့ဝှက်ကြံစည်ဆောင်ရွက်မှုများ ရှိလာနိုင်သောကြောင့်ဖြစ်ပေသည်။

သို့ရာတွင် လုံခြုံရေးအစောင့်များသည် ညတာဝန်ကို ထမ်းဆောင်ရာတွင်မူ တစ်ဦးတည်းတာဝန်မယူရဲကြပေ။ အဖော်နှင့်သာ ညပိုင်းတွင် လုံခြုံရေးကင်းစောင့်ကြမြဲဖြစ်သည်။


ဤအိမ်၏ရောင်းဈေးမှာ ပေါင်(၃၇၅,၀၀၀)ရရန်မျှော်မှန်းထားပေသည်။



Old manor house: The Mail

www.burmeseclassic.com

www.burmeseclassic.com






Silent Pool ဟုခေါ်ဆိုကြသော ငြိမ်သက်နေသည့် ရေအိုင်ကြီးသည် အင်္ဂလန်ရှိ ဂလ်ဖို့(ဒ)(Guildford)မြို့မှ မိုင်များစွာ ကွာဝေးသော မြို့ပြင်ဘက်တွင် တည်ရှိသည်။

သာယာလှပသည့် ရွာလေးဖြစ်သော ရှီယာ(Shere)ရွာထိတစ်ဆက်တည်ရှိနေသော ထိုရေအိုင်ကြီးသည် ရှေးအခါကတည်းကထက်ဆင့်ကမ်းလာသည့် တစ်ဆင့်စကားများဖြင့် စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ စာရေးသူအနေဖြင့် ထိုနယ်မြေအတွင်း နေထိုင်သည့် အမျိုးသမီးနှင့် ဘဝခရီးဖော်အဖြစ် လက်တွဲခွင့်ရသောအခါအဆိုပါ အေးချမ်းငြိမ်သက်နေသော(Silent Pool)ရေအိုင်ကြီးနှင့် ပတ်သက်၍ အကြောင်းအရာများစွာကို ကြားသိလာရသည်။

အဆိုပါရေအိုင်ကြီးသို့ ပထမဦးဆုံးရောက်ဖြစ်သည့် အခါမှာတွင် ထိုရေအိုင်ကြီးနှင့်ပတ်သက်၍ ပိုမိုစူးစမ်း သိရှိလိုစိတ်များ ပေါ်လာရသည်။ အလွန်သာယာလှပပြီး ငြိမ်သက်နေသော ရေအိုင်ကြီးမြင်ပါပေသည်။

ရေအိုင်သံကတာရွှေ

www.burmeseclassic.com



ဒဏ္ဍာရီဖြစ်ရပ်များဖြင့် ချောက်ချားဖွယ်ကောင်းနေသည့်ငြိမ်သက်နေသောရေအိုင်ကြီး

အဆိုပါ ငြိမ်သက်သော ရေအိုင်ကြီးမှ ရေတို့သည် အဘ
ကြောင့် အလွန်နှစ်သက်ဖွယ်ရာ ပြာလဲ့လဲ့ဖြစ်နေရပါသနည်း။

ဤရေအိုင်မှ ရေတို့သည် အဘယ်ကြောင့် မစီးဆင်းဘဲ ငြိ
သက်လျက်ရှိနေပါသနည်း။

ဤနေရာသည် အဘယ်ကြောင့် ကျောချမ်းစရာကော
လောက်အောင် ကြောက်ရွံ့ဖွယ် နေရာဖြစ်နေရပါသနည်း။





သိချင်စရာအကြောင်းများကို တဖြည်းဖြည်း လေ့လာစူးစမ်းရတော့သည်။ အေးချမ်းငြိမ်သက်နေသော ရေအိုင်ကြီးနှင့် ဆက်စပ်လျက်ရှိသော အစဉ်အဆက်ကပြောလာကြသည့် ဒဏ္ဍာရီဖြစ်ရပ်နှစ်ခုရှိပေသည်။

ပထမဖြစ်ရပ်တွင် ပါဝင်ပတ်သက်သူမှာ စတီဖင်လင်တန် (Stephen Langton)ဖြစ်သည်။ ထိုလူငယ်သည် မိဘမဲ့တစ်ဦး ဖြစ်ပြီး ထိုဒေသရှိ ဘုန်းကြီးကျောင်းတွင် သူ၏ငယ်ဘဝကို ဖြတ်သန်းခဲ့ရသည်။ သို့သော် စတီဖင် အသက်၁၈နှစ်အရွယ်သို့ ရောက်သောအခါ အဒေါ်နှင့်အတူနေသည့် အဲလစ်(Alice)နှင့် ချစ်ကြိုးသွယ်မိကြသည်။

ဤသည်မှာ လူငယ်တို့၏ သဘာဝပင်ဖြစ်ပေသည်။ နွေရာသီ၏ သာယာလှပသော ညနေချမ်းတစ်ခုတွင် စိန့်မာသာဘုရားကျောင်း(St. Martha's Chapel)နှင့် ရေအိုင်တို့ကြားရှိ သစ်တောအုပ်တွင် စတီဖင်နှင့်အဲလစ်တို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ထိုအချိန်တွင် အင်္ဂလန်နိုင်ငံ၏ အိမ်ရှေ့မင်းသား ဂျွန်(Prince John)၏ အဖွဲ့ထဲမှ သူမိုက်တစ်စုသည် အဆိုပါချစ်သူနှစ်ဦးကို ဖမ်းဆီးခဲ့ကြသည်။

ချစ်သူနှစ်ဦးသည် လူဆိုးလူမိုက်တို့၏ ရိုက်နှက်မှုကို ပြင်းထန်စွာခံကြရလေသည်။ လူမိုက်တစ်စုသည် ဒဏ်ရာပြင်းထန်စွာရလျက် သတိ မေ့မြောနေကြသည့် စတီဖင်နှင့်အဲလစ်တို့ကို သေပြီအထင်နှင့် ထိုနေရာတွင် ပစ်ထားခဲ့ကာ ထွက်ခွာသွားခဲ့ကြသည်။

စတီဖင်သည် သတိရလာသောအခါ အနီးအနားတွင် အဲလစ်ကိုရှာကြည့်သည်။ အဲလစ်ကို သတိမေ့မြောနေသည့် အနေအထားဖြင့် တွေ့ရသော်လည်း စတီဖင်က သေသွားပြီဟုသာထင်မိသည်။

ဝမ်းနည်းကြေကွဲနေသော ထိုလူငယ်သည် သူ၏ ဘဝ



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်တာကို သာသနာပြုလုပ်ငန်းတွင် မြှုပ်နှံပါမည်ဟု အဓိဋ္ဌာ
ပြုလိုက်သည်။ (သူ၏အဓိဋ္ဌာန်အတိုင်း သာသနာရေးလုပ်ငန်းများ
ဆောင်ရွက်ခဲ့သဖြင့် စတီဖင်သည် နောင်အခါတွင် ကင်တာဘူရီ ဂို
ချုပ်ဘုန်းတော် ကြီးဖြစ်လာသည်။)

ဒဏ်ရာဖြင့်သတိမေ့မြောနေသော အဲလစ် သတိရလာသော
အခါ သူမ၏ချစ်သူ စတီဖင်ကို ရှာမတွေ့တော့သဖြင့် သေပြီဟုသ
မှတ်ယူခဲ့သည်။

ချစ်သူဆုံးရှုံးရသော အဲလစ်သည် ကျန်ဘဝတစ်လျှောက်လုံး
ကို သီလရှင်ဘဝဖြင့် အရိုးထုတ်ခဲ့တော့သည်။ ဤသည်မှာ အေးချမ်း
ငြိမ်သက်သည့်ရေအိုင်နှင့် ဆက်စပ်ခဲ့သည့် ပထမဖြစ်ရပ်တစ်ခုပင်
ဖြစ်သည်။

ဒုတိယဖြစ်ရပ်မှာမူ ပထမဖြစ်ရပ်နှင့် အနည်းငယ်ကွဲပြားမှု
ရှိသည်။ ထိုဒေသမှ အယ်မာ(Emma)ဆိုသော အမျိုးသမီးငယ်သည်
အေးချမ်းငြိမ်သက်သည့်ရေအိုင်တွင် နစ်မြုပ်ကာ ပျောက်ကွယ်သွား
ခဲ့ရသည်ဆိုသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဤဖြစ်ရပ်တွင်မူ အယ်မာ
သည် အိမ်ရှေ့စံမင်းသား၏ ရက်စက်ကြမ်းကြုတ်သော အမဲလိုက်အဖွဲ့
နှင့် ခွေးဆိုးမိကာ လိုက်လံဖမ်းဆီးခြင်း ခံခဲ့ရသည်။ အယ်မာသည်
အမဲလိုက်မုဆိုးတို့၏ ဘေးရန်မှလွတ်မြောက်ရန်အတွက် ရေအိုင်တွင်း
သို့ ခုန်ဆင်းလိုက်သည်။

ရေမကူးတတ်သည့် အယ်မာသည် ထိုရေကန်ထဲတွင် ယက်
ကန်ယက်ကန်ဖြစ်နေရာမှ မုဆိုးများလိုက်မမီခင်မှာပင် ကန်ရေတွင်း
နစ်မြုပ်သွားတော့သည်။ သူမ၏ အော်ဟစ်အကူအညီတောင်းသံကို
ကြားမိသည့် သူမ၏အစ်ကိုသည် ထိုရေကန်ရှိရာသို့ အပြေးရောက်





ာသော်လည်း အခါနှောင်းခဲ့ချေပြီ။ ရေနစ်သေဆုံးသွားသည့် သူမ
ို အချိန်မီမကယ်လိုက်နိုင်တော့ပေ။

လပေါင်းများစွာ ကြာသောအခါတွင် ဂလ်ဖို့ရဲတိုက် (Guild
rd Castle)တွင် အယ်မာ မထင်မှတ်ဘဲရုတ်တရက် သေဆုံးရသည့်
အမှုကို တရားဥပဒေအရ စစ်ဆေးသည်။ ထိုစစ်ဆေးမှုပြုစဉ်တွင်
အယ်မာ၏ဖခင်ဖြစ်သော သစ်ခုတ်သမားက ခြေရာနေရာတွင် တွေ

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ခဲ့သဖြင့် ကောက်ယူလာသည့် အိမ်ရှေ့မင်းသား၏ ငှက်မွေး
တောင်တစ်တောင်ကို စစ်ဆေးသူများထံ တင်ပြခဲ့သည်။

ထိုငှက်တောင်သည် အိမ်ရှေ့မင်းသား၏ ဦးထုပ်မှ ကျွတ်
ခြင်းဖြစ်သဖြင့် အယ်မာအသတ်ခံရသည့်ကိစ္စတွင် တရားခံများသည်
အိမ်ရှေ့မင်းနှင့် ဆက်စပ်မှုရှိကြောင်း သက်သေဖြစ်ခဲ့ပေသည်။ ဤ
သည်တို့မှာ လူသိများသော ဖြစ်ရပ်များ ဖြစ်ပေသည်။

ဒုတိယဖြစ်ရပ်သည် ဤမျှနှင့် ပြီးဆုံးမသွားပါ။ နောက်ဆက်
တွဲဇာတ်လမ်း ဆက်ရှိပြန်သည်။ အယ်မာသည် ရေနစ်သေဆုံးပြီး
နောက် ဝိညာဉ်ဘဝသို့ ကူးပြောင်းရောက်ရှိသွားသည်ဟု ဆိုကြသည်

ဂါဝန်အဖြူဝတ်ဆင်ထားသည့် အမျိုးသမီးငယ်သည် ငြိမ်
သက်နေသည့်ရေအိုင်၏ ကန်ရေပြင်ထက်တွင် ငြိမ်သက်စွာ စီးမျော
နေသည်ကို တွေ့ရှိသူများရှိလာသည်။ လူအချို့ကမူ အယ်မာ၏
ငယ်သံပါအောင် စူးစူးဝါးဝါးအော်ဟစ်သံကို ကြားကြရသည်ဟု ဆို
သည်။

အချို့လူမျိုးကလည်း အယ်မာ၏ တောင်းပန်တိုးလျှိုး၍ အ
အညီတောင်းခံသံကို ကြားရသည်ဟု ဆိုကြပြန်သည်။ လူအချို့က
လည်း သူတို့သည် ရက်စက်သောအမဲလိုက်မုဆိုးအဖွဲ့၏ မြင်းခွာသံ
များကို ကြားရပြီး မြင်းစီးအမဲလိုက်မုဆိုးများကိုပါ ရိပ်ခနဲ တွေ့မြင်ကြ
ရသည်ဟု ဆိုစကားရှိထားသည်။

အမည်မဖော်လိုသည့် ဝန်ခံစကားဆိုသူတစ်ဦးကမူ အမဲ
လိုက်မုဆိုးအဖွဲ့နှင့် ပတ်သက်၍ ပြောကြားခဲ့သည်။ သူသည် အဆို
လမ်းတွင် လမ်းလျှောက်နေစဉ် သူ့နောက်မှမြင်းခွာသံများကြားလာ
သည်။ မိုးခြိမ်းသံကဲ့သို့ ဆူညံပြင်းထန်လှသည့် မြင်းခွာသံများသည်



သူ့ကို အလျင်အမြန်ကျော်ဖြတ်သွားကြပြီး တဖြည်းဖြည်းဝေးကွာ
သွားသောအခါ မြင်းခွာသံများကို မကြားရတော့ဟု ဆိုသည်။

Silent Pool ရေအိုင်နှင့်ပတ်သက်၍ ဂယ်ဖို့(Guildford)တွင်
နေထိုင်သည့် နာတလီကော့(natalie cox)က သူမနှင့်မိတ်ဆွေ ဖိလစ်
(Phillip)တို့သည် ထိုရေအိုင်တဝိုက်တွင် လမ်းလျှောက်နေကြစဉ် . .
တစ်စုံတစ်ယောက်က သူမတို့၏နောက်မှ တောက်လျှောက်လိုက်ပါ
နေခဲ့သည်ကို အသေအချာပင်-သိရှိခံစားခဲ့ရသည်ဟု ဆိုလေသည်။

သို့ဖြစ်ပါ၍ အေးချမ်းငြိမ်သက်သော ရေအိုင်သည် ယခင်က
ကဲ့သို့ပင် ထူးခြားဆန်းပြားမှုများနှင့် ပြည့်နေပြီး စိတ်တုန်လှုပ်ချောက်
ချားကျောချမ်းဖွယ်ရာ နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေတော့
လေသည်။



Silent Pool by Phillip Hutchinson

www.burmeseclassic.com

www.burmeseclassic.com






## (တစ်)

သေဆုံးခြင်းကိစ္စ အရမ်းကို လွယ်ကူလွန်းနေသလား။ ကျွန်တော် ဉာဏ်မှီသလောက်ကတော့ မလွယ်လှဘူးဟုထင်ပါသည်၊

လူတစ်ချို့ အတွက်ကား သိပ်ပြီးလွယ်နေသည်။

"သေမှာမကြောက်လို့ ပေတစ်ရာ လျှောက်တာကွ"

"လာမလုပ်နဲ့ သေတစ်နေ့မွေးတစ်နေ့ပဲ"

"သေရဲတယ် သတ်ရဲတယ်ကွ . . . အဟာတ်ဟာတ်"

"အို . . သေရင်မြေကြီး . . . ရှင်ရင်ရွှေထီးပဲ"

"လာလေ သူသေကိုယ်သေပေါ့ ဘာဖြစ်လဲ" စသည်ဖြင့် အလွယ်ကြုံးဝါးနေကြသည်။ ကျွန်တော်လေးစားသော စာရေးဆရာကြီးတစ်ယောက်ကတောင် ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သေတော့လည်း ပြီးတာပါပဲကွာ၊ ပြီးတော့လည်း သေတာ ပါပဲ' ယခုမူ ထိုဆရာကြီးလည်း ကွယ်လွန်ရှာပါပြီ။ သို့သော် ပြီးတော့ သေတာ မှန်ပေမယ့် သေသွားတော့လည်း မပြီးနိုင်တာကို ဆရာကြီး သိမသိတော့ ကျွန်တော်မသိချေ။ သိသွားသည်။ သို့မဟုတ် မသိသွား တာလည်းဖြစ်နိုင်ပါသည်။

အထက်ကဆိုခဲ့ပြီးသည့်အတိုင်း သေရသည့်ကိစ္စ ထင်သ လောက်မလွယ်၊ သေရင်ပြီးသွားပြီဆိုတာလည်း ထင်သလောက်မပြီး ကြောင်း ကျွန်တော်၏ နုံနုံ့သေးသောအသိနှင့် ဉာဏ်မှီသလောက် ကလေး တွေးမိနေပါသည်။





(နှစ်)

သေခြင်းတရား၏ ဟိုမှာဘက်တွင် ဘာရှိသနည်း။ ထို ...း ကိုဖြေဖို့ အငြင်းအခုံ အနည်းငယ်ရှိနိုင်ပါသည်။ ကိုးကွယ် ...ည်မှုအပေါ် မူတည်ကာ မတူကွဲပြားသော အယူအဆများရှိကြ ...ည်။

ရှင်းပြပါဟုဆိုလျှင် ကျမ်းထုပ် အတော်များများ ဖြေ၍ချပြ ...ည်။ ကျွန်တော်မနိုင်၊ အလွန်လေး၏။ ထို့ကြောင့် အနည်းငယ် ...းသော ရှင်းလင်းမှုလေး ရေးရပေတော့မည်။ ဆိုပါစို့ ကျွန်တော် ... ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်၏။

ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားက မဟာကရုဏာ ကြီးမား ... ကိုယ်တော်တိုင် အသချေ်ပေါင်းများစွာ ဆင်းရဲပင်ပန်းစွာ ရှာ

www.burmeseclassic.com



ဖွေဖြည့်ကျင့်ခဲ့ရသော တရားဓမ္မအား သတ္တဝါတို့လွယ်ကူစွာ ရနိုင် ခံစားနိုင်စေခြင်းငှာ လောကီ၊ လောကုတ်၊ နှစ်ဖြာသော အားထုတ်မှုကို ထားခဲ့ပေ၏။

လောကီချမ်းသာမှုကား သံသရာနှင့်မလွတ်ကင်း၊ အဖန်ဖ လဲလဲဖြစ်ပျက်ခြင်းနှင့်သာ မွေ့လျော်ရာဟုဆိုအပ်သည့် လောကုတ္တရာ ၏ ချမ်းသာမှုကား သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်စံဝင်ကာ သ သုခကို ထာဝရခံစား စံစားအပ်ရာဟု ဆိုလေသည်။ မည်သို့ဆို နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသမျှ ကာလပတ်လုံး ဖြစ်ခြင်းပျက် ခြင်းသဘော(ဝါ) မွေးခြင်းသေခြင်းအမှုမှ မလွတ်မြောက်နိုင်ရာပေ

ပြောချင်သည်မှာ အခါခါသေရ၏။ အခုသေပြီးတော့လည်း မပြီး၊ နောက်တစ်ကြိမ် သေရပေဦးမည်။ နောက်. နောက်. နောက် မရေမတွက်နိုင်သော သေခြင်းတွေနှင့် ကြုံနေရမှာ မလွဲပြီတည်း။

ထို့ကြောင့် 'သေခြင်းတရား၏ ဟိုမှာဘက်တွင် ဘာရှိသနည်း' ဟုမေးလျှင် ကျွန်တော်ဖြေပါ။ သံသရာမှ လွတ်မြောက်ကြောင်းတရား ဖြစ်သော လောကုတ္တရာချမ်းသာမှုကို မရယူနိုင်သ၍ သေခြင်းတရား ၏ ဟိုမှာဘက်တွင် အဖန်ဖန်သော မွေးဖွားခြင်းနှင့်သေဆုံးခြင်းသာ ရှိနေနိုင်ပါသည်။





# (၃း)

ထိုသို့သော မွေးသေခြင်းနှင့် သံသရာတစ်လျှောက်လုံး ဘည်လာခဲ့ရ၍များ သေခြင်းတရားကို ဂရုမစိုက်ချင်တော့သည် ။

ကောင်းပါပြီ။ ရိုးနေပါပြီကွာ ဆိုလျှင် ဂရုမစိုက်ချင်လည်း သည်။ သို့သော် အနည်းငယ်ဂရုပြုဖို့တော့ လိုအပ်သည်။ အဘယ် ကြောင့်ဆိုသော် ရှင်သန်ခြင်း၏အဆုံး သေခြင်း၏အစကို ကျွန်တော် ကြည့်ရသည်မှာ မလွယ်ပါ။

အသက်ကလေး တစ်ချောင်းထွက်ဖို့ အပြုံးအပြဲ အသည်း သန် ငါးလူးငါးပျံကော့လန်အောင် ခံစားရပြီးမှ ထွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဗီဒီယိုတွေထဲမှာ သေတာကို မြင်ရတာတော့ အလွန်သေချ
စရာကောင်းပါသည်။ အပျော်သေကြည့်ချင်စိတ်တောင် ဖြစ်မိ၏

သေအုံ့မှုံးမှုံးဝေဒနာနှင့် ချွေလိုက်သည် မှာတမ်း၊ လွ
လိုက်သည့် ဖြစ်အင်၊ အကယ်ဒမီ မဝင်ဝင်အောင်ပဲ စောင့်သေ
သလား မဆိုနိုင်၊ လှိုင်လှိုင်ကြီးသရုပ်ဆောင်ပြီးမှ စကားပြော
ခေါင်း လေးငဲ့ချပြလိုက်သည်။ လှလိုက်သည့်သေခြင်း။ သေဖို့အတွ
တစ်သက်လုံးကျင့်နေရသော လောကုတ္တရာ သူတော်စင်တို့ကိုတော
အားနာမိသေးတော့။

ရုပ်ရှင်ထဲမှာ သေခြင်းအား သရုပ်ဆောင်ရသော အခ
ကိုကြည့်ရတိုင်း ဒီလောက်လွယ်ပါ့မလား၊ သေတာ ဒီလောက်မြန်
မလားဟု ကျွန်တော်တွေးဖြစ်သည်။ တွေးစရာအကြောင်းကား ရှိ
သည်။

ကျွန်တော်ကိုယ်တိုင် လောလောဆယ် မသေဘူးသေးသေ
လည်း အဖေ သေတာ မြင်ဖူးသည်၊ ယောက္ခမ သေတာ မြင်ဖူးသည်
ယောက္ခမအမကြီး သေတာ ကြုံရသည်။ သူငယ်ချင်းတွေထဲက သေ
တာ မြင်ရကြုံရသည်။

ဒါက စာတွေ့မဟုတ်၊ ငါတွေ့၊ ကြည်နေမြင်နေရတဲ့
ဘောင် အသက်ထွက်သွားမလား၊ ထင်ရလောက်အောင် ပင်ပန်း
သည်၊ မျက်လုံးတွေ ပြူးထွက်ကုန်သည်။ ပါးစပ်ကြီးဟာဟပြီး ရင်
ခုလုံး နိမ့်လိုက်မြင့်လိုက်နှင့် လှိုင်းလုံးလှိမ့်သလို လိမ့်ကာနေသည်
အသံဆိုးကြီးနှင့် အော်ဟစ်ရင်း သေရတာလည်း တွေ့ဖူးသည်။
ချို့ဆို သားဆွဲ၊ မယားဆွဲပြီး ကယ်ပါယူပါ တစ်စာစာနှင့် သေရသည်
ချွေးသီးချွေးလုံးကြီးတွေ နစ်နေအောင် ထွက်ပြီး ဖုတ်လိုက်ဖုတ်လို





ဖြစ်ကာ သေသွားသည်။

ကျွန်တော် ကြုံဖူးသလောက် ရုပ်ရှင်ထဲက သေခြင်းမျိုး၊ တစ်
ကြိမ်မှကို မမြင်ရသေး၍ ရုပ်ရှင်ကြည့်တိုင်း အတွေးဖြစ်နေပါသည်။
ဒါက အနုပညာကွ သရုပ်ဆောင်တာကွဟု အော်ဟစ်ကြိမ်းမောင်း
လျှင်လည်း ကျွန်တော်ခံပါမည်။ ဆဲလိုက ဆဲနိုင်သည်။ တစ်ခုတော့
တောင်းပန်ချင်ပါသည်။ ဝတ္ထုနှင့်နှိုင်းစာလျှင် ရုပ်ရှင်သည် လူသား
င်စစ်နှင့် သရုပ်ဖော်ပြရခြင်းဖြစ်ရကား သဘာဝမှန်နှင့် အနီးစပ်ဆုံး
ဲ့မဟုတ် လုံးဝတစ်ထပ်တည်းနည်းပါး ဖြစ်နိုင်ချေရှိပါသည်။

လှအောင်ရိုက်ပြခြင်းထက် သဘာဝကျအောင် တင်ပြနိုင်
လျှင် ကောင်းပါသည်။ အကယ်၍များ သေခြင်းတရားကို သရုပ်
ဆောင်ပြသည့်အခါ တစ်ကယ့်သရုပ်မှန်အတိုင်း တင်ပြပေးလျှင်
အတွေးလွဲ အယူလွဲ သူများ သတိချပ်မိကာ သေဆုံးခြင်းအမှုကိစ္စကို
ပေါ့ပေါ့တန်တန် မထားအပ်တော့မှာ သေချာလှသည်။

ဆရာတော်ကြီးများ၏ အဆုံးအမဖြစ်သော 'သေဖို့က တစ်
သက်လုံးကျင့်ရတယ်ကွ' ဟူသော စကားကို နာခံရကောင်းမှန်းသိ
သွားသည်။ ယခုကား ရယ်စရာဖြစ်နေလေသည်။ (ဗုဒ္ဓဘာသာဝင်တို့
အတွက် အလွန်ပင် ဝမ်းနည်းဖွယ်ကောင်းလေစွ)



www.burmeseclassic.com

www.burmeseclassic.com



## (လေး)

ကျွန်တော့်သူငယ်ချင်း ကိုထွန်းဝင်းက သေခြင်းတရား ကို. . မင်း ဘယ်လိုရင်ဆိုင်မလဲဟု သူမဆုံးခင် သုံးရက်လောက်က ကျွန်တော့်ကို မေးဖူးသည်။

ကျွန်တော်ရုတ်တရက် မဖြေတတ်၍. . .

"အစ်ကိုရော ဘယ်လိုရင်ဆိုင်မလဲ"

ဟု ကျွန်တော်ပြန်မေးတော့။ သူက ရယ်ကာမောကာနှင့်၊

"ကိုယ့်ကိုယ်ကို သေတော့မယ်ဆိုတာသိရင် ဟာသစာအုပ် များများဖတ်ကွ၊ ပြီးရင် ရယ်စရာတွေများများ ပြော၊ များများ ရယ် ကိုယ်မပြောနိုင်တော့ရင် ရယ်စရာပြောပေးနိုင်တဲ့သူကို အငှားခေါ် ထားပြီး ရယ်စရာတွေများများပြောခိုင်း၊ အဲ့ဒါဆို ရယ်လိုက် မောလိုက် နဲ့ သေဖို့သတိမရဘဲ သေရောကွ. . ဟား. . ဟား. . ဟား"

တကယ်လည်း သူအဲ့ဒီအတိုင်း ပြင်ဆင်ကာ သေသွားပါ သည်။ ကျွန်တော်လည်း သူနှင့်သုံးရက်လောက်ထိုင်ကာ စကားပြော လိုက်ရသည်။ သူက ပန်းချီဆရာ ကျွန်တော်က စာရေးဆရာ ဆို တော့ကာ အလွန်ရင်းနှီးခင်မင်သည့် အနုပညာ ညီအစ်ကိုများ ဖြစ်ကြ သော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် မဆုံဖြစ်ကြ။

သတိရ၍ တမင်သွားရောက်လည်ပတ်ခြင်းသော်လည်း ကောင်း၊ လူကြုံနှင့်စကားပါး သတင်းမေးမှုသော်လည်းကောင်း ရှိကြ ၍ ကိုထွန်းဝင်း မမာတာ အတော်ကြာနေပြီဖြစ်ကြောင်း၊ သူငယ်ချင်း အောင်မျိုးဝင်းထံမှကြား သိရ၍ ကျွန်တော် အလုပ်ဝတ္တရားများ ဖွတ္တချထားခဲ့ကာ ရောက်ရှိသွားပါသည်။

ကိုထွန်းဝင်းနေထိုင်ရာ တောင်ဒဂုံရှိ အိမ်သို့ ကျွန်တော် ရောက်သွားသောအခါ ရင်းနှီးခင်မင်သူများအနက်မှ ရယ်စရာကို ငမင်းစားရသောက်တမျှ ပြောလေ့ရှိသူများအတော် စုံစုံလုံလုံကို ရောက်နှင့်နေကြသည်။

အောင်မျိုးဝင်း၊ မြင့်နိုင်၊ ချူသစ်၊ ချစ်တီး၊ မင်းလူလူ၊ ကျော် အောင်မော်၊ စိုင်းလားရှိုး၊ ကိုစိုးနွှင်းဦးနှင့် မိုးအိမ်သစ်တို့ဖြစ်လေသည်။ အပြောသန် အရယ်သန်သူများဖြစ်ရကား. . . ကျွန်တော် အိမ်ရှေ့ခြံ အဝင်ဝသို့ ရောက်လျှင်ပင် အိမ်ထဲကနေ ဝါးခနဲ၊ ဝေါခနဲ ရယ်သံများ က ကြိုနှင့်နေကြသည်။ သေအံ့မူးမူး လူမမာတစ်ယောက်ရှိနေသည့် အိမ်နှင့်မတူ၊ မနက်ဖြန်မင်္ဂလာဆောင်ရမည့် သတို့သား၏ အိမ်နှင့်ပင် တူနေသေးတော့၏။

ကျွန်တော့်ကိုမြင်တော့ ကိုမြင့်နိုင်က အိပ်ရာထဲ ပက်လက်







www.burmeseclassic.com

www.burmeseclassic.com



ကလေးရှိနေသော ကိုထွန်းဝင်းကိုလက်တို့၍. . .

"ဟော့လူ အသက်ထွက်တော့မယ်ဆို ခဏမျိုထားဦး စာရေးဆရာ လာနေပြီ"

"ဘယ်မှာလဲ"

ကိုထွန်းဝင်းက လေသံအက်အက်နှင့်မေးပြီး ခေါင်းလေးငဲ့ကာ စောင်းကြည့်သည်။ ကိုထွန်းဝင်းမှ ဟုတ်ပါလေစဟု သံသယဖြစ်စရာကောင်းလောက်အောင် ပိန်ချုံးဖြူဖျော့ကျသွားသည်။

ဟိုတုန်းက ကိုဇရာတို့အိမ်မှာ ပန်းချီရေးရင် သူ့ပါးစပ်အကျယ်ကြီးနှင့် အုံးမောင်းသံပေါက်အောင် ရယ်နိုင်ပြောနိုင်သော အသံအိုးကြီးလည်း ရောဂါဘိုးပေးချေလိုက်ရသည့်အလား ပါးလျလျပင် ကျန်တော့သည်။ မျက်လုံးတွေဝါကာ ဆံပင်တွေလည်း ကျဲသွားသည်။ ပင်ကိုယ်က ပြောင်သောနဖူးမှာ. . . တင်းမနေဘဲ ရှုံ့တွဝါတွန့်ခဲ့ချေပြီ။

ကျွန်တော်နှင့် မဆုံလိုက်ရသည့် ခြောက်လတာ ကာလအတွင်း ကိုထွန်းဝင်း၏ နုပျိုမှုကို ဘယ်သူခိုးယူသွားခဲ့သနည်း။ အသက်လေးဆယ်ကျော်(တော်တော်ကျော်)အရွယ်ကောင်းမို့ ဇရာထိုးတော့မစွပ်စွဲသင့်။ သို့ဆိုလျှင် ဘာကဖြစ်မည်နည်း။

အတိတ်ကံ. . . ကျွန်တော့် အတွေးထဲမှာတော့မှန်လေ၏။ ပဋိစ္စသမုပ္ပါဒ်ဟုဆိုအပ်သော အကြောင်းအကျိုးတရားကား ထိချက်အကောင်းဆုံးထောက်ပြနိုင်သော အမှန်တရားဖြစ်လေ၏။

အကြောင်းကြောင့် အကျိုးဖြစ်၏။ လူပြိန်းအတွေးနှင့် ဒီအရွယ်ဒီအချိန်အထိသာ နေခွင့်ရှိသော ကုသိုလ်၊ အကုသိုလ်၊ ကံအကြောင်းခံရှိခဲ့၍ ယခုအကျိုးလာဖြစ်၏။ တရားသံနှင့် ပြောလျှင်တော့ ကံအတိုင်းနေ ကံအတိုင်းသေခဲ့ဖူးသောသူ၏ ကမ္မပစ္စယောကာ နှိုးဆော်မှုကြောင့် ကျေးဇူးပြုခြင်းကြောင့် ဝိပါကပစ္စယောဟူသော အကျိုးပေးခြင်းရခဲ့ကြောင်း ဤခန္ဓာက သက်သေခံပေ၏။ 'ဒုက္ခသစ္စာ'တည်းဟူ၍ ခေါ်ဖြစ်ကာနေပေ၏။

ကျွန်တော် ထိုအတွေးနှင့်ကရုဏာသက်စွာ ကိုထွန်းဝင်းအားမှာ ဝင်ထိုက်ကာ သူ၏လက်ဖဝါးကို ဆုတ်ယူနှစ်သိမ့်ပေးလိုက်သည်။

ထိုအခါ ကိုထွန်းဝင်းက အသံအက်အက်ကလေးနှင့် ရယ်လျက်. . .

"သောက်ကောင်၊ မင်းကများ ငါ့ကိုလာပြီး သနားနေသေးတယ်၊ သေခြင်းတရားကို မင်းဘယ်လိုရင်ဆိုင်မလဲ. . ကဲ. . ပြော"

အထက်က ဆိုခဲ့ပြီးသည့်အတိုင်း သူကမေး၏။ ကျွန်တော်ဖြေတတ်၍ သူကဖြေ၏။ ယခုပင်လျှင် သူ၏အဖြေစကားအတိုင်း အရယ်သန်ပြီး ဟာသဉာဏ်ရှိသော သူငယ်ချင်းများအား အထူးဖိတ်ကြားလျက် သူ၏အနီးနားမှာ ဝိုင်းရံထားချေပြီ။ ကျွန်တော်ကရုဏာသက်စွာ နှစ်သိမ့်ပေးနေတာကိုပင် သူက မနှစ်သက်သလို သဟောက်ဟာမ်းလေး ပြုလိုက်ပါသေးသည်။

ပြီးမှ. . .

"ငါမျှော်နေတာကွ အခု မင်းရောက်လာတော့ ပြည့်စုံသွားပြီ တစ်ခါ ဟာသပြောမှာ ငါကွ ငါ့ကို ထူပေးကြပါဦး"

သို့နှင့် ကျွန်တော်တို့ သူ့ကို ထူထပေးဖို့စီစဉ်တော့. . .

"အိမ်ရှေ့ လေသာဆောင်မှာ ထိုင်ချင်တယ်"

ဆိုတော့ကာ လေသာဆောင်မှာ နေရာရှင်းသူရှင်း ဖျာခင်း







www.burmeseclassic.com

www.burmeseclassic.com


သူခင်းကြနှင့် ကိုမြင့်နိုင်က ဒရင်းဘက်ခင်းပေး၍ ကျွန်တော်
အောင်မျိုးဝင်းတို့ ကိုထွန်းဝင်းကို တစ်ဖက်စီ မချီကာ ရွှေ့ပြီး ဒ
ဘက်ပေါ်တင်ပေးသည်။ ကျွန်တော်တို့အားလုံး သူ့အနားမှာ ဝိုင်း
လိုက်ကြသည်နှင့် ကိုထွန်းဝင်းစ၍ပြောပါသည်။

"အမှန်တော့ ကျုပ်ဝေဒနာက မပေါ့လှဘူး အသည်းကင်
ဆိုတော့ ကိုယ့်မိန်းမကိုယ်ချစ်ရတာတောင် အဆင်ပြေချင်တော့ဘူး
ခံလည်းမခံစားချင်တော့ဘူး၊ အဲ့ဒါကြောင့် ကျုပ်ဆေးရုံက ပြန်ဆင်း
လာပြီး အိမ်ရောက်တော့၊ ကိုယ့်ကိုယ်ကို အမြန်ဆုံးဖာတ်သိမ်းပစ်
ကြိုးစားတယ်ဗျာ. . .

ပထမဆုံးစဉ်းစားတာက ဒီနားမှာ ငမိုးရိပ်ချောင်းလည်း ရှိ
တော့ ရေထဲခုန်ချပြီး သေလိုက်တော့မယ်ပေါ့. . . အဲ့ဒါနဲ့ ကျု
ချောင်းကမ်းဘေးကို ရောက်သွားတယ်. . အဲဒီတုန်းကတော့ လ
လျှောက်လို့ရသေးတော့ ရောက်သွားတယ်၊ ဒါပေမယ့် အဲဒီနေ့
ချောင်းထဲမှာ မိကျောင်းပေါ်တယ်ဗျ၊ လူတွေလည်း အများကြီးလာ
ကြည့်ကြတယ်၊ ကျုပ်စဉ်းစားတယ်လေ. . ရေထဲခုန်ချ လိုက်တာ
ဟုတ်တယ်၊ မိကျောင်းကိုက်ရင် ဒုက္ခပဲဆိုပြီး မိကျောင်းကိုက်မှာ
ကြောက်တာနဲ့ အဲဒီအစီအစဉ်ဖျက်လိုက်ရတယ်"

ကိုထွန်းဝင်း စကားဖြတ်ပြီး ကျွန်တော်တို့ မျက်နှာတွေကို
လှည့်ပတ်ကြည့်လိုက်သည်။

အားလုံးငြိမ်ပြီး နားထောင်နေကြ၍. . .

"ဟာ ရယ်ကြလေဗျာ ကျုပ်က ရယ်စရာပြောနေတာ သေ
သွားတာ မိကျောင်းတိုက်မှာကြောက်လို့ ပြန်လာတယ်ဆိုတော့ ရယ်
ရာကြီး ဖြစ်မနေဘူးလား. . လုပ်. . မြန်မြန်ရယ်ကြ"



ထိုအခါ ကိုမြင့်နိုင်ကစ၍ ရယ်ပါသည်။

"ဟဲဟဲဟဲဟဲဟဲ"

နောက်တော့ အောင်မျိုးဝင်း

"အဟီးဟီးဟီး"

ပြီးတော့ မိုးတိမ်သစ်မှစ၍ အားလုံးရယ်ပေးလိုက်ကြသည်။

"ဝါး ဟားဟားဟားဟား"

အရယ်ရပ်သွားတော့ ကိုထွန်းဝင်းက ဆက်ပြောသည်။

"အဲ့ဒါနဲ့ ညကျတော့ ကျုပ်စဉ်းစားပြန်တယ် ကိုယ့်ကိုယ်ကို ဆွဲကြိုးချပြီး သေလိုက်မယ်ပေါ့။ ဒါနဲ့ ကျုပ်လည်း မိန်းမနဲ့ သမီးလေး အိပ်တဲ့အချိန်ထိစောင့်တယ် အဲ့ဒီညကျမှဗျာ သင်းတို့သားအမိက ကျုပ်ကို ဝေယျာဝစ္စလုပ်ပေးဖို့ အလှည့်ကျထိုင်စောင့်သတဲ့ မိုးကို လင်းရော ဘာရမလဲ ကျုပ်ထွန်းဝင်းဆိုတဲ့ကောင်က လုပ်ချင်ရင် မရမကလုပ်တဲ့ကောင်လေဗျာ. . . သူတို့သားအမိ ဈေးလည်းသွား ရော ကျုပ်အစီအစဉ်စတာပေါ့၊ ဒါပေမယ့် လုပ်ရင်းကိုင်ရင်း ဘာတွေး မိလာလဲဆိုတော့ ငါသေတာက ဟုတ်ပြီ၊ ကျန်ခဲ့မှာက မိန်းမနဲ့ သမီး ငါ့သေပုံသေပန်းကြီး တန်းလန်းတွဲလောင်းကြီးဆိုတော့ ကြောက်ကုန် ကြမလား မကြောက်ဖူးပဲထား သူတို့သားအမိ စားဝတ်နေရေး. . ငါ မရှိရင် အဆင်မပြေဖြစ်ကြတော့မှာ ဒါဆို အိမ်ကိုရောင်းပြီး ရင်းနှီး ဘာသောက်ရမယ် မဟုတ်လား၊ ကဲ ရောင်းပါပြီတဲ့ ဘယ်သူဝယ်မလဲ ဒီအိမ်က ဆွဲကြိုးချသေထားတဲ့အိမ်ဆိုတာနဲ့တင် ပွဲကပျက်နေပြီ၊ ဒါဆို ငါ့မိန်းမနဲ့ သမီးတော့ ဒုက္ခရောက်ပြီဆိုပြီး ကျုပ် အဲ့ဒီအစီအစဉ်ကို သက်လျှော့လိုက်ရသဗျ. . ကဲ. . ရယ်ကြ"

ဒီတစ်ခါတော့ တိုင်ပင် ခေါ်မနေတော့ဘဲ ပြိုင်တူရယ်ပေး


www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"ဝါးဟားဟားဟားဟားဟား"

ရယ်သံဆုံးတော့ ဆက်ပြောပြန်လေသည်။

"နောက်ထပ် သေနည်းကတော့ မိုက်တယ်ဗျ. . . ကျုပ်လ
ထိပ်က လက်ဖက်ရည်ဆိုင်ကို ထွက်ထိုင်လိုက်တယ်။ အဲ့ဒီမှာက စ
ဖုံဘက်လာတဲ့ကားတွေရော ခရီးသည်တင်ကားကြီးကားငယ်အမျိုး
ပြေးလွှားနေတဲ့ သေမင်းဆိုတော့ တိုက်ခံလိုက်ရရင် ဂွတ်ပြီပေါ့. . .
ဒါနဲ့ပဲ ကျုပ်လည်း ကျဆိမ့်တစ်ခွက်မှာသောက်၊ ချောင်းတဟွတ်ဟွ
ဆိုးနေတဲ့ကြားက စီးကရက်လေးခဲပြီး ကြီးပေ့ဆိုတဲ့ကား၊ သံချော
တွေ ဒါမှမဟုတ် ပစ္စည်းအပြည့်အလေးကြီးတင်ပြီး တအိပ့်အိပ့် လာ
တဲ့. . ကားမျိုးကို ထိုင်စောင့်တာပေါ့ တစ်ခါတည်း ကိစ္စပြီးဖို့က ကြ
လေးမှ ဖြစ်မှာကိုး၊ အဲ့ဒီအချိန်မှာပဲ လမ်းတစ်ဖက်ကနေ ဆိုင်ဘက်
ခွေးတစ်ကောင်ဖြတ်ပြေးလာတယ်၊ အဲ့ဒီအချိန်မှာပဲ ဒိုင်နာကားတစ်
က ကုန်အပြည့်နဲ့ မောင်းလာတာနဲ့ကြုံပြီး အဲ့ဒီခွေးကို ကြိတ်ပစ်ပါ
ရောလား၊ ကျုပ်လည်း ဟာခနဲအော်ပြီး ထကြည့်မိတယ်ဗျ၊ ကား
တော့ ခွေးတစ်ကောင်ကြိတ်မိတာမို့လို့ အရှိန်လေးတောင် မလျှော့
ဆက်မောင်းသွားတယ်၊ ကားလမ်းပေါ်ကျန်ခဲ့တဲ့ ခွေးကတော့ မရှု
မမြင်ရက်စရာဗျို့. . . အူတွေကလည်းထွက်၊ မျက်လုံးကြီးကပြူး၊ ခန္ဓာ
ကိုယ်ကလည်းတစ်ပိုင်းစီနဲ့ သွေးတွေဆိုတာ အိုင်ထွန်းလို့၊ အင်း. . .
ငါဆိုရင်လည်း ဒီလိုပဲဖြစ်မှာပဲ၊ ငါက ကားကြီးကြီး မှန်းထားတာ
တော့ ဒီထက်တောင် ဆိုးဦးမယ်ဆိုပြီး အသာပြန်လစ်လာခဲ့တယ်"

"ဝါးဟားဟားဟားဟားဟား. . . အဟီးဟီးဟီး. ."

"နောက်ဆုံးတော့ မီးပျက်တဲ့ညမျိုးမှာ ဖယောင်းတိုင်ထွ





မသိမသာလေး ကိုယ့်ကိုယ်ကို မီးရှို့ပစ်လိုက်တာ အကောင်းဆုံး
ပြီး၊ ကျုပ်စီစဉ်တာပေါ့၊ အဲ့ဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် ညနေ
နာရီ လောက်ကတည်းက မီးပျက်တာ ည(၁၁)နာရီကျော်တဲ့အထိ
မလာဘူး၊ ဟိုသားအမိလည်း အိပ်ရေးတွေကပျက်၊ မီးကမှောင်
တော့၊ အိပ်ကုန်ပြီဗျ၊ ဟန်ကျပြီဆိုပြီး ကျုပ်ဖယောင်းတိုင်မီးကို လှမ်းယူ
ဖယောင်းစက် လက်ပေါ်ကျတော့ ပူလိုက်တာဗျာ၊ တစ်ကိုယ်လုံး
လောင်ရင် မစားသာဘူးပဲဆိုပြီး မီးမှုတ်အိပ်လိုက်ရတယ်"

"ဝါးဟားဟားဟားဟားဟား"

"အဲ့ဒီနောက်တော့ ကျုပ်လည်း လမ်းလျှောက်ရတာ မော
တယ်. . . သေနည်းကလည်း လိုချင်ရင် ရှားတယ် အစားအစာနဲ့
သေနည်း၊ လက်ကောက်ဝတ်က သွေးထုတ်တဲ့သေနည်း၊ တရုတ်ကား
ကလို လျှာကိုက်ဖြတ်တဲ့သေနည်းတွေ အမျိုးမျိုးစဉ်းစားပြီး လုပ်
ည့်ဖို့ ချိန်ဆကြည့်ပါတယ်၊ ထင်သလောက် မလွယ်ဘူးဗျို့ သေဖို့က
ကယ်ခက်တဲ့အလုပ်ဆိုတာ ကျုပ်အခုပဲ သဘောပေါက်တော့
ယ်"

ကျွန်တော်တို့ မရယ်ဖြစ်ကြတော့ပေ။ ကိုထွန်းဝင်း သူခံစား
ရသော ဝေဒနာအတွက် ဤမျှမိုက်မဲသောအလုပ်ကို ရွေးချယ်နေ
က ဝေဒနာ၏နှိပ်စက်ကလူပြုမှုက မည်မျှပြင်းထန်သည်ကို ကျွန်
တို့ တွက်ဆ၍ရကာ ကရုဏာစိတ်၊ သနားစိတ်တို့ ကိုယ်စီဖြစ်
ကာ မရယ်ရတော့ပါချေ။ ရယ်တုန်းကလည်း လူနာစိတ်ချမ်းသာ
အောင် ဟန်ဆောင်ရယ်ပေးကြခြင်းသာ၊ ယခုမူ ဟန်ဆောင်ပန်
ဆောင်လေးတောင် မရယ်ရက်တော့ပါ။

ထို့နောက် ကိုမြင့်နိုင်က စိတ်အပြောင်းအလဲဖြစ်အောင် ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုဟန်နှင့်. . .

"ကိုထွန်းဝင်း သေတာကဟုတ်ပြီ အောင်မော်တို့မင်းလူ တို့က သူတို့ဒီဇိုင်းအတွက် ကိုထွန်းဝင်း ခဲအောက်လိုင်းကိုမှ လို ပါတယ်ဆို ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်ကွာ သေရွာ လိုက်အပ်ကြပေါ့. . . ဖောင် ကတော့ မလျော့ဘူး၊ ညှင်း. . ညှင်း. . ညှင်း"

ဟိုတုန်းကဆို 'ဟားဟားဟား'ဟု ရယ်ပါသည်။

ခုတော့ 'ညှင်းညှင်းညှင်း'သာ ကျန်တော့သည်။

သို့နှင့် ကိုမြင့်နိုင်က. . .

"ကဲ ဘယ်လိုလဲ ကိုမင်းလူ လိုက်အပ်မလား"

"အပ်လဲပြဿနာမရှိဘူး ကျွန်တော်က ခဲအပ်ရင် ချစ်တီးကို လွှတ်ပြီး အပ်ခိုင်းတာ"

ကိုချစ်တီး ကျောချမ်းသွား၍ ဝိုင်းကာရယ်ကြသည်။

ထိုနေ့က ကျွန်တော်တို့အားလုံး ည(၈)နာရီလောက်မှ ပြန် မည်ဟု တိုင်ပင်ထားသော်လည်း ညနေစောင်းကတည်းက ကိုထွန်း ဝင်း အခြေအနေမကောင်းတော့၍ မပြန်ဖြစ်ကြ။

အရေးပေါ်ကုသမှုအတွက် ဆရာဝန်ပင့်၊ ဘေးကနေ အား ပေးနှင့် ည(၁)နာရီကျော်ချိန်မှာ အမောဖောက်တော့သည်။ မောနေ သည့်ကြားက. . .

"ရယ်စရာမကျန်တော့ဘူးလား. . ပြောကြပါဦး. . "

ဟု ပြောနေ၍ ကျွန်တော်တို့ စိတ်မကောင်းကြ။

မျက်ရည်လွယ်သော မိုးအိမ်သစ်က လူကြားထဲ ငိုရမှာရှက်၍ အိမ်သာထဲဝင်ထိုင်ကာ ငိုလေသည်။





သူငိုနေတုန်း အိမ်သာတံခါးလာခေါက်၍ သူလည်း အငိုရပ် ကာ ချက်ချင်းတံခါးဖွင့်ထွက်လိုက်သည်။ အပြင်မှာ ဘယ်သူမှ နေ၍ သူပြန်ဝင်လိုက်ကာ ပြန်ငိုသည်။ ထိုအခါ အပြင်ကနေ အိအိနှင့်ငိုသံကြား၍ ဘယ်သူများလည်းဟု တံခါးလေး အသာဟ ည့်သည်။ ဘယ်သူမှမရှိ။

သို့နှင့် သူလည်း ကြောင်တောင်ကြားတားဖြစ်လာပြီး မျက် ည်တွေနှပ်ချေးတွေသုတ်ကာ ထွက်လိုက်သည်။ သူထွက်လာပြီး သည်နှင့် အိမ်သာတံခါးက သူ့အလိုလိုချက်ချင်းပြန်ပိတ်သွားသည်။ ီးတော့ အိမ်သာထဲမှာ ငိုသံကြားရ၏။ မိုးအိမ်သစ် တစ်ယောက် မ်နောက်ဖေးနေရာမှ အိမ်ရှေ့ဧည့်ခန်းဆီ ခြေတစ်လှမ်းတည်းနှင့် ရောက်လာခဲ့သည်။

ကိုထွန်းဝင်းကား မောနေဆဲ။ သူထွက်စေချင်သော အသက် ပင်ပန်းကြီးစွာ ဆွဲထုတ်နေရဆဲ။ သေခြင်းတရားအား ရယ်မော င်းနဲ့ ရင်ဆိုင်မယ်ဆိုသော ဆန္ဒအတိုင်း တစ်ချက်တစ်ချက် သတိ ည်လာလျှင် ရယ်စရာကို အမူအရာနှင့်ပြောခိုင်းနေဆဲပင်၊ ကျွန် တော် တို့မပြောနိုင်တော့ပါ။ ဝမ်းနည်းကြေကွဲစွာနှင့်သူ၏ နောက်ဆုံး ချိန်ကို စောင့်ကြည့်နေကြရသည်။ ကိုထွန်းဝင်း၏ ပင်ပန်းမှုအား ကြည့်ရက်မမြင်ရက်နိုင်စွာ ကြည့်မြင်နေကြရယုံမှတစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



## (၆း)

ထိုနေ့မနက် လင်းအားကြီးချိန် ကိုထွန်းဝင်း ကျွန်တော်တို့ကို နှုတ်မဆက်နိုင်ဘဲ ထွက်ခွာသွားခဲ့သည်။ တနည်း. . မြန်မြန်သေချင်ပြီဆိုသော သူ၏ဆန္ဒပြည့်ဝသွားခဲ့သည်။

ကျွန်တော်တို့အပေါ် အနုပညာသံယောဇဉ်ကြီးစွာ ချစ်ခင်သွားခဲ့သော အစ်ကိုတစ်ယောက်ကို ထာဝရ ဆုံးရှုံးလိုက်ရလေ၏။

သို့နှင့် နာရေးကိစ္စအတွက် ကျွန်တော်တို့အားလုံး ဆက်လက်ကာ စီစဉ်ကြသည်။ ကူငွေ ကိစ္စအား ကျွန်တော်တို့အားလုံး စုပေါင်းကာ ထိုက်သင့်သလောက် စုဆောင်းကူညီကြပြီး တကယ်အလုံးအရင်းနှင့် ကုန်ကျရမည့်ငွေအား ကိုထွန်းဝင်း၏ ညီအစ်ကိုတော်





တစ်ယောက်မှာ တာဝန်ယူကျခံပါသည်။ သို့သော်လည်း လုပ်အားအကူကိုတော့ အပြည့်အဝ ကူကြသည်။ နာရေးဖြစ်သည့်ရက် (၇)ရက်လုံးလုံး ကျွန်တော်တို့သူငယ်ချင်းတွေ မပြန်ကြပါ။ ရက်လည်နေ့ ကျွေးမွေးဧည့်ခံရေး၊ ကနားဖျင်းထိုးတာတွေ ဖျက်သိမ်းရေးကအစ အားလုံးပြီးစီးအောင် လုပ်ကိုင်ပေးပြီးတာတောင် မပြန်ကြ။ အိမ်ပေါ်မှာလည်း နောက်ဆုံးရက် ကစားဝိုင်းနှစ်ဝိုင်း ရှိနေသေးသဖြင့်. . သားအမိနှစ်ယောက်ကို ဒီတစ်ည စောင့်ရှောက်ရန် တာဝန်ကရှိနေပါသေးသည်။

ထို့အပြင် မပြန်ဖြစ်ရသော အခြားအကြောင်း အချက်တစ်ချပ်က ရှိနေပြန်ပါသည်။ တစ်ခြားမဟုတ် အောင်မျိုးဝင်းက. . .

"လူဟာ သေပြီးရင် ဝိညာဉ်က (၇)ရက်ပြည့်မှ အိမ်ကနေ နောက်ပြန်ဆင်းတယ်ကွ. . ."

ဟူသော စကားကို ကျွန်တော်တို့အဖွဲ့တွေ လက်ခံသူနဲ့ ငြင်းသူဆိုပြီး နှစ်ဖွဲ့ကွဲသွားသည်။ လက်မခံသော ဘက်မှာ ကျွန်တော်နှင့် ကိုစိုးနှင်းဦးသာရှိပြီး ကျန်သူအားလုံးလက်ခံကြပါသည်။ ထို့ကြောင့် ကိုထွန်းဝင်းဆင်းလာသည့် အချိန်ကို စောင့်ကြည့်ကြရန် သဘောတူပြီး အိမ်ရှေ့တည့်တည့်မှာ တန်းလျားခုံကြီးခင်းကာ ထိုင်ပါသည်။

ကိုမြင့်နိုင်က ဝိညာဉ်ကို မျက်စိနှင့်မမြင်ရလျှင်လည်း ဆင်းသွားတယ်ဆိုတာ သိရအောင် ဆန်ကောထဲမှာ ပြာနုနုကို ညီနေအောင်ခင်းထား၍ နောက်ဆုံးလှေခါးထစ်အောက်မှာ ချထားသည်။

ညဦးပိုင်းကတည်းက ကျွန်တော်တို့အားလုံး တန်းလျားခုံမှာထိုင်ပြီး ငြင်းကြခုံကြသည်။

"ခင်ဗျားတို့ ငြင်းတာ ခဏထားဦး. . . သရဲရှိတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ခံလိုက်ဗျာ၊ အတည်ပြောတာ"

မိုးအိမ်သစ်က ထိုသို့အစချီကာ ကိုထွန်းဝင်းမဆုံးသေးခင်ညက အိမ်သာမှာ သူကြုံကြိုက်လိုက်ရသည့် ကိုယ်တွေ့တစ္ဆေခြောက်ခန်းအား ပြန်ကာပြောပြသည်။ ကျွန်တော်တို့လည်း ထိုအခါမှပင် မိုးအိမ်သစ် တစ္ဆေအခြောက်ခံရမှုန်း သိလေသည်။

ထို့နောက် ကျွန်တော်က. . .

"ရှိတယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်၊ ဘုရားဟောကျမ်းဂန်တွေထဲမှာလည်း အတိအကျဖော်ပြထားတယ်၊ ဒါပေမယ့် လူဟာသေပြီးရင် ဝိညာဉ်က (၇)ရက်ပြည့်မှ အိမ်ကနေထွက်တယ်ဆိုတာ တော့ ချဲ့လွန်းထွင်လွန်းရာ ကျမနေဘူးလား. . ."

"အာ. . ဒါတော့ မောင်ရင် အရမ်းမပြောနဲ့ကွ ငါ့ဦးလေး ဆုံးတုန်းက ငါလည်း ကြုံဘူးတယ် ဦးလေးက ကြက်သွန်ဖြူ တစ်အားစားတာ ထမင်းစားလို့မဟုတ်ဘဲ အိမ်မှာနေရင်း ပျင်းရင်တောင် ကြက်သွန်ဖြူအပျင်းပြေဝါးစားတဲ့လူ၊ အိမ်မှာသူရှိမရှိက ကြက်သွန်ဖြူနံ့ ခံကြည့်ရုံနဲ့ သိတယ်။ သူဆုံးတော့ အိမ်မှာ ခုနစ်ရက်လုံးလုံး ကြက်သွန်ဖြူနံ့က မွှန်နေတာ (၇)ရက်ပြည့်မှပဲ အဲ့ဒီအနံ့ ပြယ်သွားတာကွ"

ထိုအခါ အောင်မျိုးဝင်းက. . .

"ကျွန်တော်ကြုံဖူးတာတော့ အဲ့သလို မဟုတ်ဘူး"

"အင်းပြောပါဦး"

"သေတာက စင်ကာပူမှာ ရက်လည်က ရန်ကုန်မှာလုပ်တယ် (၇)ရက်လုံးလုံး ဘာသံမှမကြားဘဲ (၈)ရက်မြောက်နေ့ကျမှ အိမ်မှာ ရေမွှေးနံ့တွေ ထောင်းထောင်းထနေတယ်ဗျ၊ အဲ့ဒီလူက ရေမွှေး အရမ်းသုံးတာ"





"သြော် ငါသဘောပေါက်ပြီး ဝယ်သာမဖိုင်းလို့ လေယာဉ်နောက်ကျပြီး ရက်လည်မမီတာဖြစ်မယ်ကွ"

"ဝိညာဉ်က လေယာဉ်စီးလို့ရပါမလား"

"ဟ. . ဘာလို့မရရမှာလဲ"

သူတို့ အချင်းချင်းငြင်းခုန်နေကြခိုက် ကျွန်တော်က ကိုမြင့်နိုင်ချထားသော ပြာဇန်းကို သွားကာ ငုံ့ကြည့်သည်။

ပြီးမှ ပြန်လာပြီး. . .

"ဒီဇန်းချထားတော့ ဘယ်လိုထူးခြားမှာလဲ ကိုမြင့်နိုင်"

"ဟာ ထူးပြီလားကွ ကိုထွန်းဝင်းက နောက်ပြန်ဆင်းမှာဆိုတော့ ပြာဇန်းထဲမှာ ခြေရာကျန်ခဲ့မှာလေကွာ၊ ဒါက ရှေးရိုးရာပဲ ဒီလိုပဲ စမ်းသပ်ကြည့်ရတာ"

"ခင်ဗျားမြင်ဘူးလား. . ခြေရာကျန်ခဲ့တာမျိုးလေ"

"အင်း. . . အေး. . အဲ. . ငါလည်း ကြားဖူးနေတာကြာပြီ ဒါပေမယ့် ခုမှပဲ လက်တွေ့လုပ်ကြည့်ရမှာလေ"

ကျွန်တော်နှင့် ကိုစိုးနှင်းဦးတို့ ပြုံးကြသဖြင့်. . .

"ဘာလဲ မယုံဘူးပေါ့ အေးပါ ကြည့်လိုက် မင်းမြင်တယ်နော်၊ ပြာဇန်းကို ညီပြီး ပြန့်နေအောင် ခင်းထားကာ အဲ့ဒီအပေါ်မှာ ခြေရာမြင်ရင် ယုံလိုက်တော့ကွယ်"

"ဟုတ်ပြီလေ ဘယ်ချိန်ပေါ်မှာလဲ"

"ဒါတော့ ဘယ်သိမလဲကွ ၁၂ နာရီကျော်အောင်တော့ သူဘယ်နေလို့ရမလဲ"

"မင်း ဒါတော့သွားမကန့်သတ်နဲ့ကွ ဒါသူ့အိမ်ပဲ သူဆင်းချင်တဲ့ အချိန်ဆင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွ အိမ်တွင်းနတ်က မောင်းချမှာ"

"ဟေ့လူ. . . အရမ်းလျှောက်မပြောနဲ့ ကျန်ခဲ့တာ ချောချောလေး အဲ့သလို ဖွတ်ကြီးမောင်းချရင် အိမ်တွင်းကို ဘာ ကြမလဲ"

"ပြောစရာလားကွ လူနဲ့နတ်ပဲ"

"နတ်နဲ့ လက်ထပ်တဲ့လူတွေကရော"

"ဒါက ဒါက သူ့အကန့်နဲ့သူလေ"

သူတို့အချင်းချင်း ဂျာအေးသူ့အမေရိုက်ကုန်ကြ၍ ကျွန် ရယ်ရင်း ပြာဗန်းရှိရာဘက် အမှတ်တမဲ့ လှမ်းအကြည့် ပြာ အလယ်ခေါင်လောက်မှာ ပြာပုံလေး မို့မို့မောက်မောက်လှမ်းမြင် ရ၍. . .

"ဟာ. . . ဆင်းပြီနဲ့တူတယ်ဗျ"

"ဟေ"

ကျွန်တော့်စကားကြောင့် အားလုံးပြူးခနဲငြိမ်ကာ ပြာဗန်း ပြုံးခနဲ ရောက်ရှိသွားကြသည်။

"ဟာ. . . ဟုတ်တယ်ကွ ဒါခြေရာပဲ"

မိုးအိမ်သစ် ကြုံးအော်ပြီး သေချာငုံ့ကြည့်သည်။ ကိုမြင့်နိုင် ပြာဗန်းကို ယူကာကြည့်လိုက်သည်။ ခပ်မို့မို့အပုံကလေး အစင်းအစင်းများရှိနေပြီး ပြာဗန်းပေါ်မှာလည်း အကွက်အ ကလေးတွေ ပွနေ၍ အောင်မျိုးဝင်းက. . .

"မြင့်နိုင်ရေ ကိုထွန်းဝင်းက ဖိနပ်ကို နံပါတ်ရှစ်လော စီးတာနော် အခုခြေရာက အကြီးကြီးကွ ဘယ်ဟာဖနောင့်၊ ဘယ် ခြေဖျားတောင် ခွဲမရတော့ဘူးဖြစ်နေပြီ"





ထိုစဉ် အောင်မော်က တွေးတွေးဆဆ အသံနှင့်. .

"ငါ့အထင်တော့ ဒီပြာပုံလေးက ခြေမနဲ့ခြေညှိုးကြားနေရာ နိုင်တယ်။ ရွှံ့ထဲနင်းလိုက်ရင် ခြေမနဲ့ခြေညှိုးကြားမှာ ရွှံ့ပုံလေးပုံ ပြီး ကျန်ခဲ့သလိုပေါ့။

ကိုမြင့်နိုင် အာလုပ်သံကြီးနှင့်ထောက်ခံပြီး ပြာပုံလေးအား နှင့်ဖိသပ်ကြည့်လိုက်စဉ် လက်က အိပျော့ဝင်သွားပြီး ပြန်ကြည့် လက်မှာ ဝါဝါပျစ်ပျစ်တွေ ကပ်ပါလာ၍ အသာနမ်းရှုံ့ကြည့် ၏။

"အား"

"ဘာလဲဟ"

"ကြောင်ချီးတွေ"



www.burmeseclassic.com

www.burmeseclassic.com

# (ကြောက်)

ထိုနေ့ညက မိုးစင်စင်သာ လင်းသွားသော်လည်း သူတို့ပြောသော ဝိညာဉ်ခြေရာ မတွေ့ရပါ။ ကိုထွန်းဝင်းအိမ်မှာ မွေးထားသော ကြောင်တွေကသာ ချေးဆင်းပါနေသဖြင့် ကြောင်ချေးပုံ သုံးလေးပုံလောက် ကျုံးလိုက်ရတာပဲ အဖက်တင်ပါသည်။

သို့တိုင် အရှုံးပေးလိုစိတ်မရှိသေးသော ကိုမြင့်နိုင်တို့အဖွဲ့က အပြန်လက်ဖက်ရည်ဆိုင်သို့ ရောက်သည်အထိ ငြင်းခုံလာကြသည်။

“လူသေတိုင်းသာ သရဲဖြစ်၊ ဝိညာဉ်တွေဖြစ်နေရင် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ နေ့စဉ်သေနှုန်းအတိုင်းဆို ကျွန်တော်တို့ အသက်ရှုရင် သတိထားရတော့မယ်ဗျ”

“ဘာဖြစ်လို့လဲ”





“လေထဲမှာ ဝိညာဉ်တွေ ဒီလောက်ကြပ်ပိတ်နေတာ အသက်ရှူရင် ဝိညာဉ်တွေပါလာနိုင်တယ်လေ”

“လေစစ်ဇကာ တပ်သင့်တယ်”

ကိုစိုးနှင်းဦးကပါ ဝင်မ ပေး၍ မြင့်နိုင်နှာမှုတ်သံနှင့်. . .

“ဘာပဲပြောပြော ကျုပ်ကတော့ယုံတယ်”

“မယုံဘူး မယုံနဲ့လို့မပြောပါဘူး ဒါပေမယ့် ချင့်ချိန်ပြီး ယုံသင့်တယ်လို့တော့ပြောချင်တယ်၊ သေခြင်းတရားကိုတစ်နေ့ လူတိုင်း သတ္တဝါတိုင်း ကြုံကြမှာချည်းပဲ၊ သေရင် သရဲဖြစ်မယ်၊ တစ္ဆေဖြစ်နိုင်တယ်ဆိုတာကို ငြင်းခုံနေမယ့်အစား ကိုယ်သေရင် ဘာဖြစ်မလဲ၊ အခု ကိုထွန်းဝင်းသွားပြီဗျာ သူဘာဖြစ်နိုင်သလဲ”

“ဒါတော့ ဘယ်သိမလဲကွ”

“ဟုတ်တယ် ကျွန်တော်လည်းမသိဘူး ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်ဆိုတာတော့ သေချာတယ်၊ ကျွန်တော်က လူတစ်ယောက်ကို ဆဲမယ် ရန်ပြုမယ် အဲ့ဒါဆို အဲ့ဒီလူကလည်း တုံ့ပြန်မှာပဲ တစ်ခုခုပေါ့ အဲသလိုပါ. . .

ဆိုတော့ကာ အဲ့ဒါကြီးက တွေးရတွက်ရတာ ဝေးတယ်ဗျာ၊ လောလောဆယ် အနီးဆုံးက သေခြင်းကိစ္စပဲ၊ ကိုထွန်းဝင်းက သေခြင်းတရားကို ရယ်မောခြင်းနဲ့ရင်ဆိုင်သွားတယ်၊ ဒါပေမယ့် တကယ်သေအံ့မူးမူးဖြစ်လာတဲ့အချိန်မှာ ကိုထွန်းဝင်း မရယ်နိုင်တော့ဘူး။ သေရမယ့်ဝေဒနာ အဆိုးဆုံးနဲ့အမြင့်ဆုံး အရှိန်တင်ပြီး နိုပ်စက်သွားတာ ခင်ဗျားတို့အမြင်ပဲမဟုတ်လား၊

ကျွန်တော်တို့အလှည့်ရောက်လာတော့မယ် ဘယ်လို ရင်ဆိုင်မလဲ. . . ဆရာတော်ကြီးတွေကတော့ ဆုံးမတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



သေဖို့က တစ်သက်လုံး ကျင့်ရတယ်တဲ့. . ."


အဲ့ဒီနောက်တော့ လက်ဖက်ရည်ဆိုင်ထိုင် လက်ဖက်ရည်သောက်ကြပြီးသည်အထိ အားလုံးကိုယ်အတွေးနှင့်ကိုယ် ဆိတ်ငြိမ်စွာ လမ်းခွဲလိုက်ကြသည်။


ကျွန်တော်နှင့်အပြန်ခရီးတူသော ကိုစိုးနှင်းဦးက ကားမှတ်တိုင်ရောက်မှမေးပါသည်။

"တကယ်လို့များ ဒီနေ့မင်းသေရတော့မယ်ဆို မင်းဘာလုပ်မလဲ"

ကျွန်တော်လန့်ပြီးကြည့်၍ ကိုစိုးနှင်းဦး ရယ်မောလျက်. . .

"ကြောက်တတ်ရင် မသေနဲ့ဦးကွာ သတ္တိရှိလာမှပဲသေပါ. . ဘာကြောင့်လဲဆိုတော့ ကိုယ့်လက်ကို ပေတုံးပေါ်တင်ပြီးထုရင် ဘယ်လောက်နာမလဲ. . . အဲ့ဒီနာကျင်မှုရဲ့ အဆတစ်သန်းဟာ သေခြင်းရဲ့ ဝေဒနာပဲကွ"






BURMESE CLASSIC .com
www.burmeseclassic.com